# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၅ ခုနှစ် ၊ ပြာသိုလဆန်း (၁၀) ရက် ၊ စနေနေ့ ၊ (20-1-2024) ၊ အတွဲ (၃၂) ၊ အမှတ် (၂၆၅)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝ ရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်နှင့် ပြည်သူများ၏ ရေရှည်အကျိုးစီးပွားနှင့် အဖွဲ့၏လုပ်ငန်းတာဝန်များ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ရေအားအရင်းအမြစ်ရူးစမ်းလေ့လာရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရေအားအရင်းအမြစ်ရှုစမ်းလေ့လာရေးအဖွဲ့၏ (၁/၂၀၂၄) ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၉**

ရေအားအရင်းအမြစ် ထူးစမ်းလေ့လာရေးအဖွဲ့၏လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရေအားအရင်းအမြစ်စူးစမ်းလေ့လာရေးအဖွဲ့၏ (၁/၂၀၂၄)ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉နာရီခွဲတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ရေအားအရင်းအမြစ်စူးစမ်းလေ့လာရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး တက်ရောက်အမှာစကားပြောကြားသည်။

ညှိနှိုင်းအစည်းအဝေးသို့ အဖွဲ့ဝင်များဖြစ်ကြသည့် စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဝန်ကြီးဌာနအသီးသီးမှ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသည် အာဆီယံဒေသတွင်း အခြားနိုင်ငံများထက် ရေအရင်းအမြစ်ပေါကြွယ်ဝသော်လည်း နိုင်ငံ၏ ပထဝီဝင်အနေအထားနှင့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် ရေနှင့်ပတ်သက်သည့်အခက်အခဲပြဿနာများ နှစ်စဉ်ကြုံတွေ့နေရသဖြင့် ရေကဏ္ဍစီမံခန့်ခွဲမှုများသည် အရေးပါလျက်ရှိကြောင်း၊

စာမျက်နှာ ၁၆ ကော်လံ ၁ သို့

**ထူးခြားသည့် ညအပူချိန်များ**

၁၉-၁-၂၀၂၄

| | | |
|---|---|---|
| ဟားခါး | ၂ | ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုး | ၃ | ဒီဂရီစင်တီဂရိတ် |
| ပင်လောင်း | ၄ | ဒီဂရီစင်တီဂရိတ် |
| ပူတာအို | ၅ | ဒီဂရီစင်တီဂရိတ် |
| ကျောက်မဲ | ၅ | ဒီဂရီစင်တီဂရိတ် |
| ပြင်ဦးလွင် | ၅ | ဒီဂရီစင်တီဂရိတ် |

**မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီ၏ ခြောက်ထပ်ရုံး အဆောက်အအုံသစ်နှင့် ဗဟိုသားဖွားသင်တန်းကျောင်း (ရန်ကုန်) RC ငါးထပ် အုပ်ချုပ်ရေးနှင့် စာသင်ဆောင်သစ် ဖွင့်ပွဲအခမ်းအနားများ ကျင်းပ**

စာမျက်နှာ - ၁၇

**မန္တလေးတိုင်းဒေသကြီးနယ်မြေ မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်း ဆက်လက်ဆောင်ရွက်**

စာမျက်နှာ - ၂၀




ရတနာပုံ
၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၀ ရက်
အယ်ဒီတာ့အာဘော်

# ပြည်သူ့ကျန်းမာရေးအတွက် အားထားဖွယ်ရာညီလာခံ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လူမှုရေးဦးတည်ချက်တွင် တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေးဟူသောအချက်ကို ပြဋ္ဌာန်းထားရှိသည်နှင့်အညီ ကျန်းမာရေးဆိုင်ရာ အသိပညာများ တိုးတက်လာပြီး ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်း မြင့်မားလာစေရန် စသည့်ရည်ရွယ်ချက်ဖြင့် (၅၂)ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံကို လာမည့် ဇန်နဝါရီ ၂၂ ရက်မှ ၂၆ ရက်ထိ ရန်ကုန်မြို့တွင် ကျင်းပသွားမည်ဖြစ်ပါသည်။

ယခုနှစ် (၅၂)ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ၏ အဓိကသုတေသနဦးတည်ချက်ခေါင်းစဉ်ကို "ခိုင်မာပြီး သုတေသနကျင့်ဝတ်နှင့်ပြည့်စုံသော သုတေသနကောင်းများကို တိုးမြှင့်ဆောင်ရွက်ကြပါစို့"ဟု သတ်မှတ်ထားရှိပါသည်။ ကျန်းမာရေးပညာရှင်များ၊ ကျန်းမာရေးဝန်ထမ်းများကြားတွင် သုတေသနယဉ်ကျေးမှု ပိုမိုပျံ့နှံ့ပွားများလာသည်နှင့်အမျှ မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ မြင့်မားရေးကိုလည်း ယခုလို ညီလာခံကျင်းပခြင်းဖြင့် များစွာအထောက်အကူပြုမည်ဖြစ်ပါသည်။

ယခုနှစ် ညီလာခံကျင်းပရာရက်များအတွင်း နိုင်ငံတကာနှင့် ပြည်တွင်းမှ သုတေသနပညာရှင်များ ပါဝင်ဆွေးနွေးကြမည့် ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲများပါ ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။ ညီလာခံဖွင့်ပွဲရက်တွင် ဆေးယဉ်ပါးတီဘီရောဂါအတွက် သုတေသနတွေ့ရှိချက်များကို မြန်မာနှင့် တောင်ကိုရီးယားတို့မှ သုတေသနပညာရှင်များ ဆွေးနွေးကြမည်ဖြစ်သည်။ ဒုတိယရက်တွင် ကမ္ဘာ့တစ်ဝန်းအဖြစ်များသော ရောဂါများဖြစ်သည့် သွေးတိုး၊ ဆီးချို၊ အဝလွန်ရောဂါများ၊ ကင်ဆာရောဂါနှင့်သက်ဆိုင်သည်များကို ပြည်တွင်း၊ ပြည်ပ ပညာရှင်များ ပါဝင်ဆွေးနွေးကြမည်ဖြစ်ပါသည်။

ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲများအဖြစ် ညီလာခံစတုတ္ထမြောက်ရက်တွင် ဆေးနှင့် ဆေးနှီးနွှယ်တက္ကသိုလ်၊ ကျောင်းများတွင် အရည်အသွေးအာမခံမှုစနစ်တိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ကျွမ်းကျင်ပညာရှင်များက ဆွေးနွေးသွားကြမည်ဖြစ်သည်။ ညီလာခံနောက်ဆုံးရက်တွင် ယခုနှစ်၏ အဓိကသုတေသနဦးတည်ချက်ခေါင်းစဉ်ကိုပင် ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲတစ်ခုအဖြစ် ဆွေးနွေးဖလှယ်ကြမည်ဖြစ်ပါသည်။ ထို့ကြောင့် ပြည်တွင်း၊ ပြည်ပမှ ကျန်းမာရေးဆိုင်ရာ ပညာရှင်များ၊ သုတေသီများ၊ သက်ဆိုင်သူများအားလုံး ပညာရပ်ဆိုင်ရာများကို မျှဝေဆွေးနွေးနိုင်သည့် အခွင့်အရေးကောင်းများ ရရှိကြမည်ဖြစ်ပါသည်။ ထိုသို့သော ကောင်းမွန်သည့် အကျိုးရလဒ်များမှ အနာဂတ်တွင် ပြည်သူ့အကျိုး၊ နိုင်ငံ၏ကျန်းမာရေးစောင့်ရှောက်မှု မြင့်မားလာရေးအကျိုးကျေးဇူးများကို ရရှိလာမည်ဖြစ်ပါသည်။

မကြာခင်ကျင်းပတော့မည့် (၅၂)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံတွင် တင်ပြကြမည့်သုတေသနစာတမ်းများ၊ သုတေသနပိုစတာများ၊ ပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ဆွေးနွေးပွဲများမှ သုတေသနရလဒ်ကောင်းများ ထွက်ပေါ်လာတော့မည်ဖြစ်ပါသည်။ ကျန်းမာရေးကဏ္ဍမှ တာဝန်ထမ်းဆောင်သူများ၌ ကျန်းမာရေးဆိုင်ရာ အသိပညာများ တိုးတက်လာမည့်အပြင် နိုင်ငံသားတို့အသက်ရှည်ရာ အနာမဲ့ကြောင်း နည်းလမ်းကောင်းများကိုလည်း ဆေးသုတေသနတွေ့ရှိချက်များမှ ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်တော့မည်ဖြစ်ပါသည်။ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်မည့် ဆေးသုတေသနရလဒ်ကောင်းများကို စွမ်းစွမ်းတမံ အကောင်အထည်ဖော်နိုင်တော့မည့် (၅၂)ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံသည် ပြည်သူ့ကျန်းမာရေးအတွက် အားထားဖွယ်ရာညီလာခံဖြစ်ပါကြောင်း ကြိုဆိုဂုဏ်ပြုရေးသားလိုက်ရပါသည်။

# မန္တလေးတိုင်းဒေသကြီးအတွင်း အသေးစားစီးပွားရေးလုပ်ငန်း ၄၇၄ ခုကို တရားဝင်လုပ်ငန်းမှတ်ပုံတင်များ ခွင့်ပြုထုတ်ပေးထား



**မန္တလေး ဇန်နဝါရီ ၁၉**

ယခုဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တစ်နိုင်တစ်ပိုင်အသေးစားစီးပွားရေးလုပ်ငန်း ၄၇၄ ခုကို တရားဝင်လုပ်ငန်းမှတ်ပုံတင် ခွင့်ပြုထုတ်ပေးထားကြောင်း မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်က ပြောပြ၍ သိရသည်။

အဆိုပါ တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများဖြစ်သော အသေးစားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လုပ်ငန်းရှင်များ ထုတ်လုပ်သည့် ကုန်ပစ္စည်းများအလိုက် တရားဝင်လုပ်ငန်းမှတ်ပုံတင်များ ခွင့်ပြုထုတ်ပေးထားကြောင်း၊ ယခုဘဏ္ဍာနှစ်အတွင်း တရားဝင်လုပ်ငန်းမှတ်ပုံတင်ခွင့်ပြုထုတ်ပေးထားသည့် အသေးစားစီးပွားရေးလုပ်ငန်းများမှာ စားသောက်ရေးဆိုင်ရာလုပ်ငန်း ၂၃၇ ခု၊ ဝတ်ဆင်ရေးဆိုင်ရာလုပ်ငန်း ရှစ်ခု၊ နေထိုင်ရေးဆိုင်ရာလုပ်ငန်း ၁၀ ခု၊ လူသုံးကုန်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း ၄၄ ခု၊ အိမ်သုံးပစ္စည်းလုပ်ငန်း နှစ်ခု၊ ကုန်ကြမ်းပစ္စည်းဆိုင်ရာလုပ်ငန်း ကိုးခု၊ စိုက်ပျိုးရေးပစ္စည်းဆိုင်ရာလုပ်ငန်း ၁၁ ခု၊ ဓာတ်သတ္တုပစ္စည်းလုပ်ငန်း ခြောက်ခု၊ သယ်ယူပို့ဆောင်ရေးယာဉ်များ ထုတ်လုပ်ရေးလုပ်ငန်း ၁၇ ခု၊ လျှပ်စစ်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်း ၁၁ ခု၊ စက်ပစ္စည်းကိရိယာထုတ်လုပ်ရေးလုပ်ငန်း ၁၀ ခု၊ အထွေထွေအသေးစားစက်မှုလုပ်ငန်း ၁၀၉ ခု စုစုပေါင်းလုပ်ငန်း ၄၇၄ ခုဖြစ်ကြောင်း သိရသည်။

"အခုဘဏ္ဍာနှစ်အတွင်းမှာ လုပ်ငန်းရှင်တွေအတွက် လုပ်ငန်းမှတ်ပုံတင်ကို ၄၄၅ ခုလျာထားပြီးတော့ ထုတ်ပေးနေတာပါ။ ကနေ့ထိ တစ်နိုင်တစ်ပိုင်လုပ်ငန်းတွေအတွက် လုပ်ငန်းမှတ်ပုံတင် ၄၇၄ ခုကို ခွင့်ပြုထုတ်ပေးပြီးသွားပါပြီ။ လျာထားချက် ပြည့်မီကျော်လွန်အောင် ထုတ်ပေးနိုင်ခဲ့ပါတယ်။ ဆက်လက်ပြီးတော့လဲ လုပ်ငန်းမှတ်ပုံတင်တွေ ထုတ်ပေးနေပါတယ်။ တိုင်းဒေသကြီးအတွင်း မြို့နယ်၊ ကျေးရွာအလိုက် တစ်နိုင်တစ်ပိုင်စီးပွားလုပ်ငန်းတွေကို လုပ်ကိုင်နေကြတဲ့ လုပ်ငန်းရှင်တွေ တရားဝင်ထုတ်ကုန်တွေ ထုတ်လုပ်ရောင်းချနိုင်အောင် လုပ်ငန်းမှတ်ပုံတင်တွေ ခွင့်ပြုထုတ်ပေးနေတာပါ"ဟု ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်က ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၅)

# တစ်ပတ်အတွင်း မန္တလေး မြေဈေးကွက်

**မန္တလေး ဇန်နဝါရီ ၁၉**

မန္တလေး အိမ်ခြံမြေဈေးကွက်အတွင်း မြို့နယ်တိုင်းရောင်းချလိုမှုများနေပြီး အဝယ်နည်းနေကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

ထိုသို့ အဝယ်နည်းလာရခြင်းမှာ ဈေးကွက်အတွင်း လုပ်ငန်းကြီးသမားများ၏ ရင်းနှီးမြှုပ်နှံမှုများ လျော့ကျလာခြင်းကြောင့် အရောင်းအဝယ်အေးနေရခြင်းဖြစ်ကြောင်း သိရသည်။

"အရောင်းအဝယ်ပိုင်းက ရပ်တန့်လုနီးပါး ကျဆင်းနေတယ်။ အခုလို ဈေးကွက်ကျဆင်းနေချိန်မှာ ပိုင်ဆိုင်မှုမခိုင်မာတဲ့ မြေ၊ မြေကွက်အကျယ်မဟုတ်တာ၊ နေရာကအတွင်းပိုင်းကျပြီး လမ်းမသင့်တာ၊ လူနေအဆောက်အအုံ ဆောက်လုပ်ဖို့ အခက်အခဲရှိတဲ့မြေအမျိုးအစားဖြစ်နေတာ အဲဒီလိုမြေတွေ ဝယ်ယူထားမိတဲ့ သူတွေကတော့ အရှုံးပဲဖြစ်နေရတယ်"ဟု ချမ်းမြသာစည်မြို့နယ်မှ အိမ်ခြံမြေအကျိုးတော်ဆောင် ဦးဌေးဌေးက ပြောပြသည်။

ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်မှု သိသိသာသာမြင့်တက်လာခြင်း မရှိသေးသော်လည်း အကွက်ရိုက်ရောင်းချမှုများကို စိတ်ဝင်စားမှုမြင့်တက်နေပြီး အမှန်တကယ်နေထိုင်လိုသူများ အများဆုံးဝယ်ယူမှုရှိနေကြောင်း၊ အရောင်းအဝယ်ဖြစ်နေသည့် အကွက်ရိုက်မြေကွက်များမှာ ချမ်းမြသာစည်မြို့နယ်ရှိ အကွက်ရိုက်မြေကွက်များ၊ အမရပူရမြို့နယ်ရှိ အကွက်ရိုက်မြေကွက်များ၊ ပြည်ကြီးတံခွန်မြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်ရှိ ကျေးရွာမြေများဖြစ်ကြောင်း သိရသည်။

အရောင်းအဝယ်ဖြစ်နေသည့် အကွက်ရိုက်မြေကွက်များတွင် ပေ (၂၀×၄၀)၊ ပေ (၃၀×၄၀)၊ ပေ (၄၀× ၄၀) အကျယ်မြေကွက်များကို ဝယ်ယူမှုအများဆုံးဖြစ်ကြောင်း သိရသည်။

အိမ်ခြံမြေဈေးနှုန်းများအနေဖြင့် စက်မှုဇုန်နှင့် အနီးဝန်းကျင်ရပ်ကွက်များမှ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၂၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်၊ ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်းနှင့် ပုသိမ်ကြီးမြို့နယ်တွင် ငွေကျပ်သိန်း ၅၀၀ နှင့်အထက်၊ အမရပူရမြို့နယ် ရပ်ကွက်အတွင်းပိုင်းရှိ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၈၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၃၀၀ မှ သိန်း ၁၀၀၀ ခန့်၊ လမ်းမကြီးများတွင် လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၁၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်ရှိကြောင်း အိမ်ခြံမြေအကျိုးတော်ဆောင် ဦးဌေးဌေးထံမှ သိရသည်။

(၁၇၃)

# မန္တလေးဈေးကွက်တွင် ပြည်တွင်း၊ ပြည်ပက ဝယ်ယူမှုများပြားသဖြင့် ပဲယဉ်းအရောင်းအဝယ်ကောင်းလျက်ရှိ

**မန္တလေး ဇန်နဝါရီ ၁၉**

မန္တလေးဈေးကွက်တွင် ပြည်တွင်း၊ ပြည်ပက ဝယ်ယူမှုများပြားသဖြင့် ပဲယဉ်းအရောင်းအဝယ်ကောင်းလျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ပဲယဉ်းကို ယခုလက်ရှိ ပြည်တွင်းဈေးကွက်အပြင် ပြည်ပကလည်း ဝယ်ယူမှု များပြားလာကြောင်း၊ ယခုလတ်တလောတွင် မန္တလေးဈေးကွက်အတွင်း ပဲယဉ်းအရောင်းအဝယ် ကောင်းလျက်ရှိကြောင်း သိရသည်။

"အခုလက်ရှိ မန္တလေးဈေးကွက်အတွင်း ပဲယဉ်းတွေကို ကုန်သည်တွေက ဝယ်ယူမှုများပြားလာတာကြောင့် အရောင်းအဝယ်ကောင်းလာတယ်။ တရုတ်နိုင်ငံကို အဓိကထားတင်ပို့တဲ့ ပဲယဉ်းတွေကို မှာဝယ်ယူမှုများတာကြောင့် အရောင်းအဝယ် ကောင်းလာပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်တွင် ဇန်နဝါရီ ၁၈ ရက် ပေါက်ဈေးအရ ပဲယဉ်းဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ១၅၅၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

"ကုန်စည်ဒိုင်အတွင်းမှာ ပဲယဉ်းအရောင်းအဝယ်လုပ်တဲ့ ကုန်သည်တွေ အခုတစ်လော ပြန်ပြီးများလာတယ်။ ပဲယဉ်းအပြင် တချို့ကုန်စည်တွေကို ကုန်သည်တချို့က တော့ ဝယ်ယူတာတွေရှိတယ်။ အခုကတော့ ပဲယဉ်းက အဝယ်လိုက်နေတာကြောင့် အရောင်းအဝယ် ပြန်ကောင်းနေတယ်"ဟု ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# နတ်တလင်းမြို့နယ် ကျေးရွာနှစ်ရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**နတ်တလင်း ဇန်နဝါရီ ၁၉**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် နတ်တလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သခွတ်တမ်း(အနောက်) ကျေးရွာနှင့် ထန်းပင်ကုန်းကျေးရွာတို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုး၊ နတ်တလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ထွန်းနှင့်ဝန်ထမ်းများက သခွတ်တမ်း(အနောက်) ကျေးရွာနှင့် ထန်းပင်ကုန်းကျေးရွာတို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ လိုအပ်သည်များဖြည့်စွက်မှာကြားသည်။

နတ်တလင်းမြို့နယ် သခွတ်တန်း(အနောက်)ကျေးရွာ၌ အရှည်ပေ ၁၃၂၀ ရှိ ၄၀၀ ဗို့မာတ်အားလိုင်းသွယ်တန်းခြင်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၁၀၅ သိန်းဖြင့်လည်းကောင်း၊ ထန်းပင်ကုန်းကျေးရွာ၌ အရှည် ၂၈၇၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ မြေနီလမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ်သိန်း ၇၀ ဖြင့်လည်းကောင်း ကျေးရွာသူ၊ ကျေးရွာသားများက ၂၀၂၃ ခုနှစ် ဒီဇင်ဘာလပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာနှစ်ရွာရှိ အိမ်ခြေ ၂၇၃ အိမ်၊ လူ ၉၃၅ ဦး လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားလာတော့မည်ဖြစ်ကြောင်း သိရသည်။

**သန္တာ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် ဓိဝိတဒါနသံဃာ့ဆေးရုံကြီး ဆေးကုသရေး၊ ဆေးနှင့်ဆေးပစ္စည်းထိန်းသိမ်းရေး ဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဦးကြည်ရှင်-ဒေါက်တာဒေါ်ကြူကြူမိသားစုက ဆွမ်း၊ ဆေးပဒေသာသင်္ဃအတွက် အလှူငွေကျပ် ၂၃၀၀၀၀၀ လှူဒါန်းရာ နာယကဂုဏ်ထူးဆောင် ပါမောက္ခဒေါက်တာဦးမိတ်နှင့် တာဝန်ရှိသူများက လက်ခံရယူစဉ်။

# ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ဧက ၅၆၈၆၀ စိုက်ပျိုးပြီးစီး



ယခင်နှစ်က ကုလားပဲစိုက်ခင်းကို တွေ့ရစဉ်။

**ဝက်လက် ဇန်နဝါရီ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ဧက ၅၆၈၆၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။

ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၅၄၃၂၇ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၅၆၈၆၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

“ဝက်လက်မြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ ကုလားပဲ ဧက ၅၄၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားတာ ဒီနေ့ထိ ဧက ၅၆၀၀၀ ကျော် စိုက်ပျိုးပြီးနေပြီ။ လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပဲသီးနှံအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးတာတွေကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူတွေနဲ့ပူးပေါင်းပြီး ဆောင်ရွက်နေပါတယ်”ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့်မျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်း၊ ကုလားပဲ တစ်ဧက စိုက်ပျိုးပါက ငွေကျပ် သုံးသိန်းကျော်ကုန်ကျကြောင်း သိရသည်။

ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးခြင်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၂၀၆)

# ပုသိမ်မြို့နယ် တောင်တန်းကုန်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ပုသိမ် ဇန်နဝါရီ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်တန်းကုန်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဇန်နဝါရီ ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပုသိမ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထွန်းမင်းလွင်၊ ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မိုးမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာများက တောင်တန်းကုန်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ပုသိမ်မြို့နယ် တောင်တန်းကုန်းကျေးရွာ၌ အကျယ် ခြောက်ပေ၊ အနက်ပေ ၄၀ ရှိ လက်တူးတွင်းနှစ်တွင်း တူးဖော်ခြင်းလုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် ၁၀ သန်းဖြင့် ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာများစုဖွဲ့၍ ၂၀၂၃ ခုနှစ် မေလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၉၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက တောင်တန်းကုန်းကျေးရွာရှိ အိမ်ခြေ ၁၆၀၊ လူ ၇၇၈ ဦးနှင့် ကျွဲ၊ နွား တိရစ္ဆာန်များပါ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိမည်ဖြစ်ကြောင်း ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သံသာ**

# စဉ့်ကူးမြို့နယ် ချောင်းဝကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စဉ့်ကူး ဇန်နဝါရီ ၁၉**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းခရိုင် စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်က မြစိမ်းရောင်ကျေးရွာစီမံကိန်း စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ချောင်းဝကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇန်နဝါရီ ၁၈ ရက် မွန်းလွဲပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြသိန်းဝင်းက ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျနိုင်စေရန်၊ မိသားစုဝင်ငွေတိုးလုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် မြို့ပြနှင့် ကျေးလက်လူနေမှုအဆင့်အတန်းကွာဟမှုကို လျှော့ချနိုင်စေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများအနေဖြင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့်အညီ ချေးငွေရယူသည့်လုပ်ငန်းများကို အမှန်တကယ် အကောင်အထည်ဖော်ဆောင်ရွက်ကြရန် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံတို့က မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၇၇ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ချောင်းဝကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၈ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၆ ဦး၊ ရေလုပ်ငန်းလုပ်ကိုင်သူဦးရေ ၂၀၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၆ ဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၂၈ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၇၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သက်မာ**



# ဆေးဖက်ဝင်အပင်များနှင့် အဓိကပျောက်ကင်းနိုင်သောရောဂါများ(၆၀)

## ကြည်လွင်မြင့်(မုံရွာ)



**ဟင်းနုနယ်ဆူးပေါက်**

အင်္ဂလိပ်အမည် - Prickly Amaranth
မျိုးရင်း - Amaranthaceae (ဟင်းနုနယ်မျိုးရင်း)
ရုက္ခဗေဒအမည် - Amaranthus spinosus Linn;

**အဓိကဆေးဖက်ဝင်ပုံ**

အဆိပ်ပြေဆေး၊ နှာခေါင်းသွေးလျှံခြင်း၊ ဆီးအောင့်ခြင်း၊ ကျောက်တည်ခြင်း၊ မီးယပ်ဖြူဆင်းခြင်း၊ မီးယပ်သွေးလွန်ခြင်း၊ သွေးစုနာ၊ အနာပေါက်၊ အကြောတက်ကိုက်ခဲရောဂါများအတွက် ဆေးဖက်ဝင်အသုံးပြုသည်။

**ပေါက်ရောက်သည့်ဒေသ**

မြန်မာနိုင်ငံ ဒေသအနှံ့အပြားတွင် အလေ့ကျပေါက်ရောက်သည်။

**ဆေးဖက်ဝင်အစိတ်အပိုင်း**

အရွက်၊ အမြစ်၊ ပဉ္စငါးပါး။

**အပင်ပုံသဏ္ဌာန်**

ဟင်းနုနယ်ဆူးပေါက်ပင်သည် ဆူးရှိသော အပင်ငယ်မျိုးဖြစ်သည်။ ထောင်မတ်၍ ပေါက်သည်။ ပင်စည်နှင့် အကိုင်းများတွင် မြောင်းပါရှိသည်။ တစ်ပေမှ ငါးပေထိရှိသည်။ ပင်စည်နှင့် အကိုင်းများကြားမှ ဖြောင့်မတ်၍ မာသောဆူးများထွက်ရှိသည်။

ဟင်းနုနယ်ဆူးပေါက်ပင်၏ အရွက်သည် ရွက်လွှဲထွက်သည်။ အလျားတစ်လက်မခွဲမှ လေးလက်မထိရှည်၏။ အရွက်သည် ပျော့ပျောင်းနူးညံ့ပြီး ရွက်ညှာရှည်သည်။

ဟင်းနုနယ်ဆူးပေါက်ပင်၏ အပွင့်သည် ပွင့်ညှာမဲ့ပန်းခိုင်ဖြစ်သည်။ ပန်းခိုင်ပေါ်တွင် အစိမ်းရောင်သန်းသောအဖြူပွင့်များ များစွာပွင့်သည်။ မိုးဦးကျ ကဆုန်လ၊ နယုန်လတို့တွင် ပွင့်သည်။

**ဆေးကျမ်းများအဆို**

မြန်မာဆေးကျမ်းများအဆိုအရ ဟင်းနုနယ်ဆူးပေါက်သည် အေး၏။ ဆီးဝမ်းကို ရှင်စေ၏။ သားအိမ်ကိုက်ခဲခြင်းကို ပျောက်စေ၏။ နို့ရည်ကို ပွားများစေ၏။ သားအိမ်ကို အထူးအားပေး၏။ အဆိပ်ကို ပယ်တတ်၏။ သွေးယိုစီးခြင်းကို တားမြစ်တတ်၏။ ရင်ဦးထိုးကျင်ခြင်းနှင့် မီးယပ်လွန်ခြင်းကိုလည်း ပျောက်ကင်းစေနိုင်သော ဂုဏ်ရှိ၏။

**ဆေးဖက်ဝင်အသုံးပြုပုံ**

၁။ ကိုယ်ဝန်မမြဲသောသူများသည် ဟင်းနုနယ်ဆူးပေါက်ပဉ္စငါးပါးကိုပြုတ်၍ ကိုယ်ဝန်တည်ချိန် တစ်လမှစ၍ သုံးလထိ တစ်နေ့လျှင် မတ်ခွက်တစ်လုံး သောက်ပေးပါက ကိုယ်ဝန်ပျက်ခြင်းမှ ကင်းဝေးစေနိုင်သည်။
၂။ နှာခေါင်းသွေးလျှံလျှင် အရွက်ကိုကြိတ်၍ နှာခေါင်းက ရှူစေပြီး နှာခေါင်းမှအထက်ပိုင်းသို့ အရည်လိမ်းကျံပေးလျှင် နှာခေါင်းသွေးလျှံ၊ သွေးကျခြင်းမှ ပျောက်ကင်းစေနိုင်သည်။
၃။ ဆီးအောင့်၊ ကျောက်တည်ရောဂါဖြစ်လျှင် ဟင်းနုနယ်ဆူးပေါက်အရွက်ကို ကြော်စား၊ ဟင်းချက်စားခြင်းဖြင့် ပျောက်ကင်းစေနိုင်သည်။
၄။ မီးယပ်ဖြူဆင်းခြင်း၊ ညောင်းကျခြင်း၊ အနာအဖုအပိမ့်များပေါက်ခြင်းဖြစ်ပါက ဟင်းနုနယ်ဆူးပေါက် ပဉ္စငါးပါးအရည်ကို ညှစ်ယူပြီး သကြားနှင့်ရောသောက်ပါက ပျောက်ကင်းစေနိုင်သည်။
၅။ သွေးအန်၊ သွေးကျရောဂါ၊ မီးယပ်သွေးလွန်ရောဂါများဖြစ်လျှင် ဟင်းနုနယ်ဆူးပေါက်အရွက်ကို ကြော်စားခြင်း၊ အသုပ်ပြုလုပ်စားခြင်းဖြင့် သက်သာပျောက်ကင်းစေနိုင်သည်။
၆။ ကင်းကိုက်လျှင် ဟင်းနုနယ်ဆူးပေါက်အမြစ်ကိုသွေး၍ ကိုက်သောနေရာအပေါ်သို့ လိမ်းပေးပါက ကင်းဆိပ်ပြေ၏။
၇။ သွေးစုနာဖြစ်လျှင် ဟင်းနုနယ်ဆူးပေါက်အမြစ်ကို သွေးလိမ်းခြင်း၊ အရွက်ကိုထောင်းခြေပြီး အနာပေါ်တွင် အုံပေးခြင်းပြုပါက အနာပြည်ပေါက်စေနိုင်သည်။
၈။ အကြောတက်ရောဂါဖြစ်လျှင် အမြစ်ကိုသွေးလိမ်းပေးခြင်းဖြင့် ပျောက်ကင်းစေနိုင်သည်။

**အကြောတစ်ထောင်ပင်(ဘားကြောပင်)**

အင်္ဂလိပ်အမည် - Cart-Track plant
မျိုးရင်း - Plantaginaceae (ဘားကြောမျိုးရင်း)
ရုက္ခဗေဒအမည် - Plantago major Linn;

**အဓိကဆေးဖက်ဝင်ပုံ**

အကြောအဆစ်များကိုက်ခဲခြင်း၊ လေဖြတ်ခြင်း၊ အကြောများတုန်ခြင်း၊ အဆုတ်ရောဂါဖြစ်ခြင်း၊ နာတာရှည်အဖျား၊ ရက်ခြားဖျား၊ အဖျားတာရှည်ခြင်း၊ ဆီးချိုရောဂါဖြစ်ခြင်း၊ ရေစီးကမ်းပြိုသွားဖုံးသွေးယိုရောဂါများအတွက် ဆေးဖက်ဝင်အသုံးပြုသည်။ အနာများပြည်ပုပ်၊ သွေးပုပ်ကင်းစင်စေရန်အတွက် ဖန်ဆေးခြင်းအတွက်လည်း အသုံးပြုသည်။

**ပေါက်ရောက်သည့်ဒေသ**

မြန်မာနိုင်ငံအနှံ့အပြားတွင် သဘာဝအလျောက်ပေါက်ရောက်သည်။

**ဆေးဖက်ဝင်အစိတ်အပိုင်း**

အရွက်၊ အမြစ်၊ ပဉ္စငါးပါး။

**အပင်ပုံသဏ္ဌာန်**

အကြောတစ်ထောင်ပင်သည် မြေဦးကပ်၍ ပေါက်သည့် မိုးသက်ပင်ငယ်မျိုးဖြစ်သည်။

အကြောတစ်ထောင်ပင်သည် အရွက်များမြေပေါ်သို့ ငါးရွက်၊ ခြောက်ရွက်ထိ စုပြုံ၍ထွက်သည်။ ဘဲဥပုံသဏ္ဌာန်ရှိ၍ အရွက်ထိပ်ဝိုင်းပြီး အနည်းငယ်ချွန်သည်။ ရွက်ညှာရှည်သည်။ ရွက်နားခွေးသွားစိတ်ကဲ့သို့ရှိ၍ လှိုင်းတွန့်အနည်းငယ်ရှိသည်။ အရွက်၊ ရိုးတံအရင်းကို ချိုး၍ဆွဲကြည့်သော် ကြက်ပေါင်စေးကဲ့သို့ ချည်မျှင်ကလေးများ၊ သေးငယ်၍ဖြူသောအမျှင်ကလေးများ ထွက်ရှိလာတတ်သည်။

အကြောတစ်ထောင်ပင်သည် ပွင့်ညှာတံလုံးပြီး အုန်းလက်တံခန့်ရှိသည်။ အလျား ရှစ်လက်မထိရှည်သည်။ ပွင့်ညှာတံ၏ သုံးပုံနှစ်ပုံခန့်ထိ သေးငယ်သောအပွင့်များ စီတန်းလျက်ပွင့်သည်။ ပွင့်တံကိုင်းလေးကိုင်းမှ ခုနစ်ကိုင်းထိ ထွက်သည်။

အကြောတစ်ထောင်ပင်၏အသီးတွင် သေးငယ်သည့် အစေ့များပါရှိသည်။ ထိုအစေ့များသည် ချွဲကပ်စေးထန်းသည်။

**ဆေးကျမ်းများအဆို**

မြန်မာဆေးကျမ်းများအဆိုအရ အကြောတစ်ထောင်ပင်၏အရွက်သည် အေး၏။ ဆီးရှင်စေ၏။ အပင်သည် အဆစ်အမျက်ရောင်ရမ်းကိုက်ခဲခြင်း၊ ဝမ်းတွင်းဥရစ်ခြင်း၊ နာကျင်ကိုက်ခဲခြင်းတို့ကိုပျောက်စေရန် အတွင်းဆေး၊ အပြင်ဆေးအဖြစ် အသုံးပြုနိုင်သည်။ အားတိုးဆေးအဖြစ်လည်း များစွာအသုံးပြုနိုင်သည်။

**ဆေးဖက်ဝင်အသုံးပြုပုံ**

၁။ ပျား၊ ပဆုတ်ပနီ၊ နကျယ် စသည့်အဆိပ်ရှိသည့်သတ္တဝါများ တုပ်ခြင်း၊ ကိုက်ခဲခြင်းနှင့် အခြားအဆိပ်သင့်သော ရောဂါများအတွက် ဘားကြောရွက်အစိမ်းကို ညက်ညက်ကြိတ်ပြီး ကိုက်ခဲသောနေရာများ၌ လိမ်းပေးနိုင်သည်။
၂။ မြွေ၊ ကင်း အဆိပ်ရှိသောအကောင်ကိုက်ခံရလျှင် ဘားကြောရွက်ကို ကြိတ်ခြေပြီး ဒဏ်ရာအပေါက်များ၌ လိမ်းပေးခြင်း၊ အုံပေး၊ ကပ်ပေးခြင်းဖြင့် အဆိပ်များလျင်မြန်စွာပြေပျောက်၏။
၃။ အနာများကလည်းကောင်း၊ ထိခိုက်ရှနာဒဏ်ရာများကလည်းကောင်း သွေးစိမ်းများယိုစီးကျလျှင် ဘားကြောရွက်ကို ကပ်ပေးခြင်း၊ ထုခြေ၍ အုံစည်းပေးခြင်းဖြင့် သွေးတိတ်စေနိုင်သည်။
၄။ အနာဟောင်း၊ အနာဆွေးများကို ပျောက်ကင်းစေရန် ဘားကြောပင် ပဉ္စငါးပါးကိုပြုတ်၍ ဖန်ရည်ဆေးပေးပါက အနာများပြည်ပုပ်၊ သွေးပုပ်စင်ကြယ်၍ အသားနုတက်စေနိုင်သည်။
၅။ လျှာကွဲနာဖြစ်ခြင်း၊ ခံတွင်း၌အပူဖုများပေါက်ခြင်း၊ အာခံတွင်းအနာဖြစ်ခြင်းများအတွက် ဘားကြောရွက်ပြုတ်ရည်ကို ခပ်နွေးနွေးငုံပေးခြင်းဖြင့် သက်သာပျောက်ကင်းစေနိုင်သည်။
၆။ သွားကိုက်၊ သွားနာ၊ သွားဖုံးရောင်ခြင်း၊ ရေစီးကမ်းပြိုဖြစ်ခြင်းများအတွက် ဘားကြောရွက်ကိုပြုတ်ပြီး ကျောက်ချဉ်အနည်းငယ်ထည့်၍ ငုံပေးခြင်း၊ ပလုတ်ကျင်းခြင်းပြုလုပ်ပါက ခံတွင်းအနာများပျောက်ကင်းစေနိုင်သည်။
၇။ နားကိုက်ခြင်း၊ နားပြည်ယိုခြင်းဖြစ်ပါက ဘားကြောရွက်ကိုကြိတ်ပြီး အရည်ကိုညှစ်ယူ၍ နားအတွင်းသို့ တစ်နေ့ နှစ်ကြိမ်၊ သုံးကြိမ် ခတ်ပေးသော် နားတွင်းအနာများ ပျောက်ကင်းစေနိုင်သည်။
၈။ ငှက်ဖျားရောဂါ၊ ရက်ကျန်ဖျားရောဂါ၊ မပြတ်သောအဖျားရောဂါများအတွက် ဘားကြောရွက်ပြုတ်ရည်ကို ရည်နွေးကြမ်းသောက်သကဲ့သို့ ရက်ရှည်စွဲသောက်သော် ပျောက်ကင်းစေနိုင်သည်။
၉။ လိပ်ခေါင်းရောဂါ၊ ညောင်းကျရောဂါ၊ မိန်းမကိုယ်အတွင်းမှ အဖြူဆင်းသောရောဂါများ ပျောက်ကင်းစေရန် ဘားကြောရွက်ကိုပြုတ်ပြီး အငွေ့ဖြင့် မှိုင်းခံခြင်း၊ အငွေ့ခံ၍ထိုင်ပေးခြင်းများပြုလုပ်ပါက အဆိုပါရောဂါများ ပျောက်ကင်းစေနိုင်သည်။
၁၀။ ဆူးစူးလျှင်၊ စူးသောဆူးမထွက်လျှင် ဘားကြောရွက်ကိုမီးကင်၍ ကပ်ပေးပါက စူးနေသောဆူးများ အလိုအလျောက်ပြန်ထွက်လာစေနိုင်သည်။
၁၁။ ဆီးပူခြင်း၊ ဆီးနီခြင်း၊ ဆီးအောင့်ခြင်းရောဂါများအတွက် ဘားကြောရွက်ပြုတ်ရည်တွင် သကြားအနည်းငယ်ခတ်၍ သောက်ပေးခြင်းဖြင့် ပျောက်ကင်းစေနိုင်သည်။
၁၂။ ဆီးချိုရောဂါရှိသူများသည် ဘားကြောပင်ကိုပြုတ်၍ ပြုတ်ရည်ကို အကြိမ်ပန်းကန်တစ်လုံးစာ နံနက်၊ ည သို့မဟုတ် အစာစားပြီးတိုင်း ပုံမှန်သောက်ပေးပါက ဆီးချိုရောဂါ မတက်အောင် ထိန်းပေးသည်။
၁၃။ ချောင်းဆိုးသွေးပါ အဆုတ်ရောဂါများအတွက် ဘားကြောပင်ပဉ္စငါးပါးကြိတ်ရည်သုံးဇွန်းလျှင် ပျားရည်တစ်ဇွန်း စပ်သောက်ပေးပါ။ သက်သာပျောက်ကင်းစေနိုင်သည်။



၁၄။ နာတာရှည်အဖျား၊ ရက်ခြားအဖျား၊ ညနေစောင်းတွင်ဖျားသော အဖျားများအတွက် ဘားကြောပင်ပဉ္စငါးပါးကိုပြုတ်ပြီး ပုံမှန်သောက်သုံးပေးခြင်းဖြင့် အဖျားပြတ်စေနိုင်သည်။
၁၅။ လေဖြတ်ထားသူ၊ ကိုယ်တစ်ခြမ်းသေထားသူများအတွက် လေငန်းဆေးများကို သောက်သုံးသောအခါ ဘားကြောပင်ပြုတ်ရည်နှင့် တွဲဖက်သောက်ပါက ဆေးစွမ်းထက်၍ လေငန်း၊ လေဖြတ်ရောဂါ ပျောက်ကင်းစေနိုင်သည်။

❖ မြန်မာဆေးကျမ်းများအဆိုအရ ဟင်းနုနယ်ဆူးပေါက်သည် အေး၏။ ဆီးဝမ်းကို ရှင်စေ၏။ သားအိမ်ကိုက်ခဲခြင်းကို ပျောက်စေ၏။ နို့ရည်ကို ပွားများစေ၏။ သားအိမ်ကို အထူးအားပေး၏။ အဆိပ်ကို ပယ်တတ်၏။ သွေးယိုစီးခြင်းကို တားမြစ်တတ်၏။ ရင်ဦးထိုးကျင်ခြင်းနှင့်မီးယပ်လွန်ခြင်းကိုလည်း ပျောက်ကင်းစေနိုင်သော ဂုဏ်ရှိ၏။ ❖

❖ မြန်မာဆေးကျမ်းများအဆိုအရ အကြောတစ်ထောင်ပင်၏ အရွက်သည် အေး၏။ ဆီးရှင်စေ၏။ အပင်သည် အဆစ်အမျက်ရောင်ရမ်းကိုက်ခဲခြင်း၊ ဝမ်းတွင်းဥရစ်ခြင်း၊ နာကျင်ကိုက်ခဲခြင်းတို့ကိုပျောက်စေရန် အတွင်းဆေး၊ အပြင်ဆေးအဖြစ် အသုံးပြုနိုင်သည်။ အားတိုးဆေးအဖြစ်လည်း များစွာအသုံးပြုနိုင်သည်။ ❖

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ ကြွက်သားတွေကလည်း ပိုပို အဆီပိုတွေ မရှိတော့ဘူးဆိုရင် ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်း လိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# စစ်ကိုင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၄၇၀၇၉ ဧက စိုက်ပျိုးပြီးစီး

**စစ်ကိုင်း ဇန်နဝါရီ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၄၇၀၇၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။

စစ်ကိုင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၄၇၆၁၁ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၄၇၀၇၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ စစ်ကိုင်းခရိုင်မှာ ဂျုံ ၄၇၆၁၁ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၄၇၀၇၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စစ်ကိုင်းခရိုင်မှာ ဂျုံစိုက်ပျိုးမှုကတော့ စစ်ကိုင်းမြို့နယ်က အများဆုံးစိုက်ကြတာပါ။ ဂျုံစိုက်ပျိုးမှုကတော့ အောင်မြင်ဖြစ်ထွန်းနေပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

စစ်ကိုင်းခရိုင်တွင် မြို့နယ်အလိုက် ဂျုံစိုက်ပျိုးပြီးစီးမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ၃၁၀၃၃ ဧက၊ မြင်းမူမြို့နယ်တွင် ၈၈၀၁ ဧက၊ မြောင်မြို့နယ်တွင် ၇၂၄၅ ဧက စုစုပေါင်း ၄၇၀၇၉ ဧကဖြစ်ကြောင်း၊ ဂျုံစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ၃၁၀၃၆ ဧက၊ မြင်းမူမြို့နယ်တွင် ၉၃၃၂ ဧက၊ မြောင်မြို့နယ်တွင် ၇၂၄၃ ဧက စုစုပေါင်း ၄၇၆၁၁ ဧကဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် မော်လိုက်ခရိုင်၊ တမူးခရိုင်၊ ကလေးခရိုင်၊ ခန္တီးခရိုင်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မုံရွာခရိုင်၊ ယင်းမာပင်ခရိုင်၊ ရွှေဘိုခရိုင်၊ ကန့်ဘလူခရိုင်၊ စစ်ကိုင်းခရိုင်နှင့် ကသာခရိုင်၌ ဂျုံသီးနှံစိုက်ပျိုးပြီး စစ်ကိုင်းခရိုင်နှင့် မုံရွာခရိုင်တွင် ဂျုံသီးနှံကို အများဆုံးစိုက်ပျိုးကြောင်း၊ ဂျုံစိုက်ပျိုးမှုအနေဖြင့် ဂျုံတစ်ဧကလျှင် ကုန်ကျစရိတ်မှာ ငွေကျပ် သုံးသိန်းခန့်ရှိပြီး ဂျုံတစ်ဧက စိုက်ပျိုးပါက ၂၀ တင်း ထွက်ရှိကြောင်း သိရသည်။ (၂၀၆)



ယခင်နှစ်က ဂျုံစိုက်ခင်းကို တွေ့ရစဉ်။

# ထူးခြားသမယ ပြာသိုလ

- ပြာသိုဆောင်းလ သဘာဝ
  မြူနှင်းဖွဲဖွဲဖြိုင်ဖြိုင်ကျ။
- အေးမြမှုပို သည်ချိန်ခါ
  မြို့ရွာတစ်ခွင်မှာ။
- နွယ်ပန်းခွာညို ဝေဆာပွင့်
  ကြည်နူးဖွယ်ထူးတင့်။
- စန္ဒာလနှင့် ယှဉ်ကာရယ်
  ဖုဿနက္ခတ်ကြယ်။
- ညအခါဝယ် သူ့အလင်း
  ထည်ဝါစွာဖြန့်ကျင်း။
- စပါးခင်းများ ရင့်မှည့်ကာ
  ရွှေရောင်ဝင်းဝင်းဝါ။
- တောင်သူတွေမှာ ရိတ်သိမ်းကြ
  "ကောက်ဦး"လှူဒါန။
- ပြုကြပါ၍ ပြုံးပျော်ရွှင်
  ဒါနပြိုင်သည့်သွင်။
- ရှေးယခင်က ဤလထဲ
  မြင်းခင်းသဘင်ပွဲ။
- ဆင်ယင်ခွဲမှု အပါဝင်
  သဘာဝစုံလင်။
- ရှုမြင်သုံးသပ် ကြည့်ပါက
  ကြည်နူးဖွယ်ရာ ပေါ်ကွယ်ဝ။
  ထူးခြားသမယ။ ။

**အင်ကြင်းသူ(နေပြည်တော်)**

# ပုဗ္ဗသီရိမြို့နယ် သပြေစမ်းကျေးရွာ၌ ရေသန့်စင်စနစ်တပ်ဆင်ခြင်းလုပ်ငန်း စစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၁၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နိုင်ငံတော်ပံ့ပိုးရန်ပုံငွေဖြင့် သပြေစမ်းကျေးရွာအုပ်စု သပြေစမ်းကျေးရွာ၌ ရေသန့်စင်စနစ်တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကိုကိုနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ သပြေစမ်းကျေးရွာ၌ UF Filtration System ရေသန့်စင်စနစ်တပ်ဆင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ရေသန့်စင်စက် ရေရှည်အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

သပြေစမ်းကျေးရွာ၌ UF Filtration System ရေသန့်စင်စနစ်တပ်ဆင်ခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နိုင်ငံတော်ပံ့ပိုးရန်ပုံငွေကျပ် ၂ ဒသမ ၉ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းပြီးစီးပါက ကျေးလက်နေပြည်သူများ ရာသီမရွေး သန့်ရှင်းသောသောက်သုံးရေကို သုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကိုကိုက ပြောပြ၍ သိရသည်။

**နေဇ်လူး**

# ညောင်တုန်းမြို့နယ် ငှက်ထုံးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေး

**ညောင်တုန်း ဇန်နဝါရီ ၁၉**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများအလုပ်အကိုင်အခွင့်အလမ်းများ ရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာစေရန်ရည်ရွယ်၍ တူးချောင်းကျေးရွာအုပ်စု ငှက်ထုံးကျေးရွာ၌ တတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဇန်နဝါရီ ၁၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာရှိ စုရပ်၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ညောင်တုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်လင်းနိုင်နှင့် ဝန်ထမ်းများက ကျေးရွာရပ်မိ၊ ရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေများမှ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၄ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ငှက်ထုံးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၉၄ ဦးကို ငွေကျပ် ၃၀ ဒသမ ၄ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် ၁ ဒသမ ၄ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် ၂ ဒသမ ၂ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၆ ဦးကို ငွေကျပ် ၃၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သံသာ**

# နိုင်ငံတကာ သတင်းများ

## မန်ဒရင်းစကားပြောလေယာဉ်အမှုထမ်းများ ထပ်မံခေါ်ယူရန် ဗြိတိသျှလေကြောင်းလိုင်းစီစဉ်




**လန်ဒန် ဇန်နဝါရီ ၁၉**

တရုတ်ခရီးစဉ်များပြေးဆွဲရေးအတွက် မန်ဒရင်းစကားပြောလေယာဉ်အမှုထမ်း အရေအတွက်ကို နှစ်ဆမြှင့်တင်ရန် ဗြိတိသျှလေကြောင်းလိုင်းက စီစဉ်ထားကြောင်း ဇန်နဝါရီ ၁၈ ရက်သတင်းများအရ သိရသည်။

တရုတ်နိုင်ငံ ရှန်ဟိုင်းနှင့် ပေကျင်းခရီးစဉ်များအတွက် ယခုနှစ် ဂျူလိုင်လအရောက်တွင် မန်ဒရင်းစကားပြောလေယာဉ်အမှုထမ်း ၅၀ ထပ်မံခေါ်ယူမည်ဖြစ်ကြောင်း ဗြိတိသျှလေကြောင်းလိုင်းတာဝန်ရှိသူများက ဇန်နဝါရီ ၁၈ ရက်တွင် ပြောကြားခဲ့သည်။

အဆိုပါအစီအစဉ်အရ ဗြိတိသျှလေကြောင်းလိုင်း၏ မန်ဒရင်းစကားပြောလေယာဉ်အမှုထမ်း အရေအတွက်မှာ ၁၀၀ ထိရှိလာမည်ဖြစ်ပြီး တရုတ်ဈေးကွက်မှာလည်း အိန္ဒိယဈေးကွက်ပြီးလျှင် ဗြိတိသျှလေကြောင်းလိုင်းအတွက် ပြည်ပလေယာဉ်အမှုထမ်းဦးရေ ဒုတိယအများဆုံးဈေးကွက် ဖြစ်လာလိမ့်မည်ဖြစ်သည်။

ကိုဗစ်-၁၉ ကူးစက်မှုထိန်းချုပ်ရေးစည်းမျဉ်းများကို တရုတ်နိုင်ငံက ပြန်လည်ရုပ်သိမ်းခဲ့ပြီးနောက် ဗြိတိသျှလေကြောင်းလိုင်းသည် ပြီးခဲ့သည့်နှစ် ဧပြီလနှင့်ဇွန်လတို့မှစ၍ ရှန်ဟိုင်းနှင့် ပေကျင်းခရီးစဉ်များ ပြန်လည်စတင်ပြေးဆွဲလျက်ရှိသည်။

ဗြိတိသျှလေကြောင်းလိုင်းသည် ကိုဗစ်-၁၉ ကပ်ဘေးမတိုင်မီကာလက တရုတ်နိုင်ငံ ခရီးစဉ်များကို ဒုတိယမြောက် ခေါက်ရေအများဆုံး ပျံသန်းပြေးဆွဲနေသောလေကြောင်းလိုင်းဖြစ်သည်။

၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် ဗြိတိသျှ လေကြောင်းလိုင်းသည် တရုတ်အဝင်အထွက်ခရီးစဉ်ပေါင်း ၁၃၃ ကြိမ်ထိပျံသန်းပြေးဆွဲခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## ဂူဂျာရတ်ပြည်နယ် ရေအိုင်တစ်အိုင်၌ လှေတိမ်းမှောက်မှုဖြစ်ပွား အနည်းဆုံး ၁၄ ဦးသေဆုံး၍ နှစ်ဦးပျောက်ဆုံးနေ

**ဒေလီ ဇန်နဝါရီ ၁၉**

အိန္ဒိယနိုင်ငံ ဂူဂျာရတ်ပြည်နယ် ဗာဒိုဒါရာမြို့ရှိ ရေအိုင်တစ်ခုအတွင်း လှေတစ်စီး တိမ်းမှောက်ခဲ့ရာ အနည်းဆုံး ကလေး ၁၂ ဦးနှင့် ကျောင်းဆရာနှစ်ဦးသေဆုံးခဲ့ရကြောင်း အိန္ဒိယတာဝန်ရှိသူများက ယနေ့တွင် ပြောကြားခဲ့သည်။

အဆိုပါ လှေတိမ်းမှောက်မှုသည် ဟာနီးအမည်ရှိ ရေအိုင်အတွင်း ဇန်နဝါရီ ၁၈ ရက်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

လှေတိမ်းမှောက်မှုကြောင့် ကလေး ၁၂ ဦး၊ ကျောင်းဆရာ နှစ်ဦးသေဆုံး၍ ကလေးနှစ်ဦး ပျောက်ဆုံးနေဆဲဖြစ်ကြောင်း အိန္ဒိယမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

သို့သော် လှေတိမ်းမှောက်မှုဖြစ်ပွားခဲ့ပြီးနောက် ကလေး ဦးရေ ၂၀ကို ကယ်တင်နိုင်ခဲ့ကြောင်း ဗာဒိုဒါရာမြို့ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

တိမ်းမှောက်ခဲ့သည့် လှေပေါ်၌ လူပေါင်းမည်မျှလိုက်ပါခဲ့သည်ကို လက်ရှိအချိန်တွင် မသိရသေးကြောင်း သိရသည်။

သတ်မှတ်ထားသည့်အရေအတွက်ထက် ပိုလွန်တင်ဆောင်မှုသည် လှေတိမ်းမှောက်မှု၏ အဓိကအကြောင်းရင်း ဖြစ်နိုင်ကြောင်း အိန္ဒိယတာဝန်ရှိသူများက ယူဆထားသည်။

လှေတိမ်းမှောက်မှုကြောင့် သေဆုံးခဲ့သူကလေးများသည် ကျောင်းတက်ရန်အတွက်ဟာနီးရေအိုင်ကို ဖြတ်သန်းသွားလာနေကြရသည့် ကလေးများဖြစ်ကြကြောင်း သိရသည်။

Ref : RT
Trs : KKO



## အင်ဂျင်ချွတ်ယွင်းမှုကြောင့် ဘိုးအင်းကုန်တင်လေယာဉ်တစ်စင်း မိုင်ယာမီနိုင်ငံတကာလေဆိပ်၌ အရေးပေါ်ဆင်းသက်

**နယူးယောက် ဇန်နဝါရီ ၁၉**

အမေရိကန်နိုင်ငံ အက်တလပ်စ်လေကြောင်းလိုင်းမှ ဘိုးအင်း ၇၄၇-၈ ကုန်တင်လေယာဉ်တစ်စင်းသည် အင်ဂျင်ပြဿနာကြောင့် ယနေ့တွင် မိုင်ယာမီနိုင်ငံတကာလေဆိပ်၌ အရေးပေါ်ဆင်းသက်ခဲ့ရသည်။

အဆိုပါ ကုန်တင်လေယာဉ်သည် လေဆိပ်မှစတင်ပျံသန်းထွက်ခွာပြီးမကြာမီမှာပင် အင်ဂျင်ပြဿနာကြောင့် မိုင်ယာမီနိုင်ငံတကာလေဆိပ်၌ အရေးပေါ်ဆင်းသက်ခဲ့ရခြင်းဖြစ်သည်။

အင်ဂျင်ပြဿနာ ရှိခဲ့သော်လည်း ဘိုးအင်း ၇၄၇-၈ ကုန်တင်လေယာဉ်သည် မိုင်ယာမီနိုင်ငံတကာလေဆိပ်သို့ပြန်လှည့်၍ အရေးပေါ်ဆင်းသက်နိုင်ခဲ့ကြောင်း အက်တလပ်စ် လေကြောင်းလိုင်းက သတင်းထုတ်ပြန်ထားသည်။

ဘိုးအင်း ၇၄၇-၈ ကုန်တင်လေယာဉ် အင်ဂျင်ပြဿနာနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးရန် အက်တလပ်စ်ကုမ္ပဏီက စီစဉ်ထားသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ဘိုးအင်းလေကြောင်းစက်မှုလုပ်ငန်းကုမ္ပဏီတာဝန်ရှိသူများက တစ်စုံတစ်ရာတုံ့ပြန်ခြင်းမရှိသေးကြောင်း သိရသည်။

ဇန်နဝါရီ ၅ ရက်က ဘိုးအင်းကုမ္ပဏီထုတ် လေယာဉ်တစ်စင်းဖြစ်သည့် အလာစကာလေကြောင်းလိုင်းပိုင် မက်စ်-၉ ဘိုးအင်းလေယာဉ်တစ်စင်းမှ ပို့သ်လန်းဆိပ်ကမ်းမှပျံတက်ခဲ့ပြီးနောက် လောင်စာဆီသိုလှောင်ကန် တစ်စိတ်တစ်ပိုင်း ပြုတ်ထွက်မှုဖြစ်ပွားခဲ့ဖူးကြောင်း သိရသည်။

Ref : RT
Trs : KKO

## နျူထိပ်ဖူးသယ်ဆောင်နိုင်သော မောင်းသူမဲ့ ရေငုပ်ယာဉ် မြောက်ကိုရီးယားစမ်းသပ်

**ပြုံယမ်း ဇန်နဝါရီ ၁၉**

တောင်ကိုရီးယား၊ အမေရိကန်နှင့်ဂျပန်တို့၏ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို တုံ့ပြန်သည့်အနေဖြင့် မြောက်ကိုရီးယား စစ်ဘက်က ရေအောက်နျူကလီးယားလက်နက်စနစ်စမ်းသပ်မှုများ ပြုလုပ်ခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာများက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

မြောက်ကိုရီးယားစစ်ဘက်အနေဖြင့် ဟေအီးလ်-၅-၂၃ အမည်ရှိ နျူကလီးယားထိပ်ဖူးသယ်ဆောင်နိုင်သော ရေအောက်တိုက်ခိုက်ရေးမောင်းသူမဲ့ ရေငုပ်ယာဉ်ကိုစမ်းသပ်မှုများပြုလုပ်ခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာသတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါ မောင်းသူမဲ့ရေငုပ်ယာဉ်ကို အရှေ့ဘက်ကမ်းရိုးတန်းကမ်းလွန်ရေပြင်အတွင်း စမ်းသပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မောင်းသူမဲ့ရေငုပ်ယာဉ်စမ်းသပ်မှုပြုလုပ်ခဲ့သောနေ့ရက်ကို မြောက်ကိုရီးယားမီဒီယာများက သတင်းထုတ်ပြန်ခြင်း မရှိခဲ့ကြောင်း သိရသည်။

အမေရိကန်နိုင်ငံ၊ တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့သည် ၎င်းတို့၏ သုံးရက်ကြာပုံမှန်စစ်ရေးလေ့ကျင့်မှုများကို ဇန်နဝါရီ ၁၇ ရက်ထိ ပြုလုပ်ခဲ့သည်။

အဆိုပါ သုံးနိုင်ငံပူးတွဲစစ်ရေးလေ့ကျင့်မှုကို မြောက်ကိုရီးယားအစိုးရကဝေဖန်ထားပြီး ဆိုးရွားသည့်အကျိုးဆက်များနှင့် ရင်ဆိုင်ရလိမ့်မည်ဖြစ်ကြောင်း သတိပေးထားသည်။

Ref : Xinhua
Trs : KKO

## ဘရစ်အုပ်စုသို့ဝင်ရောက်ရေး ဖိတ်ကြားချက် ဆော်ဒီအာရေဗျနိုင်ငံ စဉ်းစားသုံးသပ်နေဆဲဖြစ်

**ရီယာ့ဒ် ဇန်နဝါရီ ၁၉**

ဘရစ်အုပ်စု (ဘီအာရ်အိုင်စီအက်စ်)၏ အဖွဲ့ဝင်အဖြစ်ပါဝင်ရေး ဖိတ်ကြားချက်ကို ဆော်ဒီအာရေဗျနိုင်ငံက စဉ်းစားသုံးသပ်နေဆဲဖြစ်ကြောင်း ဆော်ဒီအစိုးရသတင်းအရင်းအမြစ်များက ဇန်နဝါရီ ၁၈ ရက်တွင် ထုတ်ဖော်ပြောကြားထားသည်။

အဖွဲ့ဝင်နိုင်ငံ ငါးနိုင်ငံပါရှိသည့် ဘရစ်အုပ်စုသည် ဆော်ဒီအာရေဗျ၊ အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)၊အီဂျစ်၊အီရန်၊အာဂျင်တီးနားနှင့် အီသီယိုပီးယားနိုင်ငံတို့ကို ယခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ အဖွဲ့ဝင်သစ်များအဖြစ်ဖိတ်ခေါ်ထားသည်။

သို့ရာတွင် ဆော်ဒီအာရေဗျနိုင်ငံအနေဖြင့် ဘရစ်အုပ်စု၌ အဖွဲ့ဝင်အဖြစ်ပါဝင်ရေး ဖိတ်ကြားချက်နှင့်ပတ်သက်၍ တစ်စုံတစ်ရာဆုံးဖြတ်ခြင်းမရှိဘဲ စဉ်းစားသုံးသပ်နေဆဲဖြစ်ကြောင်း သိရသည်။

ဇန်နဝါရီ ၁ ရက်သည် ဘရစ်အုပ်စုတွင် ပါဝင်ခွင့်ရရေးအတွက် သတ်မှတ်ပေးထားသည့် နောက်ဆုံးသတ်မှတ်ရက် မဟုတ်ကြောင်း ဆော်ဒီတာဝန်ရှိသူများက ပြောကြားထားသည်။

ဆော်ဒီအာရေဗျ အနေဖြင့် ဘရစ်အုပ်စု၌ပါဝင်ပါက ရရှိမည့် အကျိုးအမြတ်များကို ဆန်းစစ်နေပြီး နောက်ပိုင်းတွင် ဆုံးဖြတ်ချက်ချမည်ဖြစ်ကြောင်း ဆော်ဒီတာဝန်ရှိသူများက ပြောကြားခဲ့သည်။


ဘရစ်အုပ်စုသည် ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တောင်အာဖရိက၊ တရုတ်နိုင်ငံတို့ဖြင့် ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ရပ်ဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : KKO



# SCIENCE AND TECHNOLOGY

## ဗြိတိန်နိုင်ငံ မန်ချက်စတာတက္ကသိုလ်မှ သိပ္ပံပညာရှင်များ ထူးဆန်းသည့် အာကာသဒြပ်ထည်တစ်ခုကို ရှာဖွေတွေ့ရှိထား





**လန်ဒန် ဇန်နဝါရီ ၁၉**

ဗြိတိန်နိုင်ငံ မန်ချက်စတာတက္ကသိုလ်မှ သိပ္ပံပညာရှင်များသည် ထူးဆန်းသည့် အာကာသဒြပ်ထည်တစ်ခုကို ရှာဖွေတွေ့ရှိထားကြောင်း ဇန်နဝါရီ ၁၈ ရက် သတင်းများအရ သိရသည်။

အဆိုပါ အာကာသဒြပ်ထည်သည် အလေးလံဆုံး၊ အသိပ်သည်းဆုံး ချူထရွန်ကြယ်တစ်စင်းထက် ပို၍ကြီးမားလေးလံသကဲ့သို့ အသေးငယ်ဆုံး အာကာသတွင်းနက်ထက်လည်း ပို၍ပေါ့ပါးကြောင်း သိရသည်။

ချူထရွန်ကြယ်နှင့် အာကာသတွင်းနက် နှစ်မျိုးစလုံးသည် အရွယ်အစားကြီးမားသည့် ကြယ်ကြီးများ ပြိုကွဲချိန်တွင် ပေါ်ထွက်လာတတ်သည့် အာကာသဒြပ်ထည်များဖြစ်ကြကြောင်း သိရသည်။

ဗြိတိန် သုတေသနပညာရှင်များသည် ထူးဆန်းသည့်အာကာသဒြပ်ထည်ကို တောင်အာဖရိက အခြေစိုက် မီရာကတ်အမည်ရှိ ရေဒီယိုတယ်လီစကုပ်၏ အကူအညီဖြင့် တွေ့ရှိခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

ချူထရွန်ကြယ်လည်းမဟုတ်၊ အာကာသတွင်းနက်လည်းမဟုတ်သည့် အဆိုပါအာကာသဒြပ်ထည်သည် ကမ္ဘာမြေနှင့် အလင်းနှစ် ၄၀၀၀၀ ခန့်အကွာတွင် တည်ရှိကြောင်း သိရသည်။

ထူးဆန်းသည့်အဆိုပါအာကာသဒြပ်ထည်ကို J0514-4002E ဟူ၍ ဗြိတိန် သုတေသနပညာရှင်များက အမည်ပေးထားကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## နာဆာ၏ အင်္ဂါဂြိုဟ်ကင်းထောက်အာကာသယာဉ်က လေဆာရောင်ခြည်ဖြင့် အိန္ဒိယနိုင်ငံ၏ ဗစ်ခရမ်လဆင်းယာဉ်ကို အဆက်အသွယ်ပြုလုပ်ခဲ့

**ဝါရှင်တန် ဇန်နဝါရီ ၁၉**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ အင်္ဂါဂြိုဟ် ကင်းထောက်အာကာသယာဉ်သည် လေဆာရောင်ခြည်ဖြင့် အိန္ဒိယနိုင်ငံ၏ ဗစ်ခရမ်လဆင်းယာဉ်ကို အဆက်အသွယ်ပြုလုပ်ခဲ့ကြောင်း ဇန်နဝါရီ ၁၈ ရက်သတင်းများအရ သိရသည်။

ဗစ်ခရမ် လဆင်းယာဉ်တွင် နာဆာ၏ လေဆာရောင်ခြည် ရောင်ပြန်စနစ်(LRA)ကို တပ်ဆင်ထားမှုကြောင့် နာဆာ၏ အင်္ဂါဂြိုဟ်ကင်းထောက် အာကာသယာဉ် (LRO) သည် ဗစ်ခရမ်လဆင်းယာဉ်နှင့် အဆက်အသွယ်ပြုလုပ်နိုင်ခဲ့ခြင်းဖြစ်သည်။

၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်တွင် LRO အာကာသယာဉ်သည် ဗစ်ခရမ် လဆင်းယာဉ်ထံ လေဆာတန်းပစ်လွှတ်ခဲ့ပြီး ပြန်ကန်ထွက်လာသည့် လေဆာရောင်ခြည်လှိုင်းများကို ပြန်လည်ဖမ်းယူနိုင်ခဲ့ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။



LRO အာကာသယာဉ်သည် လမျက်နှာပြင်အထက် ၆၂ မိုင် အကွာမှတစ်ဆင့် ဗစ်ခရမ်လဆင်းယာဉ်ထံ လေဆာရောင်ခြည်ပစ်လွှတ်ခဲ့ခြင်းဖြစ်သည်။

ဗစ်ခရမ် လဆင်းယာဉ်သည် ချန်ဒရာယန်း-၃ မစ်ရှင်ဖြင့် ၂၀၂၃ ခုနှစ် ဩဂုတ်လက လကမ္ဘာတောင်ဝင်ရိုးစွန်းနယ်မြေ၌ ဆင်းသက်ခဲ့သော အာကာသယာဉ်ဖြစ်သည်။

နာဆာအဖွဲ့၏ အာကာသ လေဆာဆက်သွယ်ရေးနည်းပညာ စမ်းသပ်မှုအရ LRO အာကာသယာဉ်သည် ဗစ်ခရမ်လဆင်းယာဉ်နှင့် လေဆာအဆက်အသွယ်ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## ကမ္ဘာ့လေထုလွှာအတွင်းသို့ပြန်ဝင်မည့် Peregrine လဆင်းယာဉ်နှင့် အက်စထရိုဘော့တစ်ကုမ္ပဏီ အဆက်အသွယ်ပြတ်တောက်ခဲ့

**ဝါရှင်တန် ဇန်နဝါရီ ၁၉**

အမေရိကန်နိုင်ငံ အခြေစိုက် အက်စထရိုဘော့တစ်ကုမ္ပဏီသည် ကမ္ဘာ့လေထုလွှာအတွင်းသို့ ပြန်ဝင်မည့် Peregrine လဆင်းယာဉ်နှင့် ယနေ့တွင် အဆက်အသွယ်ပြတ်တောက်ခဲ့ကြောင်း သိရသည်။

Peregrine လဆင်းယာဉ်နှင့် အဆက်အသွယ်ပြတ်တောက်ခဲ့မှုသည် အဆိုပါလဆင်းယာဉ် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်ခဲ့မှုကို ပြသနေကြောင်း အက်စထရိုဘော့တစ် ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

Peregrine လဆင်းယာဉ်သည် ယနေ့တွင် တောင်ပစိဖိတ်သမုဒ္ဒရာဒေသအထက် ကမ္ဘာ့လေထုလွှာအတွင်း ပြန်ဝင်ရောက်မည်ဖြစ်ကြောင်း အက်စထရိုဘော့တစ်ကုမ္ပဏီကကြေညာထားပြီးဖြစ်သည်။

အက်စထရိုဘော့တစ်ကုမ္ပဏီသည် Peregrine လဆင်းယာဉ်ကို ဇန်နဝါရီ ၈ ရက်တွင် ဗော်လ်ကန်ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သို့ရာတွင် Peregrine လဆင်းယာဉ်သည် ပတ်လမ်းပေါ်သို့ အောင်မြင်စွာ ရောက်ရှိခဲ့သော်လည်း လောင်စာယိုစိမ့်မှုပြဿနာကြောင့် လမျက်နှာပြင်ပေါ်ဆင်းသက်ရေးတာဝန် ပျက်ပြားခဲ့ရသည်။

အက်စထရိုဘော့တစ်ကုမ္ပဏီသည် လပေါ်သို့လဆင်းယာဉ် စေလွှတ်နိုင်သည့် ကမ္ဘာ့ပထမဆုံး ပုဂ္ဂလိကကုမ္ပဏီအဖြစ် ရပ်တည်ရေးအတွက် Peregrine လဆင်းယာဉ်ကို လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

# HEALTH

## အပင်ထွက်ပရိုတင်းဓာတ်အစားများသည့် အမျိုးသမီးများ သက်ကြီးပိုင်းဘဝကို ကျန်းမာစွာဖြတ်သန်းနိုင်

**နယူးယောက် ဇန်နဝါရီ ၁၉**

အပင်ထွက်ပရိုတင်းဓာတ်များကို အဓိကစားသုံးသည့် အမျိုးသမီးများသည် သက်ကြီးပိုင်းဘဝကို ကျန်းမာပျော်ရွှင်စွာ ဖြတ်သန်းနိုင်ကြောင်း ဇန်နဝါရီ ၁၈ ရက် သတင်းများအရ သိရသည်။

ပရိုတင်းကြွယ်ဝသော အစားအစာများ အထူးသဖြင့် အပင်ထွက်ပရိုတင်းများကြွယ်ဝသည့် ဓာတ်စာများစားသုံးသူ အမျိုးသမီးများတွင် နာတာရှည်ရောဂါများ ဖြစ်နိုင်ခြေနည်းပါးတတ်ကြောင်း အမေရိကန်နိုင်ငံ တပ်ဖ်တက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

အပင်ထွက် ပရိုတင်းဓာတ်များကို အစားများသူ အမျိုးသမီးများသည် သက်ကြီးပိုင်းဘဝကို ကျန်းကျန်းမာမာဖြင့် ဖြတ်သန်းနိုင်ခြေ ၄၆ ရာခိုင်နှုန်း ပိုမြင့်မားကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

သက်လတ်ပိုင်းအရွယ်တွင် ပရိုတင်းဓာတ် များများစားသုံးမှုသည် သက်ကြီးပိုင်းရောက်ချိန် ကျန်းမာရေးကောင်းမွန်မှုနှင့် ဆက်စပ်နေကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

အထူးသဖြင့် အမျိုးသမီးများအနေဖြင့် အပင်ထွက်ပရိုတင်းများကို သက်လတ်ပိုင်းအရွယ်တွင် ပိုမိုစားသုံးပါက သက်ကြီးပိုင်းဘဝ ကျန်းမာရေးအခြေအနေကို မြှင့်တင်ပေးနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် အမျိုးသမီး ၄၈၀၀၀ ကျော်တို့ကိုလေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## ဆယ်ကျော်သက်အရွယ်တွင် စိတ်ဖိအားဝင်ခဲ့သူများ အရွယ်ရောက်ချိန်၌ နှလုံးကျန်းမာရေးထိခိုက်နိုင်

**နယူးယောက် ဇန်နဝါရီ ၁၉**

ဆယ်ကျော်သက် အရွယ်တွင် စိတ်ဖိအားဝင်ခဲ့သူများသည် နောင်အရွယ်ရောက်လာချိန်၌ နှလုံးကျန်းမာရေး ထိခိုက်နိုင်ကြောင်း ဇန်နဝါရီ ၁၈ ရက် သတင်းများအရ သိရသည်။

စိတ်ဖိအားဝင်ရောက်မှုပြဿနာဖြင့် ရင်ဆိုင်ခဲ့ကြရသော ဆယ်ကျော်သက်များအနေဖြင့် အရွယ်ရောက်လာချိန်တွင် သွေးဖိအားမြင့်တက်မှု၊ အဝလွန်မှုနှင့်အခြား နှလုံးရောဂါ နောက်ခံအကြောင်းတရားများပေါ်လာနိုင်ခြေ ပိုများလာတတ်ကြောင်း အမေရိကန်နိုင်ငံ တောင်ကာရိုလိုင်းနား တက္ကသိုလ်မှ သုတေသန ပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် ပျမ်းမျှအသက် ၁၃ နှစ်နှင့် ၂၄ နှစ်ကြား လူပေါင်း ၂၇၆ ဦးတို့ကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ထွက်ပေါ်လာသည့်ရလဒ်များအရ ဆယ်ကျော်သက်အရွယ်တွင် စိတ်ဖိအားဝင်ရောက်ခဲ့သူများအနေဖြင့် အရွယ်ရောက်လာချိန်တွင် ကိုယ်တွင်းအဆီစုစည်းမှု ပုံမှန်ထက်မြင့်မားနေသည်ကိုတွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် ဆယ်ကျော်သက်အရွယ်၌ စိတ်ဖိအားဝင်ခဲ့သူများမှာ နှလုံးသွေးကြောများ ကျန်းမာရေးဆိုးရွားလာတတ်ပြီး အရွယ်ရောက်ချိန်တွင် သွေးဖိအားမြင့်တက်လာနိုင်ကြောင်းလည်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်သည် ဆယ်ကျော်သက်အရွယ် စိတ်ဖိအားဝင်မှုပြဿနာ ထိန်းချုပ်နိုင်ရန်အရေးကြီးပုံကို ပြသနေကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

**Ref : Sputnik News**
**Trs : KKO**



နိုင်ငံတကာ

# အားကစားသတင်းများ

## ပရီးမီးယားလိဂ် ပွဲစဉ် (၂၁) ပွဲကြိုသုံးသပ်ချက်

ML

ဘုန်းမောက် Vs လီဗာပူး

**ကစားမည့်ရက်/အချိန် ၂၁-၁-၂၀၂၄ (ည ၁၁:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဘုန်းမောက် ၁ – ၂ လီဗာပူး**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဘုန်းမောက် | – | အိမ်(နိုင်) | ဧး(ရှုံး) | အိမ်(နိုင်) |
| လီဗာပူး | – | အိမ်(နိုင်) | ဧး(နိုင်) | အိမ်(နိုင်) |

ဘုန်းမောက်အသင်းဟာပုံစံကောင်းရနေပေမဲ့ အဓိကတိုက်စစ်မှူး ဆိုလန်ကီဒဏ်ရာကြောင့် ပါဝင်နိုင်မှာမဟုတ်လို့ အခုပွဲစဉ်မှာလီဗာပူး အသင်းကို ဂိုးရဖို့ခက်မှာသေချာပါတယ်။ လီဗာပူးကတော့ ဆာလာဟ်ကို လက်လွှတ်ထားရပေမဲ့ နူနက်၊ ဒီယက်ဂို၊ ဂတ်ပိုတို့လိုတိုက်စစ်မှူးတွေ ရှိနေတာကြောင့် ဘုန်းမောက်အသင်းကို ပွဲချိန်ပြည့်ဖိအားပေးနိုင်မှာပါ။ ဒါကြောင့် လီဗာပူးအသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – ဘုန်းမောက် ၁ – ၂ လီဗာပူး**

## အီတလီစီးရီးအေ ပွဲစဉ် (၂၁) ပွဲကြိုသုံးသပ်ချက်များ

ML

ဖရိုစီဝမ်း Vs ကက်ဂလီယာရီ

**ကစားမည့်ရက်/အချိန် ၂၁-၁-၂၀၂၄ (ည ၀၆:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ကက်ဂလီယာရီ ၄ – ၃ ဖရိုစီဝမ်း**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဖရိုစီဝမ်း | – | အိမ်(ရှုံး) | ဧး(ရှုံး) | ဧး(ရှုံး) |
| ကက်ဂလီယာရီ | – | ဧး(ရှုံး) | ဧး(သရေ) | အိမ်(နိုင်) |

ဖရိုစီဝမ်းအသင်းဟာ နောက်ဆုံးအမှတ်ပေးပွဲခုနစ်ပွဲဆက်နိုင်ပွဲမရခဲ့ သလို ခံစစ်ပိုင်းပေးဂိုးများနေတာကြောင့် ခြေရည်တူအသင်းတွေကိုတောင် သရေရလဒ်ရှာဖွေဖို့ခက်ခဲနေတာဖြစ်ပါတယ်။ ကက်ဂလီယာရီကတော့ တန်းဆင်းဇုန်ကလွတ်ဖို့ ကြိုးပမ်းနေတာကြောင့် ခြေရည်တူအသင်းတွေနဲ့ ဆို ရလဒ်ကောင်းနေခဲ့ပြီး နောက်ဆုံးသုံးပွဲဆက် တိုက်စစ်ကဂိုးရခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် ကက်ဂလီယာရီကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း – ဖရိုစီဝမ်း ၁ – ၂ ကက်ဂလီယာရီ**

ဆလာနီတာနာ Vs ဂျီရိုနာ

**ကစားမည့်ရက်/အချိန် ၂၁-၁-၂၀၂၄ (ည ၁၁:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဂျီရိုနာ ၁ – ၀ ဆလာနီတာနာ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဆလာနီတာနာ | – | ဧး(ရှုံး) | အိမ်(ရှုံး) | ဧး(ရှုံး) |
| ဂျီရိုနာ | – | အိမ်(သရေ) | ဧး(သရေ) | အိမ်(သရေ) |

ဆလာနီတာနာအသင်းဟာ ပြီးခဲ့တဲ့သုံးပွဲဆက် ပွဲကျပ်ကစားခဲ့ရပေမဲ့ တိုက်စစ်ပိုင်းက ပွဲတိုင်းဂိုးသွင်းယူနိုင်ခဲ့ပြီး ကစားကွက်ပိုင်းကောင်းခဲ့တာ ကိုတွေ့ရမှာပါ။ ဂျီရိုနာကတော့ တိုက်စစ်ကစားပုံထက်မြက်ပေမဲ့ ခံစစ် ပိုင်းအမှားများနေတာကြောင့် နောက်ဆုံးသုံးပွဲဆက် ရမှတ်ဆုံးရှုံးခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် အိမ်ရှင်အားသာချက်နဲ့ အသင်းလိုက်ကစား အားကောင်းတဲ့ ဆလာနီတာကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – ဆလာနီတာနာ ၁ – ၀ ဂျီရိုနာ**

## အားကစားသတင်း အတိုအထွာများ

- လိုင်ယွန်အသင်းက ဘယ်လ်ဂျီယံကလပ် ဂျန့်အသင်း တိုက်စစ်မှူးအော်ဘန်ကို ပြောင်းရွှေ့ကြေး ယူရို ၁၂ သန်းဖြင့် ခေါ်ယူ၍ ၂၀၂၈ ခုနှစ်ထိစာချုပ်ချုပ်ဆိုခဲ့ကြောင်း သိရသည်။
- မန်စီးတီးအသင်းက လေဗာကူဆင်အသင်း ကွင်းလယ် တိုက်စစ်မှူးဖလိုရီယန်ဗုစ်ဇ်ကိုခေါ်ယူရန် ကြိုးပမ်းလာသော ကြောင့် အသင်းတာဝန်ရှိသူများက ကစားသမားအတွက် ပြောင်းရွှေ့ကြေး ယူရိုသန်း ၁၃၀ အလိုရှိကြောင်း ထုတ်ဖော် ပြောကြားခဲ့သည်။

ML

## ဂါနာအသင်းနှင့်အာဖရိကဖလားပွဲစဉ်တွင် တိုက်စစ်မှူးဆာလာဟ် ဒဏ်ရာရခဲ့ကြောင်းထုတ်ပြန်



**ကိုင်ရို ဇန်နဝါရီ ၁၉**

အီဂျစ်အသင်း တိုက်စစ်မှူး ဆာလာဟ်သည် အာဖရိကဖလား အုပ်စုပွဲစဉ်အဖြစ် ဂါနာအသင်းနှင့် ကစားခဲ့သည့်ပွဲစဉ်တွင် ကြွက်သား ဒဏ်ရာရရှိခဲ့သောကြောင့် ပထမပိုင်း ပွဲကစားချိန်အတွင်း ပြိုင်ပွဲမှထွက်ခွာ ခဲ့ရကြောင်း သိရသည်။

အသင်းခေါင်းဆောင်ဆာလာဟ် သည် ပွဲထွက်ကစားသမားအဖြစ် ပါဝင်လာခဲ့ရာ ပထမပိုင်းပွဲကစား ချိန်ပြီးဆုံးခါနီးတွင် ကြွက်သား ဒဏ်ရာကြောင့် ကွင်းအတွင်းလဲကျ ခဲ့ကာ ပြိုင်ပွဲကိုဆက်လက်ကစား နိုင်ခြင်းမရှိတော့သဖြင့် အသင်း ဖော် မိုစတာဖာနှင့်လူစားလဲထွက်ခဲ့ ရသည်။

အီဂျစ်နည်းပြ ဗစ်တိုးရီးယား က"ကျွန်တော် ထင်တာတော့ ဆာလာဟ်ရဲ့ ဒဏ်ရာအခြေအနေ က ပြင်းထန်မယ်လို့မထင်ပါဘူး။ ဒါပေမဲ့စစ်ဆေးမှုတွေကိုဆက်လက် စောင့်ကြည့်ရအုံးမှာပါ။ ပေါင် ကြွက်သား ဒဏ်ရာဆိုရင်တော့ အုပ်စုနောက်ဆုံးပွဲစဉ်ကို ပါဝင်နိုင် မှာမဟုတ်ပါဘူး။ သူ့ဒဏ်ရာမပြင်း ထန်ပါစေနဲ့လို့ ဆုတောင်းရမှာပါ" ဟု ပြောကြားခဲ့သည်။

အီဂျစ်အသင်းသည် ဆာလာဟ် ထွက်ခွာသွားပြီးနောက် ပထမပိုင်း နာကျင်အချိန်ပိုတွင် ဂါနာအသင်း တိုက်စစ်မှူးကူဒက်က ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သဖြင့် တစ်ဂိုး ဂိုးမရှိ ဖြင့် ရှုံးနိမ့်သကဲ့သို့ ပွဲချိန် ၆၉ မိနစ် တွင် အိုမာကအီဂျစ်အသင်းအတွက် ချေပဂိုးသွင်းယူနိုင်ခဲ့ပြီး ပြိုင်ပွဲကို ထိန်းချုပ်ကစားရန် ကြိုးပမ်းခဲ့သော် လည်း ကူဒက်က ဂါနာအသင်း အတွက် ပွဲချိန် ၇၁ မိနစ်တွင် ဦးဆောင်ဂိုး ထပ်မံသွင်းယူခဲ့ရာ အီဂျင်အသင်းအခက်တွေ့ခဲ့ရသော် လည်း ပွဲကစားချိန် ၇၄ မိနစ်တွင် မိုဟာမက်က ချေပဂိုးပြန်လည်သွင်း ယူခဲ့သောကြောင့် တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ဖြင့် ပွဲပြီးဆုံးခဲ့ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : ML**

## ဘာစီလိုနာအသင်းက နည်းပြဇာဗီကို ရာထူးမှထုတ်ပယ်ဖြစ်ပါက နည်းပြသစ်အဖြစ် အာတီတာကို ခန့်အပ်ရန်စီစဉ်ထား

**မက်ဒရစ် ဇန်နဝါရီ ၁၉**

ဘာစီလိုနာအသင်းက လက်ရှိ နည်းပြဇာဗီကို ရာထူးမှထုတ်ပယ်ခဲ့ ပါက ၎င်း၏နေရာတွင် နည်းပြသစ် အဖြစ် အာဆင်နယ်အသင်း နည်းပြအာတီတာကို ခန့်အပ်ရန် အတွက် စီစဉ်ထားကြောင်း သိရသည်။

လက်ရှိနည်းပြဇာဗီသည် စပိန် စူပါဖလားဗိုလ်လုပွဲစဉ်တွင် ရီးရဲလ် မက်ဒရစ်အသင်းကို ဂိုးပြတ်ရှုံးနိမ့်ခဲ့ ပြီးနောက် ဖိအားများနှင့်စတင် ရင်ဆိုင်ခဲ့ရပြီး အသင်းပရိသတ်များ က ၎င်းကိုရာထူးမှထုတ်ပယ်ရန် တောင်းဆိုနေသည့် အချိန်တွင် ဇာဗီ၏ နည်းစနစ်များအပေါ် ကစားသမားများကပင် ယုံကြည်မှု မရှိတော့ဟု သတင်းများထွက်ပေါ် ခဲ့ပြီးနောက် အနာဂတ်မှာပိုမို မရေမရာဖြစ်လာခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ဘာစီလိုနာ အသင်းဥက္ကဋ္ဌ လာပေါ်တာနှင့် အသင်းအားကစားဒါရိုက်တာဒေကို တို့က နည်းပြဇာဗီအပေါ်တွင် ထောက်ခံမှုရှိနေဆဲဖြစ်သော်လည်း ဆက်လက်ပြီး ရလဒ်ပိုင်းမတည် မငြိမ်ဖြစ်လာမည်ဆိုပါက နည်းပြ အပြောင်းအလဲ စတင်လုပ်ဆောင် လာဖွယ်ရှိနေပြီး ၎င်း၏နေရာတွင် အစားထိုးမည့်နည်းပြကိုပါ ကြိုတင် ပြင်ဆင်နေခြင်းဖြစ်သည်။

စပိန် ကစားသမားဟောင်း အာတီတာသည် လက်ရှိတွင် အာဆင်နယ်အသင်းကို အကောင်း ဆုံးဦးဆောင်ထားနိုင်သည့်အတွက် ဘာစီလိုနာ အသင်းကလည်း နည်းပြသစ်အဖြစ် ပြန်လည် ပစ်မှတ်ထားနေကြောင်း သိရသည်။

**Ref : Sputnik**

**Trs : STA**

## ဘိုလောဂ်နာတိုက်စစ်မှူး ဇက်ခ်ဇီးကိုခေါ်ယူရန် မန်ယူအသင်းနှင့်အာဆင်နယ်အသင်းတို့ အပြိုင်ကမ်းလှမ်းမှုပြုလုပ်

**လန်ဒန် ဇန်နဝါရီ ၁၉**

ဘိုင်ယန်မြူးနစ် အသင်းမှ ဘိုလောဂ်နာအသင်းသို့ ၂၀၂၂ ခုနှစ် က ပြောင်းရွှေ့ခဲ့သည့် လူငယ် တိုက်စစ်မှူး ဇက်ခ်ဇီးကို မန်ယူ အသင်းနှင့် အာဆင်နယ်အသင်း တို့ကခေါ်ယူရန် အပြိုင်ကမ်းလှမ်းမှု ပြုလုပ်ခဲ့ကြောင်း သိရသည်။

အသက် ၂၂ နှစ်ရှိ လူငယ် တိုက်စစ်မှူးဇက်ခ်ဇီးသည် ဘိုင်ယန် မြူးနစ်အသင်းတွင် ခြေစွမ်းပြသရန် ရှန်းကန်ခဲ့ရသဖြင့် ဘိုလောဂ်နာ အသင်းသို့ပြောင်းရွှေ့ခဲ့ရာ ယခုနှစ် ဘောလုံးရာသီပြိုင်ပွဲစုံ ၁၉ ပွဲတွင် သွင်းဂိုးခုနစ်ဂိုးနှင့် ဂိုးဖန်တီးမှု နှစ်ကြိမ်ထိ ပြုလုပ်ခြေစွမ်းပြသနိုင် ခဲ့သောကြောင့် အာဆင်နယ်အသင်း နှင့်မန်ယူအသင်းတို့က အပြိုင် ကမ်းလှမ်းမှုပြုလုပ်ခဲ့သည်။

မန်ယူအသင်းနှင့် အာဆင်နယ် အသင်းတို့သည် ဇက်ခ်ဇီး၏ခြေစွမ်း ပိုင်းကို ယခုနှစ်ဘောလုံးရာသီအစ ကတည်းက စောင့်ကြည့်နေခဲ့ပြီး လာမည့်နွေရာသီတွင် အသင်း တိုက်စစ်ပိုင်းကို ဖြည့်တင်းနိုင်ရန် ပစ်မှတ်ထားနေသကဲ့သို့ လက်ရှိ တွင် မန်ယူအသင်းက ကစားသမား နှင့် ဆွေးနွေးမှုစတင်ရန် စီစဉ် လျက်ရှိကြောင်း သိရသည်။

ဇက်ခ်ဇီးသည် ဘိုလောဂ်နာ အသင်းနှင့်လာမည့် ၂၀၂၆ ခုနှစ်မှ စာချုပ်ကုန်ဆုံးမည်ဖြစ်ကာ စာချုပ် ဖျက်သိမ်းကြေး ယူရိုသန်း ၄၀ ရှိသဖြင့် အာဆင်နယ်နှင့်မန်ယူ အသင်းတို့ခေါ်ယူနိုင်မည်ဖြစ်သော် လည်း ဘိုင်ယန်မြူးနစ်အသင်းနှင့်




ဘိုလောဂ်နာအသင်းတို့ သဘောတူ စာချုပ်တွင် ၎င်းကိုပြန်လည်ခေါ်ယူ နိုင်မည့် သဘောတူညီချက်ပါဝင် နေသောကြောင့် ဘိုင်ယန်မြူးနစ် အသင်းကခေါ်ယူလိုပါက အာဆင် နယ်အသင်းနှင့် မန်ယူအသင်းတို့ အနေဖြင့် လက်လျှော့ရမည်ဖြစ် ကြောင်း သိရသည်။

**Ref : RT**

**Trs : ML**

# မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဘတ်စကက်ဘောပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၉**

မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဘတ်စကက်ဘောပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၃ နာရီက ရန်ကုန်တိုင်းဒေသကြီး သယ်န်းကျွန်းမြို့နယ် အမျိုးသား အားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပခဲ့ကြောင်း သိရသည်။




ဦးစွာ အမျိုးသားအလွတ်တန်းဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် Ba Na အသင်းနှင့် Ne Ko အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ Ba Na အသင်းက အနိုင်ရရှိခဲ့ပြီး တံခွန်စိုက်ဆုဖလားဆွတ်ခူးနိုင်ခဲ့သည်။

ထို့နောက် ဆုပေးပွဲအခမ်းအနားကိုကျင်းပခဲ့ရာ အမျိုးသမီး U-18 (3×3) ဘတ်စကက်ဘောပြိုင်ပွဲတွင် ပထမဆုရ ABYSS အသင်း၊ ဒုတိယဆုရ Prome အသင်းနှင့် တတိယဆုရ Cobra Club အသင်းတို့ကို မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ် တွဲဘက်အတွင်းရေးမှူး ဦးဗိုလ်ဗိုလ်လွင်၊ အမျိုးသား U-18(3×3) ဘတ်စကက်ဘောပြိုင်ပွဲတွင် ပထမဆုရ မအူပင်အသင်း၊ ဒုတိယဆုရ PYU-A အသင်းနှင့် တတိယဆုရ PYU-B အသင်းတို့ကို မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ် တွဲဘက်အတွင်းရေးမှူး ဦးထင်လင်းပြည့်၊ အမျိုးသမီးအလွတ်တန်း ဘတ်စကက်ဘောပြိုင်ပွဲတွင် ပထမဆုရ STEEL အသင်း၊ ဒုတိယဆုရ Baby -1 အသင်းနှင့်တတိယဆုရ Baby -2 အသင်းတို့ကို မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ် တွဲဘက်အတွင်းရေးမှူး ဒေါ်ကြူကြူမြန်မာ့လက်ရွေးစင် ဘတ်စကက်ဘောအားကစားသမားဟောင်း ဦးမောင်မောင်ညွှန့်နှင့် ဦးရဲအောင်တို့မှ တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို အသီးသီးပေးအပ်ခဲ့သည်။

ထို့နောက် အမျိုးသားအလွတ်တန်း ဘတ်စကက်ဘောပြိုင်ပွဲတွင် ပထမရ Ba Na အသင်း၊ ဒုတိယရ NeKo အသင်းနှင့်တတိယရ Sam Par Oo အသင်းတို့ကို အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဦး၊ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် ဇဟိုအလုပ်အမှုဆောင် ဦးစိုးဝင်းနှင့် ဦးထွန်းဖြူတို့က တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဆက်လက်၍ အမျိုးသမီး၊အမျိုးသား U-18 (3×3) ဘတ်စကက်ဘောပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုရရှိသည့် ABYSS အသင်းနှင့် မအူပင်- A အသင်းတို့ကို မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင်မောင်အေးမှလည်းကောင်း၊အလွတ်တန်း ဘတ်စကက်ဘောအမျိုးသမီးပြိုင်ပွဲတွင် ပထမဆုရ STEEL အသင်းနှင့်အမျိုးသားပြိုင်ပွဲတွင် ပထမဆုရ Ba Na အသင်းတို့ကို မြန်မာနိုင်ငံ တရုတ်ကုန်သည်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင်မောင်ညွန့်က တံခွန်စိုက်ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **STA**

# ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်သို့ အန်ဒရီဗာ တက်ရောက်

**မဲလ်ဘုန်း ဇန်နဝါရီ ၁၉**

ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင်ကျင်းပနေသည့် ဩစတြေးလျ အိုးပင်း အမျိုးသမီးတစ်ဦးချင်း



တင်းနစ်ပြိုင်ပွဲ၏ တတိယအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ရုရှားတင်းနစ်မယ် အန်ဒရီဗာနှင့်ပြင်သစ်တင်းနစ်မယ် ပါရီတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အန်ဒရီဗာက (၁-၆ ၊ ၆-၁ ၊ ၇-၆) ရလဒ်ဖြင့်အနိုင်ရရှိကာ စတုတ္ထအဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၁၆ နှစ်အရွယ်သာရှိသေးသည့် အန်ဒရီဗာသည် ပထမပွဲငယ်တွင် ပြတ်သားသည့်ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့ရပြီးနောက် ဒုတိယပွဲငယ်တွင် ပြတ်သားသည့်ရလဒ်ဖြင့်အနိုင်ရရှိခဲ့ပြီး အဆုံးအဖြတ်ပွဲစဉ်ကို ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာတွင်လည်း ပါရီက (၁-၅) ရလဒ်ဖြင့် ဦးဆောင်ထားနိုင်ခဲ့ပြီး အန်ဒရီဗာအနေဖြင့် ပြိုင်ပွဲမှထွက်ခွာရမည့် အခြေအနေဖြင့် နီးစပ်ခဲ့သော်လည်း နောက်မှလိုက်ကစားပြီးမှ (၇-၆) ရလဒ်ဖြင့် အနိုင်ရရှိကာ စတုတ္ထအဆင့်ကို တက်ရောက်ခဲ့ခြင်းဖြစ်သည်။

ရှုံးနိမ့်ရမည့်အရေးဖြင့်ရင်ဆိုင်ခဲ့ရသော်လည်း စိတ်ဓာတ်မကျဘဲ နောက်မှလိုက်ကစားပြီးမှ မဖြစ်နိုင်သည့်အခြေအနေကို ဖန်တီးပြနိုင်ခဲ့မှုကြောင့် တင်းနစ်လောက၏ အအောင်မြင်ဆုံး ကစားသမားများက အန်ဒရီဗာကို ချီးကျူးမှုများ ပြုလုပ်ခဲ့ကြသည်။ **Ref : RT**

**Trs : AZL**

# The American Express ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို ဇက်ဂျွန်ဆင်နှင့် အဲလက်နိုရန်တို့ပူးတွဲဦးဆောင်

**လာကွင်တာ ဇန်နဝါရီ ၁၉**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် လာကွင်တာမြို့တွင်ကျင်းပနေသည့် The American Express ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား ဇက်ဂျွန်ဆင်နှင့် ဆွီဒင်ဂေါက်သီးရိုက်ကစားသမားအဲလက်နိုရန်တို့က သတ်မှတ်ရိုက်ချက်ထက် ၁၀ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယားထိပ်တွင် ပူးတွဲရပ်တည်လျက်ရှိကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမားရီကိုဟိုအီနှင့် တောင်အာဖရိက ဂေါက်သီးရိုက်ကစားသမားဘီဇူဒန်ဟော့တို့က သတ်မှတ်ရိုက်ချက်ထက် ကိုးချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ဒုတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

နာမည်ကြီးဂေါက်သီးရိုက်ကစားသမားများဖြစ်ကြသည့် အမေရိကန်ဂေါက်သီးရိုက် ကစားသမားများဖြစ်သော ရှောင်ဖီလီ၊ ပက်ထရစ်ကန်တလေ၊ ဂျက်စတင်သောမတ်စ်နှင့် ချန်ပီယံဟောင်း တောင်ကိုရီးယား ဂေါက်သီးရိုက်ကစားသမား ကင်မ်စီဝူတို့ အပါအဝင် ပြိုင်ပွဲဝင် ကိုးဦးထိက သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

အမှတ်ပေးဇယားကို ဦးဆောင်နေသည့် ဇက်ဂျွန်ဆင်သည် ပထမနေ့တွင် Birdies ရိုက်ချက် ၁၀ ကျင်းထိရရှိခဲ့ပြီး အကောင်းဆုံးပုံစံတစ်ခုကို ပြသနိုင်ခဲ့သည်။

အမှတ်ပေးဇယား၏ အဆင့်(၃)အတွင်း ရပ်တည်နေသည့် ပြိုင်ပွဲဝင်များ အားလုံးသည်လည်း ပုံစံကောင်းများ ရရှိခဲ့သည့်အတွက် အဖွင့်နေ့အပြီး ရိုက်ချက်ကွာဟမှုများ ကျဉ်းမြောင်းခဲ့ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : AZL**

# စပိန်လာလီဂါ ပွဲစဉ် (၂၁) ပွဲကြိုသုံးသပ်ချက်များ

**S T A**

**အိုဆာဆူနာ Vs ဂီတာဖေး**

**ကစားမည့်ရက်/အချိန် ၂၁-၁-၂၀၂၄ (ည ၀၇း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဂီတာဖေး ၃ - ၂ အိုဆာဆူနာ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **အိုဆာဆူနာ** | **-** | **ဝေး(နိုင်)** | **ဝေး(ရှုံး)** | **အိမ်(ရှုံး)** |
| **ဂီတာဖေး** | **-** | **အိမ်(ရှုံး)** | **ဝေး(နိုင်)** | **အိမ်(ရှုံး)** |

ဂီတာဖေးအသင်းဟာ အိုဆာဆူနာအသင်းကို နောက်ဆုံးတွေ့ဆုံခဲ့တဲ့ သုံးကြိမ်စလုံးမှာ အနိုင်ရယူထားပါတယ်။ နှစ်ပွဲဆက်ရှုံးပွဲကြုံထားတဲ့ အိုဆာဆူနာအသင်းရဲ့ခြေစွမ်းပိုင်းကလဲ မတည်မငြိမ်ဖြစ်နေပြီး အခုပွဲစဉ်မှာလဲ ရုန်းကန်ရပါလိမ့်မယ်။ ဒါကြောင့် ဂီတာဖေးအသင်းပဲ ရလဒ်ကောင်းသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း - အိုဆာဆူနာ ၁ - ၂ ဂီတာဖေး**

**ဘက်တစ် Vs ဘာစီလိုနာ**

**ကစားမည့်ရက်/အချိန် ၂၁-၁-၂၀၂၄ (ည ၁၂း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဘာစီလိုနာ ၅ - ၀ ဘက်တစ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ဘက်တစ်** | **-** | **ဝေး(ရှုံး)** | **ဝေး(ရှုံး)** | **အိမ်(နိုင်)** |
| **ဘာစီလိုနာ** | **-** | **အိမ်(နိုင်)** | **ဝေး(ရှုံး)** | **ဝေး(နိုင်)** |

အဆင့်(၄)နေရာထိရောက်ရှိနေတဲ့ ဘာစီလိုနာအသင်းဟာ အမှတ်ပေးဇယားအထက်ပိုင်းက အသင်းတွေကိုပြန်လည်ဖိအားပေးနိုင်ဖို့အခုပွဲစဉ်မှာ ရမှတ်ပြည့်ရရှိအောင်ပြင်ဆင်လာမှာပါ။ ဘက်တစ်အသင်းရဲ့ခြေစွမ်းပိုင်းကလဲ ဘာစီလိုနာအသင်းကို ပွဲချိန်ပြည့်ထိန်းချုပ်ကစားနိုင်ဖို့ခက်ခဲမှာပါ။ ဒါကြောင့် ဘာစီလိုနာအသင်းပဲ အနိုင်ရယူသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း - ဘက်တစ် ၁ - ၃ ဘာစီလိုနာ**

# ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၁၈) ပွဲကြိုသုံးသပ်ချက်

**S T A**

**ဂလာဘတ် Vs အော့စ်ဘတ်**

**ကစားမည့်ရက်/အချိန် ၂၁-၁-၂၀၂၄ (ည ၁၁း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**အော့စ်ဘတ် ၄ - ၄ ဂလာဘတ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ဂလာဘတ်** | **-** | **ဝေး(နိုင်)** | **အိမ်(နိုင်)** | **အိမ်(နိုင်)** |
| **အော့စ်ဘတ်** | **-** | **ဝေး(ရှုံး)** | **အိမ်(နိုင်)** | **အိမ်(ရှုံး)** |

နောက်ဆုံးနှစ်ပွဲဆက် နိုင်ပွဲရယူထားတဲ့ ဂလာဘတ်အသင်းဟာ ခြေစွမ်းပိုင်းပြန်လည်ကောင်းမွန်နေလို့ အော့စ်ဘတ်အသင်းကိုခြေစွမ်းပိုင်းအသာနဲ့ဖိအားပေးနိုင်မှာပါ။ အော့စ်ဘတ်အသင်းကတော့ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိဘဲ ရုန်းကန်နေရလို့ အခုပွဲစဉ်မှာလဲ ခက်ခဲနေမှာပါ။ ဒါကြောင့် အိမ်ကွင်းကစားပုံကောင်းမွန်မှုရှိတဲ့ ဂလာဘတ်အသင်းပဲ ရလဒ်ကောင်းသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း - ဂလာဘတ် ၁ - ၀ အော့စ်ဘတ်**

# ပြင်သစ်ကိုပါဒယ်ရေးဖလားပြိုင်ပွဲ ပွဲကြိုသုံးသပ်ချက်

**S T A**

**ရင်းနက် Vs မာဆေး**

**ကစားမည့်ရက်/အချိန် ၂၂-၁-၂၀၂၄ (နံနက် ၀၂း၃၅နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**မာဆေး ၂ - ၀ ရင်းနက်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ရင်းနက်** | **-** | **ဝေး(နိုင်)** | **ဝေး(နိုင်)** | **အိမ်(နိုင်)** |
| **မာဆေး** | **-** | **ဝေး(သရေ)** | **ဝေး(နိုင်)** | **အိမ်(သရေ)** |

နောက်ဆုံးသုံးပွဲဆက်နိုင်ပွဲရယူထားပြီး အိမ်ကွင်းနှစ်ပွဲဆက်အနိုင်ရရှိထားတဲ့ ရင်းနက်အသင်းရဲ့ခြေစွမ်းပိုင်းက တည်ငြိမ်မှုရှိပါတယ်။ မာဆေးအသင်းကတော့ နောက်ပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းပိုင်းနဲ့ တိုက်စစ်အားပါကျဆင်းနေပါတယ်။ ဒါကြောင့် အိမ်ရှင်အားသာချက်နဲ့ ဖိအားပေးလာမဲ့ ရင်းနက်အသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - ရင်းနက် ၂ - ၁ မာဆေး**

# ပညာရေးစုံညီပွဲတော်များနှင့် လူငယ်များ၏အနာဂတ်

ဖောင်သောင်းဝင်း(တမန်ဟောင်း)

နှစ်စဉ် ဇန်နဝါရီလရောက်ပြီဆိုလျှင် နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများ၌ ပညာရေးစုံညီပွဲတော်များစည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိသည်။ ပညာသင်နှစ်တစ်နှစ်လုံးတွင် ဘာသာရပ်အလိုက် ထူးချွန်ဆုရရှိခဲ့သူများ၊ နေ့ထူးနေ့မြတ် အထိမ်းအမှတ်ဆောင်းပါး၊ ပန်းချီ၊ ကာတွန်းပြိုင်ပွဲတို့၌ ဆုရရှိသူများကို စုံညီပွဲတော်ကာလတွင် ဆုချီးမြှင့်ပေးသည်။ ထူးချွန်ဆရာ၊ ဆရာမများကိုလည်း ဆုချီးမြှင့်ပေးသည်။ ဆုရ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများသည် အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။ ကျောင်းသား၊ ကျောင်းသူလေးများ၏ ကပြဖျော်ဖြေတင်ဆက်မှုများ၊ မုန့်စားလက်မှတ်များနှင့် ရောင်းချသည့် မုန့်ဈေးတန်းများ၊ ကံစမ်းမဲဖောက်သည့် အစီအစဉ်များလည်းပါရှိသည်။ ပျော်ရွှင်နေသော ကလေးငယ်များကိုမြင်တွေ့ရသည်မှာ စိတ်ချမ်းမြေ့ဖွယ်ရာပင်ဖြစ်သည်။

**ကောင်းမွန်သောရည်ရွယ်ချက်များ**

ပညာရေးစုံညီပွဲတော်သည် ဆရာ၊ မိဘ၊ ကျောင်းသားစုံညီစွာ ပူးပေါင်းဆင်နွှဲသောပွဲတော်ဖြစ်သည်။ တစ်နည်းအားဖြင့် ဆရာ၊ မိဘ၊ ကျောင်းသား ပိုမိုစည်းလုံးမှုရရှိသော လှုပ်ရှားမှုတစ်ရပ်ပင်ဖြစ်သည်။ ပညာရေးဝန်ကြီးဌာနသည် ပညာရေးစုံညီပွဲတော်ကျင်းပရေးရည်ရွယ်ချက် (၄) ရပ်ကို ချမှတ်ထားသည်။ ၎င်းတို့မှာ-

(၁) ပညာရေးမြှင့်တင်မှုအစီအစဉ်အရ ကျောင်း၏တိုးတက်ဖြစ်ပေါ်မှုများ၊ အောင်မြင်မှုများကို မိဘပြည်သူများကို အသိပေးရန်၊

(၂) မိဘ၊ ဆရာ၊ ကျောင်းသား ပိုမိုရင်းနှီးပြီး ပညာရေးတိုးတက်ဖွံ့ဖြိုးမှုအတွက် ပူးပေါင်းပါဝင်မှု ပိုမိုမြင့်မားလာစေရန်၊

(၃) မိဘပြည်သူများက ကျောင်းအပေါ် ပိုမိုစိတ်ဝင်စားမှု၊ စေတနာထားလာမှုတို့ဖြင့် ကျောင်းသံယောဇဉ်ပိုမိုတိုးမြင့်လာစေရန်၊

(၄) မိဘ၊ ဆရာ၊ ကျောင်းသား ပူးပေါင်းမှုဖြင့် ပညာရေး အကောင်အထည်ဖော်ဆောင်ရွက်မှုပိုမိုအောင်မြင်လာစေရန်တို့ဖြစ်သည်။

**လွတ်မြောက်နိုင်**

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်လိုလျှင် အဓိကအားဖြင့် ပညာရေးတွင် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ကြရသည်။ ထိုသို့ ရင်းနှီးမြှုပ်နှံရာတွင် နိုင်ငံသားများ၏ ပညာရည်အဆင့်အတန်းမြင့်မားရေးသည် များစွာအရေးပါလျက်ရှိသည်။ အထူးသဖြင့် မျိုးဆက်သစ်များ ပညာရည်မြင့်မားနေမှသာလျှင် ထိုနိုင်ငံသည် အဆင်းရဲဆုံးနိုင်ငံများစာရင်းမှ လွတ်မြောက်နိုင်မည်ဖြစ်သည်။ စင်စစ်အားဖြင့် အသိပညာရှင်၊ အတတ်ပညာရှင် ပေါများသောနိုင်ငံတိုင်းသည် စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး စသည့်နယ်ပယ်အားလုံးတွင် ဖွံ့ဖြိုးတိုးတက်ပြီး ကမ္ဘာ့ဦးဆောင်နိုင်ငံများအဖြစ် ရပ်တည်နိုင်လေ့ရှိကြသည်။ ပညာသည် လူတစ်ဦးချင်းစီ၏ဘဝတိုးတက်ရေးကို များစွာအထောက်အကူပြုလျက်ရှိသည်။ အသိပညာ၊ အတတ်ပညာများရှိမှသာလျှင် လုပ်ငန်းနယ်ပယ်မျိုးစုံ၌ ပိုမိုတိုးတက်ဖွံ့ဖြိုးနိုင်မည်ဖြစ်သည်။

အမှန်တော့ နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်သည် မျိုးဆက်သစ်လူငယ်များ၏ ပညာတတ်မြောက်မှုအဆင့်အတန်းပေါ်တွင် များစွာတည်မှီလျက်ရှိသည်။ ထိုမျိုးဆက်သစ်များ ပညာရည်အဆင့်အတန်းမြင့်မားရေးအတွက် သင့်တော်သည့် သင်ရိုးညွှန်းတမ်းများ စနစ်တကျ သင်ကြားပြသပို့ချပေးနိုင်မှုနှင့် စာမေးပွဲစနစ်များရှိနေမှသာ တိုးတက်နိုင်မည်ဖြစ်သည်။ ထို့ပြင် ကလေးငယ်များ၏ တတ်မြောက်မှုအရည်အချင်းကို စမ်းသပ်စစ်ဆေးနိုင်ရန် အဆင့်မီသော မေးခွန်းများနှင့် ပုံမှန်စစ်ဆေးမှုများ မပျက်မကွက်ပြုလုပ်ပေးသွားရန်လည်း လိုအပ်ပေသည်။

> ❖ ပညာရေးစုံညီပွဲတော်များသည် မိဘ၊ ဆရာ၊ ကျောင်းသား သုံးနားညီပူးပေါင်းဆောင်ရွက်မှု အမှတ်သင်္ကေတပင်ဖြစ်သည်။ ကျောင်းသားလူငယ်များအတွက် အားကျအတုယူရန် ပတ်ဝန်းကျင်ကောင်းတစ်ရပ်ကို ဖန်တီးပေးခြင်းလည်းဖြစ်ပေသည်။ စင်စစ်အားဖြင့် လူငယ်များသည် ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလဟူသော ဗလငါးတန်နှင့်လည်းပြည့်စုံနေရန် လိုအပ်ပေသည်။ တစ်နည်းအားဖြင့်ဆိုရလျှင် အရည်အချင်းပြည့်မီသော လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွန်းလာမှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူ ဖြစ်စေမည်ဖြစ်သည်။❖

**ရင်းနှီးမြှုပ်နှံ**

ထို့ကြောင့် မြန်မာနိုင်ငံတွင် မျိုးဆက်သစ်များ ပညာရည်မြင့်မားရေးအတွက် ရေတိုရေရှည်စီမံကိန်းများချမှတ်လျက် အမျိုးသားရေးအသွင်ဖြင့် အကောင်အထည်ဖော်လျက်ရှိသည်။ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေနိုင်ရေးအတွက် အခမဲ့ပညာရေးအစီအစဉ်ကို အဆင့်အလိုက်အကောင်အထည်ဖော်လျက်ရှိသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် KG+9 အဆင့်ထိ မဖြစ်မနေပညာသင်ကြားရန် မူဝါဒချမှတ်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုကြောင့် ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံမှုနှုန်း သိသာစွာမြင့်တက်လာခဲ့သည်။ ကျောင်းနေမှုနှုန်းမြင့်မားလာသည်နှင့်အမျှ ရေမြင့်ကြာမြင့်ဆိုသလို စာတတ်မြောက်မှုနှုန်းလည်း သိသာထင်ရှားစွာမြင့်တက်လာမည်မှာ မြေကြီးလက်ခတ်မလွဲပင်ဖြစ်သည်။

စင်စစ်အားဖြင့် ပညာရေးတွင် ရင်းနှီးမြှုပ်နှံခြင်းသည် တိုင်းပြည်တိုးတက်ရေးကို ဖော်ဆောင်နေခြင်းပင်ဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံများသည် မျိုးဆက်သစ်လူငယ်များ၏ပညာရေးကို အလေးထားကြသည်။ ပညာရေးအသုံးစရိတ် သုံးစွဲနိုင်မှုအပေါ် မူတည်၍ နိုင်ငံတစ်နိုင်ငံ၏အဆင့်အတန်းကို ဖော်ပြလျက်ရှိသည်။ နိုင်ငံတစ်နိုင်ငံတည်ဆောက်ရာတွင် မျိုးဆက်သစ်များဖြင့်သာ တည်ဆောက်ကြရသည်။ မျိုးဆက်သစ်များ ပညာပြည့်ဝနေမှသာလျှင် အနာဂတ်နိုင်ငံတော်ကိုတိုးတက်အောင် ထူထောင်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် မျိုးဆက်သစ်များကို အလေးထားသင့်ပေသည်။ အလေးထားသည်ဆိုသည်မှာ ထိုက်သင့်သည့် နေရာပေးခြင်း၊ ပြောဆိုဆွေးနွေးခွင့်ပြုခြင်း၊ ပါဝင်ဆောင်ရွက်ခွင့်ပြုခြင်းတို့ပင်ဖြစ်သည်။

**မိဘဝတ္တရားကျေပွန်သင့်**

အမှန်တော့ မိဘများသည် မိမိ သား၊ သမီးများကို မိမိထက်တော်သူ၊ တတ်သူ၊ အောင်မြင်သူ၊ ထူးချွန်သူ၊ ကြီးပွားသူများဖြစ်လာအောင် ပြုစုပျိုးထောင်သွားရန် တာဝန်ရှိသည်။ အထူးသဖြင့် အမျိုးဘာသာ၊ သာသနာ၊ ရိုးရာအစဉ်အလာနှင့် ယဉ်ကျေးမှုတို့ကိုထိန်းသိမ်းစောင့်ရှောက်လိုသည့်စိတ်ဓာတ် ကိန်းအောင်းနေအောင်ပြုစုပျိုးထောင်သွားရန်လိုအပ်သည်။ အမှန်တော့ မျိုးဆက်သစ်များသည် ပညာရေး၊ စီးပွားရေးတို့တွင် တစ်ဆင့်ထက်တစ်ဆင့် တိုးတက်အောင်မြင်နေရမည်ဖြစ်သည်။ မိမိက လယ်သမားဖြစ်နေသည့်တိုင်အောင် သား၊ သမီးများကို အင်ဂျင်နီယာကြီးများ၊ ဆရာဝန်ကြီးများ၊ ပါမောက္ခကြီးများ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများဖြစ်လာအောင် မြေတောင်မြှောက်ပေးမှသာ မိဘဝတ္တရားကျေပွန်သည်ဟု ဆိုချင်သည်။

**အဖျက်အမှောင့်သတိထား**

စင်စစ်အားဖြင့် ကျောင်းသား၊ ကျောင်းသူအားလုံး ဘေးကင်းလုံခြုံပြီး ကျန်းမာပျော်ရွှင်စွာ ပညာသင်ယူနိုင်ရေးသည် များစွာအရေးပါလျက်ရှိသည်။ သို့သော် အချို့သောဒေသများတွင် အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH ၊ NUG နှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် အခြေခံပညာကျောင်းများကို မီးရှို့တိုက်ခိုက်ခြင်း၊ ဗုံးထောင်ခြင်း၊ ဆရာ၊ ဆရာမများကိုခြိမ်းခြောက်အကျပ်ကိုင်ခြင်းနှင့် မိဘ၊ အုပ်ထိန်းသူများကိုလည်း သား၊ သမီးများကို ကျောင်းမတက်ခိုင်းရန် စည်းရုံးလှုံ့ဆော်ခြင်းများ လုပ်ဆောင်လျက်ရှိသည်။ ထို့ပြင် စာသင်ကျောင်းများနှင့် ကျောင်းခြံဝင်း အုတ်တံတိုင်းများတွင်လည်း ခြိမ်းခြောက်လှုံ့ဆော်သည့်စာများ ရေးသားလျက်ရှိသည်။ ထို့ကြောင့် မိဘအုပ်ထိန်းသူများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ၊ ဆရာမများ၊ တာဝန်သိပြည်သူများအနေဖြင့် အဖျက်အမှောင့်လုပ်ဆောင်ရန်ကြံစည်နေသူများ၏သတင်းနှင့် လှုပ်ရှားမှုများကို သက်ဆိုင်ရာလုံခြုံရေးတပ်ဖွဲ့များသို့ အချိန်မီအသိပေးသွားသင့်ပေသည်။

**ပညာရေးစုံညီပွဲတော်များနှင့်လူငယ်များ၏ အနာဂတ်**

ဆိုရလျှင် ပညာရေးစုံညီပွဲတော်များသည် မိဘ၊ ဆရာ၊ ကျောင်းသား သုံးနားညီပူးပေါင်း ဆောင်ရွက်မှု အမှတ်သင်္ကေတပင်ဖြစ်သည်။ ကျောင်းသားလူငယ်များအတွက် အားကျအတုယူရန် ပတ်ဝန်းကျင်ကောင်းတစ်ရပ်ကို ဖန်တီးပေးခြင်းလည်းဖြစ်ပေသည်။ စင်စစ်အားဖြင့် လူငယ်များသည် ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလဟူသော ဗလငါးတန်နှင့်လည်း ပြည့်စုံနေရန် လိုအပ်ပေသည်။ တစ်နည်းအားဖြင့်ဆိုရလျှင် အရည်အချင်းပြည့်မီသော လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွန်းလာမှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေမည်ဖြစ်သည်။ အမှန်တော့ နှစ်စဉ်ကျင်းပလျက်ရှိသော ပညာရေးစုံညီပွဲတော်များသည် ဘက်စုံထူးချွန်သော လူငယ်များပေါ်ထွန်းလာရေးအတွက် များစွာအရေးပါလျက်ရှိသည်။ ထို့ကြောင့် တိုင်းပြည်တာဝန်ကို လက်ဆင့်ကမ်းရယူသွားမည့် အနာဂတ်လူငယ်များ ဗလငါးတန်နှင့်ပြည့်စုံနေစေရန်အတွက် အားလုံးပူးပေါင်းဆောင်ရွက်သွားကြပါစို့ဟု တိုက်တွန်းအကြံပြုရေးသားလိုက်ရပါသည်။

## တောင်သာမြို့နယ် အလယ်ချိုင့်(မ)ကျေးရွာ၌ VDP စီမံကိန်းရန်ပုံငွေဖြင့် မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**တောင်သာ ဇန်နဝါရီ ၁၉**

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အလယ်ချိုင့်(မ)ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် မြေသားရေကန် တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဇန်နဝါရီ ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ အလယ်ချိုင့်(မ)ကျေးရွာ၌ မြေသားရေကန် တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြေသားရေကန် တူးဖော်ခြင်းလုပ်ငန်းကို သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ကြရန်နှင့် ဆောင်ရွက်ပြီးစီးပါကလည်း ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အလယ်ချိုင့်(မ)ကျေးရွာ၌ အလျားပေ ၄၀၊ အနံပေ ၄၀၊ အနက် ၁၂ ပေရှိ မြေသားရေကန် တူးဖော်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ် ၈ ဒသမ ၄ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် သုည ဒသမ ၁၆ သန်းဖြင့် ယခုနှစ် ဇန်နဝါရီလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၅၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါ မြေသားရေကန် တူးဖော်ခြင်းလုပ်ငန်းများပြီးစီးပါက အလယ်ချိုင့်(မ) ကျေးရွာရှိ အိမ်ခြေ ၈၉ အိမ်မှ လူ ၄၉၂ ဦးအတွက် သောက်သုံးရေဖူလုံစွာ ရရှိမည်ဖြစ်ကြောင်း တောင်သာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။



**ချစ်ဦးကို**

# ကမာရွတ်မြို့နယ် The Sea Art Gallery ပန်းချီပြခန်းတွင် A Family Art Journey ပန်းချီပြပွဲ ပြသသွားမည်



**ရန်ကုန် ဇန်နဝါရီ ၁၉**

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်ရှိ The Sea Art Gallery ပန်းချီပြခန်းတွင် A Family Art Journey ပန်းချီပြပွဲကို ဇန်နဝါရီ ၂၀ ရက်မှ ဇန်နဝါရီ ၂၆ ရက်ထိ ပြသသွားမည်ဖြစ်ကြောင်း အဆိုပါပန်းချီပြပွဲတွင် ပါဝင်ပြသမည့် ပန်းချီ ရဲအောင်မြတ်က ပြောပြ၍ သိရသည်။

A Family Art Journey ပန်းချီပြပွဲတွင် ပန်းချီဆရာကြီး ဦးမြသောင်း၊ ပန်းချီ ရဲအောင်မြတ်နှင့် ပန်းချီ နုနုတို့၏ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ် ပန်းချီလက်ရာများကို စုဆောင်းပြသသွားမည်ဖြစ်ပြီး ပန်းချီကားအများစုမှာ တောတောင်ရေမြေ သဘာဝ၊ လူပုံ၊ မြန်မာ့ဓလေ့၊ မြန်မာ့ရှုခင်းနှင့် စိတ်ကြိုက်ရေးဆွဲထားသည့် ပန်းချီကားများ ပါဝင်ကြောင်း သိရသည်။

"ဒီပန်းချီပြပွဲကတော့ ကျွန်တော်တို့မိသားစုဝင်သုံးယောက် ရေးဆွဲထားတဲ့ပန်းချီကားတွေထဲက စိတ်ကြိုက်ရွေးချယ်ထားတဲ့ ပန်းချီကားတွေကို စုစည်းပြသမှာပါ။ ပန်းချီကား စုစုပေါင်းကတော့ ၅၀ ကျော်ပါဝင်မှာဖြစ်ပါတယ်။ ပန်းချီကားအများစုကတော့ ဒီနှစ်ပိုင်းအတွင်းမှာ ရေးဆွဲထားတဲ့ပန်းချီကားတွေဖြစ်ပါတယ်"ဟု ပန်းချီ ရဲအောင်မြတ်က ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၃×၄)ပေ၊ (၂×၃)ပေ၊ (၁ ဒသမ ၅×၂)ပေ စသည်ဖြင့် အရွယ်အစားမျိုးစုံပါဝင်ပြီး ဈေးနှုန်းမှာ အနည်းဆုံးငွေကျပ် နှစ်သိန်းမှ အများဆုံးငွေကျပ် သိန်း ၃၀ ထိဖြစ်ကြောင်း သိရသည်။ ASH

# Spider Man မူကွဲဇာတ်ကားများအနက် Madame Web က ပြသချိန်အကြာဆုံးဖြစ်လာ

**နယူးယောက် ဇန်နဝါရီ ၁၉**

ဆိုနီရုပ်ရှင်ကုမ္ပဏီ၏ Spider Man မူကွဲဇာတ်ကားများအနက် Madame Web ဇာတ်ကားမှာ ပြသချိန် အကြာဆုံးဇာတ်ကားဖြစ်ကြောင်း ဇန်နဝါရီ ၁၈ ရက် သတင်းများအရ သိရသည်။

Madame Web ဇာတ်ကား၏ ပြသချိန်စုစုပေါင်းမှာ ၁၁၆ မိနစ်ထိရှိကြောင်း ဆိုနီရုပ်ရှင်ကုမ္ပဏီက ဇန်နဝါရီ ၁၈ ရက်တွင် ထုတ်ပြန်သည့်ကြေညာချက်၌ ဖော်ပြထားကြောင်း သိရသည်။

Spider Man မူကွဲဇာတ်ကားဖြစ်သည့် Madame Web ဇာတ်ကားကို ဒါရိုက်တာ အက်ဂျေကလပ်ဆန်က ရိုက်ကူးပေးထားကြောင်း သိရသည်။

၎င်းဇာတ်ကားတွင် မင်းသမီး ဒါကိုတာဂျွန်ဆင်က အဓိကဇာတ်ကောင် ကတ်ဆန်ဒရာဝက်အဖြစ် ပါဝင်သရုပ်ဆောင်ထားသည်။

Madame Web ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ မက်ဆာဇာမာနှင့် ဘာ့ရှ်ပလက်တို့က ရေးသားပေးထားကြောင်း သိရသည်။

Madame Web ဇာတ်ကားကို ယခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် ရုံတင်ပြသရန် ဆိုနီရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**




# ကုထုံးမဲ့ချစ်ခြင်း ဇာတ်လမ်းတွဲကို Mahar Application မှ ထုတ်လွှင့်သွားမည်ဖြစ်

**ရန်ကုန် ဇန်နဝါရီ ၁၉**

ကုထုံးမဲ့ချစ်ခြင်း ဇာတ်လမ်းတွဲကို ဇန်နဝါရီလအတွင်း Mahar Application မှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသည့် သရုပ်ဆောင် ဇော်ဦးက ပြောပြ၍ သိရသည်။

ကုထုံးမဲ့ချစ်ခြင်း ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဟေမာန်ဟိန်းနှင့် ရည်မွန်ထက် (Story Farm) က ရေးသားထားခြင်းဖြစ်ပြီး ဒါရိုက်တာ သားကြီးက တာဝန်ယူပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း၊ Mahar Application မှ Mahar Original Series အဖြစ် HD Quality ဖြင့် ဇန်နဝါရီလအတွင်း ထုတ်လွှင့်ပြသပေးသွားမည်ဖြစ်ကြောင်း၊ Mahar Application နှင့်အတူ fortune tv ရုပ်သံလိုင်းမှလည်း ထုတ်လွှင့်သွားရန် စီစဉ်ထားကြောင်း သိရသည်။




"ကျွန်တော်က ဒီဇာတ်လမ်းတွဲမှာ မိတဆိုး သမီးတစ်ယောက်ရဲ့ဖခင်နေရာက သရုပ်ဆောင်ထားပါတယ်။ ဒီဇာတ်လမ်းတွဲကတော့ လူငယ်ကြိုက် အချစ်ဒရာမာဇာတ်လမ်းလေးပါ။ ဒီဇာတ်လမ်းတွဲက Mahar Application မှာ ထုတ်လွှင့်မှာပါ။ ထပ်မံပြီးတော့ fortune tv ရုပ်သံလိုင်းက ထုတ်လွှင့်ပေးမှာဖြစ်ပါတယ်"ဟု သရုပ်ဆောင် ဇော်ဦးက ပြောပြသည်။

ကုထုံးမဲ့ချစ်ခြင်း ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင် အောင်မင်းခန့်၊ ဇေလင်းရောင်၊ ရတနာစို၊ မေမီ၊ စနိုးကြည်ဖြူ၊ ဇော်ဦးနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# Code 8 Part II ဇာတ်ကားကို ဖေဖော်ဝါရီလတွင် ထုတ်လွှင့်ပြသရန် စီစဉ်ထား

**နယူးယောက် ဇန်နဝါရီ ၁၉**

Code 8 Part II ဇာတ်ကားသစ်ကို ဖေဖော်ဝါရီလအတွင်း ထုတ်လွှင့်ပြသရန် Netflix ကုမ္ပဏီက စီစဉ်ထားကြောင်း ဇန်နဝါရီ ၁၈ ရက် သတင်းများအရ သိရသည်။

Code 8 Part II ဇာတ်ကားသည် Code 8(2019)၏ နောက်ဆက်တွဲဇာတ်ကားဖြစ်သည်။

Code 8 Part II ဇာတ်ကားကို ဖေဖော်ဝါရီ ၂၈ ရက်တွင် စတင်ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း ဇန်နဝါရီ ၁၇ ရက်တွင် ထုတ်ပြန်သည့် Netflix၏ ကြေညာချက်၌ ဖော်ပြထားသည်။

Code 8 ဇာတ်ကားများသည် သဘာဝလွန်စွမ်းအားများပိုင်ဆိုင်ထားသည့် လူသားများအကြောင်း ဇာတ်အိမ်ဖွဲ့ ရိုက်ကူးထားသော ဇာတ်ကားများ ဖြစ်ကြကြောင်း သိရသည်။

Code 8 Part II ဇာတ်ကားကို ဒါရိုက်တာဂျက်ချန်းက တာဝန်ယူရိုက်ကူးပေးထားပြီး ဝတ္ထုဇာတ်ညွှန်းကို ခရစ်ပါရီနှင့်ပူးတွဲ၍ ရေးသားထားကြောင်း ဂျက်ချန်းက ပြောကြားထားသည်။

Code 8 Part II တွင် မင်းသား ရော့ဘီအမ်မဲ၊ စတီဖင်အမ်မဲ၊ အေရှန်အေဘရမ်နှင့် မင်းသမီး ယန်းယွန်တို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



# ထိုင်းနိုင်ငံရှိ မြန်မာအမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များသို့ မြန်မာပန်းပုလက်ရာ ကိန္နရီ၊ကိန္နရာမောင်နှံရုပ်များ တင်ပို့သွားမည်



**ရန်ကုန် ဇန်နဝါရီ ၁၉**

ထိုင်းနိုင်ငံရှိ မြန်မာအမှတ်တရလက်ဆောင်ပစ္စည်း အရောင်းဆိုင်များသို့ မြန်မာပန်းပုလက်ရာ ကိန္နရီ၊ကိန္နရာမောင်နှံရုပ်များ တင်ပို့သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်န်းကျွန်းမြို့နယ်ရှိ မြန်မာမဏ္ဍိုင် အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းစင်တာမှ မန်နေးဂျင်းဒါရိုက်တာ ဦးမောင်မောင်အေးက ပြောပြ၍ သိရသည်။

ထိုင်းနိုင်ငံ မယ်ဆိုင်နှင့် ချင်းရိုင်မြို့တို့ရှိ မြန်မာနိုင်ငံသားများ ဖွင့်လှစ်ထားသည့် မြန်မာအမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များက မြန်မာအမှတ်တရလက်ဆောင်ပစ္စည်းများကို မှာယူလေ့ရှိပြီး ယခုလစတုတ္ထပတ်အတွင်း ကိန္နရီ၊ကိန္နရာမောင်နှံရုပ်များကို ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ နယ်စပ်ကုန်သွယ်ရေးစခန်းများမှ တင်ပို့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ထိုင်းနိုင်ငံက နယ်စပ်မြို့တွေဖြစ်တဲ့ တာချီလိတ်နဲ့ကပ်နေတဲ့ မယ်ဆိုင်မြို့၊ ချင်းရိုင်မြို့တွေမှာရှိတဲ့ အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်တွေကို ဒီလထဲမှာ အလျား ၁၁ လက်မ၊ အမြင့် ၁၅ လက်မ၊ ၃ လေးလက်မ အရွယ်အစားရှိတဲ့ ကိန္နရီ၊ကိန္နရာမောင်နှံရုပ်တွေကို တင်ပို့သွားဖို့ရှိပါတယ်။ အသားကတော့ ကုက္ကိုအနှစ်သားဖြစ်ပါတယ်။ ဒီလမကုန်မီ ကိန္နရီ၊ကိန္နရာမောင်နှံရုပ် ၅၀ လောက် တင်ပို့ရမှာဖြစ်ပါတယ်။ ပဲခူးမြို့ ရွှေသာလျောင်းဘုရားကြီး ပန်းပုတန်းကနေ အပ်နှံသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ပြည်တွင်းရောင်းဈေးကတော့ ကိန္နရီ၊ကိန္နရာမောင်နှံရုပ်တစ်ရုပ်ကို ငွေကျပ် ၁၁၀၀၀၀ ကျသင့်မှာဖြစ်ပါတယ်"ဟု ဦးမောင်မောင်အေးက ပြောပြ၍ သိရသည်။ ASH

# Renovation of ancient religious monuments to be completed in Bagan before monsoon


An ancient Buddhist temple in Bagan.

**Bagan January 19**

The Department of Archaeology and National Museum (Bagan Branch) stated that plans are underway to complete renovation of ancient religious edifices in Bagan ancient cultural zone without losing original works before monsoon.

Renovation tasks are being undertaken at Pagoda No 534 Sabwetin Pagoda, Shin Arahan Brick Monastery in the precinct of Hngetpyittaung Pagoda, Pagoda No 161 damaged in heavy rains and Lawka Pwintlin Pagoda.

"The Union budget, regional government fund and ministerial funds are being spent on renovation of more than 3,000 religious buildings in the Bagan. These tasks must be completed before monsoon. At Pagoda No 534 Sabwetin Pagoda, renovation of the pagoda, preservation of mural paintings, and renovation of four Buddha images are being undertaken. Likewise, Shin Arahan Brick Monastery in the precinct of Hngetpyittaung Pagoda are being kept neat and tidy for attracting travellers. The bird statue will be painted in original colours. The damaged Pagoda No 161 and ceiling of the Lawka Pwintlin Temple are being renovated for completion before monsoon," said deputy director U Myint Than of the Bagan Branch.

Moreover, Myanmar and Italian experts are conducting research on Bagan era's water supply system and drainage system. Now, preparations are being made to dredge 11 ancient Lakes included in the water supply networks in Bagan era. ASH

# Trade, investment crucial for continued recovery: WEF

**Davos January 19**

Trade and investment remain essential for the continued recovery of the global economy, participants said at the 54th World Economic Forum (WEF) Annual Meeting here this week.

"Without a free flow of trade, I don't think we can recover," Ngozi Okonjo-Iweala, director-general of the World Trade Organization (WTO), said in a session exploring the role of trade and investment as a driver of economic growth.

Stressing a two-way relationship between growth and trade, she said the WTO is negotiating an investment facilitation agreement with 110 countries, in an effort to help developing countries "sweep away barriers" for investment to flow in and revitalize trade and growth.

According to Okonjo-Iweala, the WTO was "slightly less optimistic" about its projected 3.3 percent growth in commodity trade this year due to the tensions in the Red Sea and the downgrade of global growth.

"We are revising it, but I do not have the new numbers," she said.

In October, the WTO more than halved last year's global commodity trade forecast to 0.8 percent, compared to 1.7 percent estimated in April, but maintained its 3.3 percent growth forecast for 2024. Xinhua

# More than 3,000 acres of croplands placed under kitchen crops in Budalin Township

**Budalin January 19**

Budalin Township of Monywa District has grown more than 3,000 acres of kitchen crops in cold season crop cultivation period this year, according to the statistics of the Township Agriculture Department.

In 2023-24 financial year, the township earmarked cultivation of 4,193 acres of kitchen crops. So, local farmers started cultivation in October 2023 and so far, they have cultivated 3,620 acres of crops.

Head of Township Agriculture Department U Phyo Wai said, "This year, the township planned to grow more than 4,000 acres of kitchen crops but completed more than 3,000 acres. Our department helps the farmers use GAP and agricultural techniques and prevent pests."


A kitchen crop plantation.

This year, the township planted 316 acres of chilli and 3,304 acres of onion, totalling 3,620. The township earmarked cultivation of 279 acres of chilli and 3,914 acres of onions, totalling 4,193.

The Agriculture Department will assist local farmers in fetching good prices for kitchen crops, grasping market share, use agricultural techniques and GAP system and improve soil.

In 2022-23 financial year, the township cultivated 4,193 acres of onions from October to December 2022. 206

# Israel to maintain security control over Gaza after conflict: PM

**Jerusalem January 19**

Israeli Prime Minister Benjamin Netanyahu said Thursday that his country will maintain security control over the Gaza Strip after the ongoing conflict with Hamas ends.


Israel will have "complete security control and control of whatever enters Gaza," Netanyahu told a press conference in Tel Aviv.

He said that over the past two days, Israeli forces killed "dozens" of militants in the Palestinian enclave and destroyed rocket launchers.

"The war continues on all fronts... until we achieve total victory," he said, adding that the recently revised 582-billion-shekel (about 155 billion U.S. dollars) wartime budget, which included an extra 55 billion shekels for defense, "enables the military to fulfill the goals of the war and achieve victory."

He said the war is likely to continue for "many months."

Israel has been continuing the devastating bombardments of Gaza despite international calls for a ceasefire. The assaults were launched on Oct. 7, 2023, following a Hamas attack that resulted in about 1,200 deaths in Israel. According to the Gaza-based Health Ministry on Thursday, the Palestinian death toll from the ongoing Israeli attacks on the strip has risen to 24,620. Xinhua


Israeli troops are seen near the border with Gaza strip, in southern Israel, on Jan. 18, 2024.

# Onion from Seikpyu marketable in Mandalay

**Mandalay January 19**

Onion which comes from Seikpyu of Magway Region fetches good prices in Mandalay market, said Daw May The Swe, owner of Aung onion and potato depot in Mandalay.

Currently, onion from Seikpyu is marketable in Mandalay due to local high demand. Moreover, Bangladesh offers to purchase onion from Myanmar.

"Local wholesalers buy a large volume of onion from SEIKPYU> Now, such kind of onion is in high demand in Mandalay market," she added.

In Mandalay market, Seikpyu onion fetched K2,900 per viss with high demand on 12 January.

"Moreover, onion from Myingyan also flows into Mandalay market in high demand. But, Seikpyu onion is the best in the market," she continued.

184

# Finished industrial goods export earns some US$7 billion from April to December 2023


A garment factory in operation.

**Nay Pyi Taw January 19**

The Trade Department under the Ministry of Commerce stated that Myanmar has earned US$7 billion in export of finished industrial products from 1 April to 31 December of 2023-24 financial year.

During the period, the State owned industries exported finished industrial goods worth US$2.5 billion and the private sector, US$4.5 billion.

"Within nine-month period, export of finished industrial goods has got some US$7 billion. Most of them were CMP products," said Director U Nanda of the Trade Department under the Ministry of Commerce.

CMP product of Myanmar stands first in export sector, followed by natural gas. Oil product takes the first position in import products, followed by textile.

ASH

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Ayeyawady Region to disburse more than K2 billion to purchase inputs for more than 11,000 acres of summer paddy

**Pathein January 19**

More than K2 billion from the State economic promotion fund will be disbursed for more than 11,000 acres of summer paddy in Ayeyawady Region to purchase agricultural inputs, said U Htay Myint Aung, head of Ayeyawady Region Cooperative Department.

"The Cooperative Department has a plan for providing inputs and fertilizers to summer paddy growers. We will issue loans to farmers of more than 11,000 acres of summer paddy in 26 townships of Ayeyawady Region. Such cash must be spent on purchase of agricultural inputs and fertilizers. Farmers can pay back the loans to the department in harvesting time. The loans will be delivered via cooperative societies, groups and companies," he explained.


Workers doing farm work in a rice field.

Agricultural cooperative societies will disburse loans for more than 11,000 acres of summer paddy out of more than 370,000 acres in 26 townships of Ayeyawady Region.

ASH

# Kyonpyaw Township completes cultivation of more than 2,000 acres of kitchen crops

**Kyonpyaw January 19**

Head of Kyonpyaw Township Agriculture Department U Kyaw Kyaw said that the township has completed cultivation of 2,105 acres of kitchen crops this cold season.

The township earmarked cultivation of 2,549 acres of kitchen crops this cold season. Local farmers started cultivation of kitchen crops in the second week of October last year. So far, they have placed 2,105 acres of croplands under kitchen crops and they are making efforts for meeting the target cultivation in cooperation with relevant departments.

"The Agriculture Department cooperates with relevant departments to provide assistance to local farmers so as to grow kitchen crops at cent per cent rate. This cold season, we will grow 2,549 acres of kitchen crops. So, agricultural staff make field trips to assist farmers in growing cold season crops. In addition, we help them systematically use quality strains of seeds," said U Kyaw Kyaw.

Kyonpyaw Township emphasizes cultivation of chilli, mustard, roselle, cabbage, coriander, eggplant, papaya, bitter gourds, beans and cucumber, he added.

Kyaw Kyaw Lin


A kitchen crop plantation.

# Plan underway to conduct sewing refresher course

**Mandalay January 19**

Mandalay Region Small-scale Industries Department decided to open the sewing refresher course for rural people in Patheingyi Township of Mandalay Region to be able to establish own businesses on a manageable scale.

The course will last for 15 days from 15 to 29 January 2024 free of charge for rural people from North Nanda Village in Patheingyi Township. Trainers from the department will give training to the trainees in practical and theoretical processes, said Director of Mandalay Region SME Department U Win Bo.

"The training course in first batch admitted 15 female and male trainees from North Nanda Village. The coming course will be a refresher course aimed at improving socioeconomic life of the people. Women will have the capacity to apply techniques from the training in the practical fields so as to increase family incomes. We anticipate emergence of small-scale productions and businesses with development of human resources," he added.

The refresher course will give training on sewing of stick collar, shirt, gown, minis-skirt and varieties of skirts to the local youths.

185

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ဂျော်ဂျီယာနိုင်ငံက ပခုံးထမ်းလေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်များဝယ်ယူရန် ပိုလန်ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆို




ဂျော်ဂျီယာနိုင်ငံသည် ပိုလန်ကုမ္ပဏီ MESKO SA ထံမှ Piorun-M MANPADS ပခုံးထမ်းလေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်ကိုဝယ်ယူရန် ဇန်နဝါရီ ၁၂ ရက်က စာချုပ် ချုပ်ဆိုခဲ့ကြောင်း ဂျော်ဂျီယာနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနကကြေညာခဲ့သည်ဟု www.armyrecognition.com သတင်းဌာနက ဇန်နဝါရီ ၁၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤအစီရင်ခံစာအရ ဂျော်ဂျီယာနိုင်ငံ ကာကွယ်ရေးဒုတိယဝန်ကြီးနှင့် ပိုလန်ကုမ္ပဏီ MESKO S.A. မှ ကိုယ်စားလှယ်များသည် ဂျော်ဂျီယာနိုင်ငံ ကာကွယ်ရေးစနစ်တွင် ခေတ်မီ NATO စံနှုန်းစစ်လက်နက်ပစ္စည်းများ ပေါင်းစပ်အသုံးပြုနိုင်ခြင်း၏ မဟာဗျူဟာမြောက် အရေးပါမှုကို တွေ့ဆုံဆွေးနွေးပွဲများတွင် မီးမောင်းထိုးပြနိုင်ခဲ့ကြောင်း သိရသည်။ ထို့ပြင် နှစ်နိုင်ငံစလုံးက ဂျော်ဂျီယာကာကွယ်ရေးဝန်ကြီးဌာနနှင့် MESKO S.A. ကုမ္ပဏီတို့ကြား ပူးပေါင်းဆောင်ရွက်မည့် ကြိုးပမ်းမှုများ၊ နှစ်နိုင်ငံ ကာကွယ်ရေး မိတ်ဖက်ဆက်ဆံရေးကိုမြှင့်တင်ရန် ထုတ်ဖော်ပြောကြားခဲ့ကြသည်။

ပိုလန်နှင့် ဂျော်ဂျီယာ နှစ်နိုင်ငံကြား စစ်ရေးပူးပေါင်းဆောင်ရွက်မှုသည် သမိုင်းတွင် နက်နက်ရှိုင်းရှိုင်း မှတ်တမ်းများရှိပြီး အထူးသဖြင့် ၁၉၉၀ ပြည့်နှစ်များအစောပိုင်းတွင် သံတမန်ဆက်ဆံရေး ပြန်လည်ထူထောင်ချိန်မှစ၍ သိသိသာသာတိုးတက်ပြောင်းလဲလာခဲ့သည်။ ဂျော်ဂျီယာစစ်ဘက်အရာရှိများသည် ပိုလန်တပ်မတော်သို့ တာဝန်ထမ်းဆောင်ရန်ရောက်ရှိလာသော အခါတွင် နှစ်နိုင်ငံကြားဆက်ဆံရေးသည် ဒုတိယကမ္ဘာစစ်အတွင်း ပိုမိုခိုင်မာလာခဲ့သည်။ ခေတ်ပြိုင်ကာလတွင် ဤဆက်ဆံရေးသည် မူဝါဒတန်ဖိုးများ၊ ကာကွယ်ရေးနှင့်လုံခြုံရေးတို့တွင် အပြန်အလှန်အကျိုးစီးပွားများဖြင့် အခြေခံထားသော မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးအဖြစ်သို့ ပြောင်းလဲသွားသည်။ ဂျော်ဂျီယာ၏ အချုပ်အခြာအာဏာနှင့် နယ်မြေပိုင်ဆိုင်မှုအတွက် ပိုလန်၏မယိမ်းယိုင်သောထောက်ခံမှုကို ၂၀၀၈ ခုနှစ်တွင် ရုရှား-ဂျော်ဂျီယာစစ်ပွဲအတွင်း ထင်ရှားစွာပြသခဲ့ပြီး ပိုလန်သည် ဂျော်ဂျီယာ၏ အဓိကမဟာမိတ်နှင့် ထောက်ခံသူအဖြစ် ရပ်တည်ပေးခဲ့သည်။

ဂျော်ဂျီယာနိုင်ငံ၏ ဤသို့အရေးပါသော စစ်လက်နက်ပစ္စည်းဝယ်ယူမှုများကြောင့် နှစ်နိုင်ငံကာကွယ်ရေး ပူးပေါင်းဆောင်ရွက်မှုကို ဂျော်ဂျီယာနိုင်ငံကNATO စံနှုန်းနှင့်အညီ ၎င်း၏စစ်ဘက်ခေတ်မီအောင်လုပ်ဆောင်ရန် ကတိကဝတ်များကို ထင်ဟပ်ပြသလျက်ရှိသည်။ ဤဝယ်ယူမှုသည် ၂၀၀၇ ခုနှစ်တွင် ပိုလန်နိုင်ငံထံမှ ဂျော်ဂျီယာတို့ဝယ်ယူခဲ့သော လက်ရှိတပ်ဖြန့်အသုံးပြုလျက်ရှိသည့် GROM-2 ပခုံးထမ်း လေကြောင်းရန်ကာကွယ်ရေးစနစ် အစုံ ၁၀၀ နေရာတွင် အစားထိုးရန် စီစဉ်ခဲ့ခြင်းလည်းဖြစ်သည်။

ပိုလန်နိုင်ငံသည် ဥရောပနှင့် ယူရို-အတ္တလန္တိတ် ပေါင်းစည်းရေးဆီသို့ ဦးတည်ဆောင်ရွက်လျက်ရှိရာ လမ်းကြောင်းတွင် ဂျော်ဂျီယာနိုင်ငံအခန်းကဏ္ဍကို အရေးပါသော မဟာမိတ်နိုင်ငံအဖြစ် အလေးပေးဖော်ပြခဲ့သည်။ စစ်ရေးပူးပေါင်းဆောင်ရွက်မှုသည် လက်နက်သဘောတူညီချက်များတွင်သာမက ကာကွယ်ရေးနှင့် လုံခြုံရေး၏ အခြားကဏ္ဍများထိ ရည်မှန်းချက်များ၊ မဟာဗျူဟာမြောက် အကျိုးစီးပွားများနှင့် ကျယ်ကျယ်ပြန့်ပြန့် ချိန်ညှိလုပ်ဆောင်နေခြင်းလည်းဖြစ်သည်။ နှစ်နိုင်ငံဘက်စုံဆက်ဆံရေးသည် ကာကွယ်ရေးနှင့် လုံခြုံရေးနယ်ပယ်တွင် ပိုလန်နှင့်ဂျော်ဂျီယာကြား ခိုင်မာအားကောင်းသော ပူးပေါင်းဆောင်ရွက်မှုကို လုပ်ဆောင်နိုင်စေခဲ့သည်။

Piorun-M ပခုံးထမ်းလေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်ကို GROM-M ဟု လည်းခေါ်ဝေါ်ကြပြီး မိုးကြိုးဟု အဓိပ္ပာယ်ရှိသည်။ ယခင်က ထုတ်လုပ်ခဲ့သော GROM MANPADS ပခုံးထမ်းလေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်၏ အဆင့်မြှင့်တင်ထားသော ဗားရှင်းဟုလည်းဆိုနိုင်သည်။ မှမ်းမံထားသောဒုံးကျည်ထိပ်ဖူးဖြင့် Piorun-M MANPADS လက်နက်စနစ်တွင် ထိရောက်အကွာအဝေး မီတာ ၄၀၀၊ အမြင့် ၁၀ မီတာထိ ပစ်မှတ်များကို တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။

ဒုံးကျည်သည် အလေးချိန် နှစ်ကီလိုဂရမ်ရှိပြီး ဒရုန်းများအပါအဝင် သေးငယ်သော ဝေဟင်ပစ်မှတ်များကို ထိရောက်စွာ တိုက်ခိုက်နိုင်ရန်အတွက် ဒီဇိုင်းထုတ်ထားသည်။ ရန်သူ့နှောင့်ယှက်လိုင်းများ ထုတ်လွှင့်နေသော စစ်ဆင်ရေးအခြေအနေများ၌ပင် Piorunဒုံးကျည်ဖြင့် ပစ်မှတ်အား ထိမှန်နိုင်ခြေကို ၁၀ ရာခိုင်နှုန်းထိပိုင်ဆိုင်ထားနိုင်မည်ဖြစ်သည်။

**Georgia signs contract with Poland to acquire Piorun-M MANPADS air defence missile systems ကို ဘာသာပြန်ဆိုထားပါသည်။**

---

## ဂျာမနီနိုင်ငံက အနောက်ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်သို့ ဒရုန်းများအခမဲ့ပေးအပ်မည်

ဂျာမနီနိုင်ငံသည် အနောက်ဖိလစ်ပိုင်ပင်လယ်တွင် ရေကြောင်းစောင့်ကြည့်ရေးစစ်ဆင်ရေးအတွက် ကမ်းခြေစောင့်တပ်သို့ ဒရုန်းများ အခမဲ့ပေးအပ်သွားမည်ဟု ကတိပြုထားကြောင်း The Defense Post သတင်းဌာနက ဇန်နဝါရီ ၁၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဂျာမနီနိုင်ငံခြားရေးဝန်ကြီး Annalena Baerbock သည် ဖိလစ်ပိုင်သမ္မတ Ferdinand Marcos Jr. နှင့် မနီလာမြို့တွင် တွေ့ဆုံစဉ် ဒရုန်းများအခမဲ့ပေးအပ်ရေးအစီအစဉ်ကို ကြေညာခဲ့ခြင်းလည်းဖြစ်သည်။

ထောက်ပံ့ပေးပို့မှုတွင် ဒရုန်းလေးစင်းသို့မဟုတ် ထို့ထက်မက ပါဝင်နိုင်မည်ဖြစ်ကြောင်း ဖိလစ်ပိုင်နိုင်ငံ ကမ်းခြေစောင့်တပ်ပြောရေးဆိုခွင့်ရှိသူ ရေတပ်ဗိုလ်ချုပ်ကြီး Armand Balilo က ပြောကြားခဲ့သည်။

ဒရုန်းများသည် ဂျာမနီက အမေရိကန်ဒေါ်လာ ၁၄၁ သန်း အကူအညီပေးရေးပက်ကေ့ချ်အစီအစဉ်၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး အငြင်းပွားမှုများဖြင့် ရှုပ်ထွေးနေသော ဒေသတွင်းအခြေအနေများတွင် ကမ်းခြေစောင့်တပ်ဖွဲ့အတွက် ကင်းထောက်စွမ်းအားစုများအဖြစ် ဖြန့်ကြက်ချထားနိုင်မည်ဖြစ်သည်။

၎င်းတို့ကို သဘာဝဘေးအန္တရာယ်တုံ့ပြန်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးနှင့် တရားမဝင် ငါးဖမ်းလုပ်ငန်း၊ ရေနံယိုဖိတ်မှုအကဲဖြတ်စောင့်ကြည့်ထောက်လှမ်းခြင်းများတွင်လည်း အသုံးပြုမည်ဖြစ်သည်။

၂၀၂၂ ခုနှစ်က ဂျာမနီအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (GIZ) သည် ဖိလစ်ပိုင်နိုင်ငံသို့ Trinity F90+ဒရုန်း နှစ်စင်းကိုပေးအပ်ရန် ဂျာမနီအစိုးရနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ဖူးသည်။

အဆိုပါပေးအပ်မှုသည် အင်ဒို-ပစိဖိတ်ဒေသအတွင်း စည်းမျဉ်းအခြေခံလုပ်ငန်းဆောင်တာများအပေါ် လုံခြုံစေရေးအတွက် ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်ဖွဲ့ကို ပံ့ပိုးကူညီခြင်းဖြစ်သည်ဟု ခေါင်းစဉ်တပ်ထားသည့် GIZ စီမံကိန်း၏ တစ်စိတ်တစ်ပိုင်းလည်းဖြစ်သည်။ ဒရုန်းများသည် အမြင့်မီတာ ၁၂၀၊ ဟက်တာ ၃၀၀ ခန့်ကို လွှမ်းခြုံထားနိုင်ကာ မိနစ် ၆၀ ထိ ပျံသန်းနေနိုင်စွမ်းရှိသည်။

အဆိုပါ လွှဲပြောင်းပေးအပ်မှုသည် မဟာမိတ်များ၏ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် တည်ငြိမ်ရေးကိုမြှင့်တင်ရန် ဂျာမနီနိုင်ငံ၏ ကတိကဝတ်ကို အလေးပေးဖော်ပြနေခြင်းဖြစ်ကြောင်း ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ ဂျာမနီသံအမတ်ကြီး Anke Reiffenstuel က ပြောကြားခဲ့သည်။



"ဂျာမနီရဲ့ ကတိကဝတ်ကတော့ ကမ်းရိုးတန်းကိုကာကွယ်ဖို့၊ ကမ်းခြေစောင့်တပ်ရဲ့ အခန်းကဏ္ဍကိုအားကောင်းစေဖို့နဲ့ ဂျာမနီကထောက်ပံ့ပေးနိုင်တဲ့ စက်ပစ္စည်းတွေကို အမြင့်မားဆုံးဖြစ်အောင် စွမ်းရည်မြှင့်တင်ပေးနိုင်ဖို့ဖြစ်ပါတယ်" ဟု Anke Reiffenstuel က ပြောကြားခဲ့သည်။

**Germany to Donate More Drones to Philippine Coast Guard ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ဧက ၅၃၈၀ စိုက်ပျိုးပြီးစီး



ယခင်နှစ်က မတ်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**ကလေး ဇန်နဝါရီ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲဧက ၅၃၈၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြ၍ သိရသည်။

ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၅၄၃၃ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ မတ်ပဲဧက ၅၃၈၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကလေးခရိုင်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက မတ်ပဲ ၅၄၃၃ ဧက စိုက်ပျိုးဖို့ လျာထားတယ်။ ဒီနေ့ထိ ဧက ၅၃၈၀ စိုက်ပျိုးပြီးပါပြီ။ လျာထားချက်ဧက ပြည့်မီစွာ စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ မတ်ပဲစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်ရေးနည်းလမ်းတွေကိုလဲ မြေပြင်ထိ ကွင်းဆင်းဆောင်ရွက်နေပါတယ်"ဟု ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြသည်။

ကလေးခရိုင်တွင် မြို့နယ်အလိုက် မတ်ပဲစိုက်ပျိုးပြီးစီးမှုအနေဖြင့် ကလေးမြို့နယ်တွင် ၆၈၃ ဧက၊ ကလေးဝမြို့နယ်တွင် ဧက ၁၆၉၀ နှင့် မင်းကင်းမြို့နယ်တွင် ၃၀၀၇ ဧက စုစုပေါင်းဧက ၅၃၈၀ ဖြစ်ကြောင်း၊ မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကလေးမြို့နယ်တွင် ဧက ၆၅၀၊ ကလေးဝမြို့နယ်တွင် ဧက ၁၉၄၀ နှင့် မင်းကင်းမြို့နယ်တွင် ၂၈၄၃ ဧက စုစုပေါင်း ၅၄၃၃ ဧကဖြစ်ကြောင်း သိရသည်။

ကလေးခရိုင်တွင် မတ်ပဲစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အထွက်နှုန်းကောင်းမွန်စေရန်၊ ပိုးမွှားရောဂါကင်းရှင်းစေရန်အတွက် ရိတ်သိမ်းချိန်ထိ တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ (၂၀၆)

# မင်းဘူးမြို့နယ် ကသက်ကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းဘူး ဇန်နဝါရီ ၁၉**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကသက်ကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇန်နဝါရီ ၁၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့်ရရှိလာမည့် အကျိုးကျေးဇူးများ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာနေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်တို့နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများအကြောင်းကို ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာဝင်း၊ ဦးစီးအရာရှိ(နည်းပညာ) ဦးစည်သူဖြိုးနိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၅၆၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကသက်ကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၄ ဦးကို ငွေကျပ် ၄၃၅ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၈ ဦးကို ငွေကျပ် ၁၁၀ ဒသမ ၅ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၁၄ ဒသမ ၅ သိန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၄၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၅၆၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ခင်မာ**

# မံစီမြို့နယ် စီခမ်းကြီး-ပန်တိုင်းကျေးရွာချင်းဆက်လမ်း၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**မံစီ ဇန်နဝါရီ ၁၉**

ကချင်ပြည်နယ် မံစီမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက စီခမ်းကြီး-ပန်တိုင်းကျေးရွာချင်းဆက်လမ်း၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မံစီမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ (တာဝန်) အငယ်တန်းအင်ဂျင်နီယာ(၂)(မြို့ပြ) ဒေါ်အားမိုင်နှင့် တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်နယ်ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၃၃၂ ဒသမ ၅ သန်းဖြင့် ဆောင်ရွက်သည့် မံစီမြို့နယ် စီခမ်းကြီး-ပန်တိုင်း ကျေးရွာချင်းဆက်လမ်း၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို သတ်မှတ်စံချိန်စံညွှန်း ပြည့်မီခြင်းရှိမရှိ ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို လိုက်လံရှင်းလင်းပြသခဲ့သည်။

မံစီမြို့နယ် စီခမ်းကြီး-ပန်တိုင်း ကျေးရွာချင်းဆက်လမ်း၌ လမ်းအရှည် လေးဖာလုံ၊ အကျယ် ၁၆ ပေ၊ အမြင့် ခုနစ်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းကို လုပ်ငန်းတင်ဒါစနစ်ဖြင့် Asia Moon ကုမ္ပဏီက ၂၀၂၃ ခုနှစ် ဇူလိုင်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ လမ်းခင်းခြင်းပြီးစီးမှုကြောင့် ကျေးရွာမှ လူဦးရေ ၁၃၁၅ ဦးတို့ ရာသီမရွေး သွားလာအသုံးပြုနိုင်ပြီး စိုက်ပျိုးရေးထုတ်ကုန်ပစ္စည်းများကိုလည်း အချိန်တိုအတွင်း တင်ပို့ရောင်းချနိုင်ပြီဖြစ်ကြောင်း သိရသည်။

**ကျော်စောဦး(မောရှမ်းမြေ)**





## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၁၉-၁-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| ဧည့်ဝီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၃၀၀၀/၁၃၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၈၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၅၄၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၄၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၆၃၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၇၇၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေကိုပြင်ဆင်သည့်ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ အပြီးသတ်ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၉**

အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ အပြီးသတ်ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ ဥပဒေရေးရာဝန်ကြီးဌာန ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာစန်းနှင့် သက်ဆိုင်ရာဌာနနှင့် ဥပဒေရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်နှင့်အညီ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)ကို အပြီးသတ်စိစစ်လေ့လာဆွေးနွေးကြပြီး အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေတွင် ပြင်ဆင်ရန်လိုအပ်သည့်အချက်များ တွေ့ရှိရသဖြင့် ပြင်ဆင်လိုသည့် ပုဒ်မများကို အပြီးသတ်ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# မြန်မာ-အီဂျစ် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုပိုမိုခိုင်မြဲစေရေးနှင့် ပြည်သူများ၏လူမှုစီးပွားဘဝ ပိုမိုကောင်းမွန်လာစေရေးတို့အတွက် အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ ဆွေးနွေး



**နေပြည်တော် ဇန်နဝါရီ ၁၉**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် မြန်မာနိုင်ငံဆိုင်ရာ အီဂျစ်အာရပ်သမ္မတနိုင်ငံ သံအမတ်ကြီး H. E. Mrs. Aya Saad Mohamed Abdelkarim ကို ယနေ့မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် မြန်မာနိုင်ငံဆိုင်ရာ အီဂျစ်အာရပ်သမ္မတနိုင်ငံ သံအမတ်ကြီး H. E. Mrs. Aya Saad Mohamed Abdelkarim ကို လက်ခံတွေ့ဆုံစဉ်။**

တွေ့ဆုံစဉ် မြန်မာ-အီဂျစ် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုပိုမိုခိုင်မြဲစေရေးနှင့် ပြည်သူများ၏လူမှုစီးပွားဘဝ ပိုမိုကောင်းမွန်လာစေရေးတို့အတွက် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ လမ်း၊ တံတား၊ မြို့ပြနှင့်အိမ်ရာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး၊ အခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်နိုင်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆိုင်ရာ အီဂျစ်သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာ့လယ်ယာသုံးစက်ကိရိယာစက်ရုံ(အင်းကုန်း)မှ အင်ဂျင်ပါဝါသုံး ခြောက်တန်းသွားလက်ဆွဲကောက်စိုက်စက်များ စမ်းသပ်ထုတ်လုပ်မှုနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မန္တလေး ဇန်နဝါရီ ၁၉**

မြန်မာ့လယ်ယာသုံး စက်ကိရိယာစက်ရုံ(အင်းကုန်း)မှ အင်ဂျင်ပါဝါသုံး ခြောက်တန်းသွားလက်ဆွဲကောက်စိုက်စက်များ စမ်းသပ်ထုတ်လုပ်မှုနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး နှစ်ထပ်ဆောင် အစည်းအဝေးခန်းမတွင် ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများမှ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။




အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံ၏စားရေရိက္ခာဖူလုံရေးအတွက် နိုင်ငံတော်က စိုက်ပျိုးမွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို မူဝါဒများချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်နေပြီး တောင်သူများ၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်စေရန် နည်းလမ်းအမျိုးမျိုးဖြင့် အားပေးမြှင့်တင်ဆောင်ရွက်နေပါကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းတွင် ပန်းတိုင်ရည်မှန်းချက်ထွက်ရှိရေး မျိုး၊ မြေ၊ ရေ၊ နည်းဟန်ချက်ညီစွာ ဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်း၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ဦးတည်ကူးပြောင်းဆောင်ရွက်နေပြီး စက်မှုလယ်ယာစနစ်ဖြင့် စိုက်ပျိုးရေးလုပ်ငန်းများတွင်ကျယ်စွာလုပ်ကိုင်လာခြင်းဖြင့် ကြုံတွေ့နေရသည့် လုပ်သားရှားပါးမှုအခက်အခဲကို ကျော်လွှားနိုင်မည်ဖြစ်ပါကြောင်း၊ ကျောက်ဆည်မြို့ရှိ မြန်မာ့လယ်ယာသုံးစက်ကိရိယာစက်ရုံ(အင်းကုန်း)မှ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လယ်ယာသုံးစက်ပစ္စည်းထုတ်လုပ်ခြင်းနှင့် နည်းပညာများမျှဝေပေးခြင်းများကို ဆောင်ရွက်ပေးနေပါကြောင်း၊ တောင်သူများကို စက်ပစ္စည်းများစနစ်တကျ ကိုင်တွယ်ထိန်းသိမ်းခြင်းနှင့်ပတ်သက်၍ အသိပညာပေးခြင်းများကို ကျယ်ပြန့်စွာ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အသေးစား၊ အလတ်စား၊ အကြီးစားစက်မှုလုပ်ငန်းများသည် အရေးပါသည့်ကဏ္ဍများဖြစ်ပါကြောင်း၊ စက်မှုလုပ်ငန်းများမှ ပြည်တွင်း၌လိုအပ်သည့် စက်ပစ္စည်းများကို ထုတ်လုပ်နိုင်ခြင်းဖြင့် ပြည်ပသွင်းကုန်များ လျှော့ချနိုင်ကာ နိုင်ငံခြားငွေသုံးစွဲမှုများ လျော့နည်းသက်သာပြီး တိုင်းပြည်စီးပွားရေးကိုတစ်ဖက်တစ်လမ်းက အထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ ထုတ်လုပ်သည့်စက်ပစ္စည်းများကို အရည်သွေးစံချိန်စံညွှန်းပြည့်မီစေရန်၊ စိုက်ပျိုးရေးလုပ်ငန်းတွင် လက်တွေ့ဆောင်ရွက်နေသူများအတွက် ထိရောက်မှုရှိစေရန်၊ သင့်တင့်မျှတသည့်နှုန်းထားဖြစ်စေရန်၊ ရေရှည်သုံးစွဲသွားနိုင်စေရန်နှင့် စိုက်ပျိုးရေးဖွံ့ဖြိုးမှုကဏ္ဍတွင် အမှန်တကယ်အကျိုးဖြစ်ထွန်းစေရန် အစဉ်အမြဲအလေးထားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ စက်မှုလယ်ယာဦးစီးဌာနက စမ်းသပ်တီထွင်ထုတ်လုပ်ထားသည့် စက်များ၏နည်းပညာများကို စိန့်ပန်းစက်မှုလက်မှုလုပ်ငန်းကဲ့သို့ မန္တလေးတွင် အစဉ်အလာကြီးသော ပုဂ္ဂလိကလုပ်ငန်းရှင်များထံ လွှဲပြောင်းပေးပြီး အောင်မြင်အောင်ဆောင်ရွက်ပေးစေလိုပါကြောင်းနှင့် လိုအပ်သည်များကို တိုင်းဒေသကြီးအစိုးရအဖွဲ့က ဖြည့်ဆည်း ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာ့လယ်ယာသုံးစက်ကိရိယာစက်ရုံ စက်မှုလယ်ယာဦးစီးဌာန (အင်းကုန်း)မှ တာဝန်ရှိသူတစ်ဦးက မြန်မာ့လယ်ယာသုံးစက်ကိရိယာစက်ရုံ(အင်းကုန်း)တွင် လယ်ယာသုံးစက်ကိရိယာများ ထုတ်လုပ်နေမှုနှင့် အင်ဂျင်ပါဝါသုံး ခြောက်တန်းသွားလက်ဆွဲကောက်စိုက်စက်များ စမ်းသပ်ထုတ်လုပ်နေမှုအခြေအနေများ၊ လယ်ယာသုံးစက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းကို စိတ်ပါဝင်စားသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ ကောက်စိုက်စက်ထုတ်လုပ်ရာတွင် လိုအပ်သည့်နည်းပညာအကူအညီများကို ဌာနကကူညီဆောင်ရွက်ပေးနိုင်မည့်အခြေအနေများ၊ မြန်မာနိုင်ငံလယ်ယာသုံး စက်ကိရိယာလုပ်ငန်းရှင်များအသင်းဝင် မန္တလေးတိုင်းဒေသကြီး စက်မှုဇုန်မှ တက်ရောက်လာသည့်ပုဂ္ဂလိကလုပ်ငန်းရှင်များက ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

☆ ကျောဖုံးမှအဆက်

အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိထိန်းသိမ်းဆောင်ရွက်နေမှု၊ ခေတ်မီစက်ကိရိယာများအသုံးပြု၍ ကျောက်စာရုံစေတီများ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှု အခြေအနေတို့ကို ရှင်းလင်းပြောကြားကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ထို့နောက် ဘုရားဖူးလာဂေါပကအဖွဲ့ဝင်များက ယခုကဲ့သို့ ရုပ်ပွားတော်မြတ်ကြီးကို အဆင်ပြေချောမွေ့စွာလာရောက်ဖူးမြော်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးမှုများနှင့် ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခဲ့မှု လုပ်ငန်းစဉ်အဆင့်ဆင့်ကို အသေးစိတ် ရှင်းလင်းပြောကြားပေးမှုများအပေါ် ကျေးဇူးတင်စကားများပြောကြားကြသည်။ ယင်းနောက် ဘုရားဖူးလာဂေါပကအဖွဲ့ဝင်များက ရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု အခြေအနေနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက အသေးစိတ် ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ဂေါပကအဖွဲ့ဝင်များသည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။ ဆက်လက်၍ ဘုရားဖူးလာ ဂေါပကအဖွဲ့ဝင်များသည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များအသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋိ၊ မော်ကွန်းတိုက်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော် ပုံစံငယ်ပြသထားမှု၊ မှတ်တမ်းဓာတ်ပုံများ၊ အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီများနှင့် အခြားသာသနိကအဆောက်အအုံများကို ဖူးမြော်လေ့လာကြည်ညိုကြသည်။

ထို့အတူ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိသည်။

ယနေ့တွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို လာရောက်ဖူးမြော်ခဲ့ကြသည့် ဂေါပကအဖွဲ့ဝင်များ၏ ရင်တွင်းစကားသံများကို ယခုကဲ့သို့ကြားသိခဲ့ရပါသည်-

**ဦးအောင်သူဝင်း ဒုတိယညွှန်ကြားရေးမှူး ကရင်ပြည်နယ်သာသနာရေး**

"ကရင်ပြည်နယ်က ဂေါပကအဖွဲ့တွေကို စုစည်းပြီး မာရဝိဇယဘုရားကြီးကို လာရောက်ဖူးမြော်ဖို့အတွက် ဂေါပကအဖွဲ့ စုစုပေါင်း ၄၈ ဦးကို ဦးဆောင်ပြီး ကရင်ပြည်နယ်က လာရောက်ခဲ့တာပါ။ အခုလိုလာရောက်ရတာကတော့ အမျိုးသားရေးစိတ်ဓာတ် ပိုမိုနိုးကြားတက်ကြွစေဖို့၊ လက်မှုလက်ရာတွေဖြစ်တဲ့ မြန်မာ့ယဉ်ကျေးမှုလက်ရာတွေကိုလေ့လာနိုင်စေဖို့ ရည်ရွယ်ပြီး လာရောက်ခဲ့တာပါ။ ကျွန်တော့်အနေနဲ့ကတော့ ဒါပထမဆုံးလာရောက်ဖူးမြော်ရတာပါ။ အချိန်တိုအတွင်းမှာ စကျင်ကျောက်တုံးကြီးကို ကမ္ဘာ့အကြီးဆုံး ဉာဏ်တော်အမြင့်ဆုံးရုပ်ပွားတော်မြတ်ကြီးကို ခေတ်မီနည်းပညာတွေနဲ့ ရှေးမူမပျက် ထုဆစ်ပုံဖော်ထားတာတွေ့ရတော့ သာသနာအတွက် ဂုဏ်ယူမိတဲ့အပြင် ဆောင်ရွက်လုပ်ဆောင်နိုင်အောင် လမ်းညွှန်စီစဉ်ဆောင်ရွက်ပေးသူတွေအားလုံးကိုလည်း လေးစားမိပါတယ်။ အခုလို ခရီးစဉ်ကို မကြာခဏဆိုသလို စီစဉ်ဆောင်ရွက်ပေးနိုင်ရင် ကောင်းပါတယ်။ အခုဆိုရင် ဂေါပကတွေက အကုန်နီးပါး အသက် ၇၀ ကျော်တွေကများပါတယ်။ ဒီကိုရောက်ရှိဖို့ဆိုတာကလည်း တစ်ခါမှမစဉ်းစားမိခဲ့ပါဘူး။ အားလုံးက ကြည်နူးဝမ်းသာမိကြပါတယ်။ စီစဉ်ဆောင်ရွက်ပေးသူတွေကိုလည်း သူတို့ကိုယ်စားအများကြီးကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်"။





**ဦးရဲထွန်း**
**ရွှေမြင်းဝန်စေတီဂေါပကအတွင်းရေးမှူး**

"မာရဝိဇယဘုရားကြီးကို လာရောက်ဖူးမြော်ချင်နေတာကြာပါပြီ။ TV မှာတော့ တွေ့မြင်ခဲ့ရပါတယ်။ ကိုယ်တိုင်ရောက်ရှိတော့မှပဲ ဒီလောက်ထိအောင် အမျိုးဘာသာ သာသနာအတွက် ကြီးကျယ်ခမ်းနားစွာ တည်ဆောက်ထားတာတွေရတော့ ဝမ်းသာပီတိဖြစ်ရပါတယ်။ ဒီနေရာကိုရောက်ရှိဖို့ အတွက် ဆောင်ရွက်ပေးတဲ့ မြဝတီမြို့နယ် တာဝန်ရှိသူတွေနဲ့ ပြည်နယ်အစိုးရအဖွဲ့ကိုလည်း အထူးကျေးဇူးတင်ပါတယ်။ အခုလက်တွေ့တကယ်မှာတော့ TV မှာကြည့်ရတာထက် အဆပေါင်းများစွာ တည်ဆောက်မှု၊ ခမ်းနားမှု၊ တင့်တယ်မှု၊ အနုပညာလက်ရာကောင်းတွေကို မျက်ဝါးထင်ထင် တွေ့မြင်ရတဲ့အတွက် ကျွန်တော့်တစ်သက်မှာဆိုရင်တော့ ဒါမျိုးမကြုံဖူးခဲ့ပါဘူး။ ကမ္ဘာကတောင် အသိအမှတ်ပြုပြီး အမျိုးဘာသာ သာသနာအတွက် ဂုဏ်ယူလောက်အောင် ဖြစ်မိတဲ့အပြင် အခုပြောရင်းနဲ့ကို ဝမ်းသာဂုဏ်ယူပီတိဖြစ်မိပါတယ်"။





ကရင်ပြည်နယ်အတွင်းရှိ ဘုရားစေတီများမှ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များ ကျောက်စာရုံစေတီများကို လှည့်လည်ကြည်ညိုစဉ်။



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် ကရင်ပြည်နယ်အတွင်းရှိ ဘုရားစေတီများမှ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များက အလှူငွေများ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူတစ်ဦးက ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်စဉ်။

**ဦးစောအုန်းတင်**
**စေတီသုံးဆူညီနောင်ဂေါပကအတွင်းရေးမှူး**

"စေတီသုံးဆူ ညီနောင်ကတော့ ရှေးဟောင်းသမိုင်းဝင်စေတီတော်တွေဖြစ်တဲ့အတွက် ခေတ်အဆက်ဆက်က ဆရာတော်ကြီးတွေ၊ ဂေါပကအဖွဲ့တွေက ထိန်းသိမ်းခဲ့တာပါ။ အခုဆိုရင် မာရဝိဇယဘုရားကြီးကို လာရောက် ဖူးမြော်လေ့လာရတဲ့အတွက် ခေတ်မီနည်းပညာတွေနဲ့ တည်ဆောက်မှုလုပ်ငန်း၊ ထိန်းသိမ်းဆောင်ရွက်နေမှုတွေကို တွေ့မြင်ရတော့ အတုယူဆောင်ရွက်ရမှာဖြစ်တဲ့အတွက် ဘဏ္ဍာတော်ထိန်း၊ ဂေါပကအဖွဲ့တွေ၊ ဂေါပကရုံးတွေ စတာတွေကို စနစ်တကျပြန်လည်ဖွဲ့စည်းပြီး ဆောင်ရွက်လုပ်ဆောင်သွားမှာပါ။ လာရောက်ဖူးမြော်ချင်နေတာတော့ကြာပါပြီ။ အခွင့်အရေးလည်းမသင့်၊ အကြောင်းလည်းမတိုက်ဆိုင်တဲ့အတွက်၊ ပြည်နယ်အစိုးရအဖွဲ့ကနေ စနစ်တကျစီစဉ်ဆောင်ရွက်ပေးတဲ့အတွက် ကျေးဇူးတင်မိပါတယ်။



**ဦးစောစံတင် ဂေါပကအဖွဲ့**

"နိုင်ငံတော်ရဲ့ စီမံမှုနဲ့ ပြည်နယ်အစိုးရတာဝန်ရှိသူတွေရဲ့ စီစဉ်ဆောင်ရွက်ပေးမှုတွေကြောင့် မာရဝိဇယဘုရားကြီးကို အခုလို လာရောက်ဖူးမြော်ခွင့်ရတဲ့အတွက် ကြည်နူးဝမ်းသာမိပါတယ်။ လာရောက်ရမယ်လို့လည်း မျှော်လင့်မထားခဲ့ပါဘူး။ လာရောက်ဖူးမြော်ခွင့်ရအောင် စီစဉ်ဆောင်ရွက်ပေးတဲ့ တာဝန်ရှိသူတွေကိုလည်း အထူးကျေးဇူးတင်မိပါတယ်။ အခုဆို မာရဝိဇယဘုရားကြီးက ထုဆစ်ပုံဖော်မှု အနုပညာလက်ရာ၊ ရှေးမူမပျက် တည်ဆောက်ထားမှုတွေကတော့ အခုခေတ်နဲ့ ရှေးမူမပျက် ပေါင်းစပ်ပုံဖော်မှုတွေက ကမ္ဘာကပင် အတုယူလေးစားလောက်တဲ့ လက်ရာတွေပါ။ ဒါကလည်း အများအားနဲ့ စုပေါင်းလှူဒါန်းပေမယ့်လည်း နိုင်ငံတော်ရဲ့ စီမံဆောင်ရွက်မှုတွေက အဓိကကျလှပါတယ်။ လေးစားအတုယူစရာကောင်းလှပါတယ်လို့ပဲ ပြောချင်ပါတယ်"။

**ဦးလှကြိုင်**
**ရွှေယဉ်မျှော်ဘုရားဂေါပကအတွင်းရေးမှူး**

"လာချင်နေတာတော့ ကြာပါပြီ ပြည်နယ်အစိုးရရဲ့ စီစဉ်ဆောင်ရွက်ပေးမှုကြောင့် ဖူးမြော်ရတာ အများကြီးဝမ်းသာပါတယ်။ အခုလို လာရောက်ရတဲ့အတွက် ဘုရားလည်းဖူးမြော်ရင်း အတုယူစရာတွေ အများကြီးတွေ့ရပါတယ်။ နိုင်သလောက် ဆိုသလိုမြို့ကျက်သရေဆောင် ရွှေယဉ်မျှော်ဘုရာကြီးကို ဘယ်လိုရှေ့ဆက်လုပ်ဆောင်ရမယ်ဆိုတာကို သိရပါတယ်။ ခရီးစဉ်ကို စီစဉ်ဆောင်ရွက်ပေးတဲ့ နိုင်ငံတော်အကြီးအကဲတွေကို အထူးကျေးဇူးတင်ပါတယ်"။

**ဦးလှဒွေး ကျောက်ကလတ်ဘုရားဂေါပက**

"ကရင်ပြည်နယ် အစိုးရအဖွဲ့ကနေ ဆောင်ရွက်ပေးမှုနဲ့အတူ မာရဝိဇယဘုရားကြီးကို လာရောက်ဖူးမြော်ခွင့်ရရှိတာပါ။ ပြည်နယ်၊ တိုင်းဒေသကြီးက ဂေါပကအဖွဲ့တွေလည်း အလှည့်ကျလာရောက်ဖူးမြော်ကြတာတွေကို TV သတင်းမှာကြည့်ပြီး လာရောက်ဖူးမြော်ချင်နေတာပါ။ အခုလို ကိုယ်တိုင်ကိုယ်ကျလာရောက်ရတဲ့အတွက် တွေ့မြင်ရတဲ့မြင်ကွင်းကကြည်နူးမိတဲ့အပြင် တည်ဆောက်ထားတဲ့သူတွေအာလုံးကိုလည်း လေးစားမိပါတယ်။ နိုင်ငံတိုင်းမှာ မိမိတို့ကိုးကွယ်ယုံကြည်ရာတွေ အမျိုးမျိုးရှိကြပါတယ်။ မြန်မာလူမျိုးတို့အတွက်ကတော့ မိမိကိုးကွယ်ယုံကြည်ရာအထွတ်အမြတ်ဖြစ်တဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို စကျင်ကျောက်နဲ့ ထုဆစ်ပုံဖော်တည်ဆောက်ပြီး ကမ္ဘာ့အကြီးမားဆုံး ထိုင်တော်မူဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို အချိန်တိုကာလတိုအတွင်းမှာ တည်ဆောက်နိုင်ခဲ့တာကို ကမ္ဘာကပင် လေးစားဂုဏ်ယူလောက်ပါတယ်"။

# မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့ကြား ကုန်သွယ်မှုဆိုင်ရာငွေပေးချေမှုများ လျင်မြန်ချောမွေ့စေရေးအတွက် ငွေပေးချေမှုစနစ်များ ချိတ်ဆက်ဆောင်ရွက်နေမှုအခြေအနေများဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၉**

မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ အီဂျစ်အာရပ် သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mrs. Aya Saad Mohamed Abdelkarim ကို ယနေ့ နံနက် ၁၀ နာရီခွဲတွင်လည်းကောင်း၊ ရုရှားနိုင်ငံ သံအမတ်ကြီးH.E.Mr.Iskander Azizov ကို မွန်းလွဲ ၁ နာရီတွင်လည်းကောင်း နေပြည်တော်ရှိ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

အီဂျစ်အာရပ် သမ္မတနိုင်ငံ သံအမတ်ကြီးနှင့်တွေ့ဆုံစဉ် ပြည်တွင်းဘဏ်များ၌ ငွေစာရင်းဖွင့်လှစ်ဆောင်ရွက်မှုအခြေအနေများနှင့် နိုင်ငံခြားသုံးငွေလုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

အလားတူ ရုရှားနိုင်ငံသံအမတ်ကြီးနှင့်တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့ကြား ကုန်သွယ်မှုဆိုင်ရာ ငွေပေးချေမှုများ လျင်မြန်ချောမွေ့စေရေးအတွက် ငွေပေးချေမှုစနစ်များ ချိတ်ဆက်ဆောင်ရွက်နေမှုအခြေအနေနှင့် ကတ်စနစ်အပြန်အလှန်ဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲများသို့ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ပြင်ဦးလွင်မြို့တွင် EV နည်းပညာပြန့်ပွားရေးဟောပြောပွဲ အခမ်းအနားကျင်းပ

**ပြင်ဦးလွင် ဇန်နဝါရီ ၁၉**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနသည် နိုင်ငံတော်တွင် လျှပ်စစ်သုံးယာဉ် (Electric Vehicle(EV))ကဏ္ဍမြှင့်တင်နိုင်ရေးအတွက် လိုအပ်သည့် EVနည်းပညာရှင်များကို အရည်အသွေးပြည့်မီစွာ စဉ်ဆက်မပြတ်မွေးထုတ်ပေးနိုင်ရေး၊ သုတေသနဖွံ့ဖြိုးရေးနှင့် နည်းပညာပြန့်ပွားရေးတို့ကို ဆက်စပ်ဌာန၊အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ယမန်နေ့ မွန်းလွဲပိုင်းက ပြင်ဦးလွင်မြို့တော်ခန်းမတွင်ကျင်းပသည့် EV အန္တရာယ်ကင်းရှင်းရေး အသိပညာပေးနှင့် နည်းပညာပြန့်ပွားရေးဟောပြောပွဲအခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာဒုတိယဝန်ကြီးက ပြင်ဦးလွင်မြို့တော်ကို Smart City အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် မီးခိုးမထွက်သော သဘာဝခရီးသွားလုပ်ငန်းများ ပီပြင်စွာ ဖော်ဆောင်နိုင်ရေးတို့အတွက် EV အသုံးပြုမှုကို အားပေးမြှင့်တင်ရမည်ဖြစ်ပါကြောင်း၊ ယင်းအတွက် EV သုံးစွဲသူပြည်သူများက ဘေးအန္တရာယ်ကင်းရှင်းစွာ စံချိန်စံညွှန်းများနှင့်အညီ အသုံးပြုနိုင်ရေး အသိပညာပေးရန် လိုအပ်ပါကြောင်း၊ နည်းပညာတက္ကသိုလ်၊ သိပ္ပံများတွင် EV ဆိုင်ရာ သင်ရိုးညွှန်းတမ်းများပါ ထည့်သွင်းခြင်းတို့ဖြင့် တစ်ချိန်တွင် နိုင်ငံတော်က အမှန်တကယ်အားထားရသည့် EV နည်းပညာရှင်များ ဖြစ်ထွန်းလာသည်အထိ မျှော်မှန်း ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက EVနည်းပညာပြန့်ပွားရေးဆိုင်ရာများကို ဟောပြောကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် အခမ်းအနားသို့ တက်ရောက်လာသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ဉာဏ်စမ်းပဟေဠိ(Quiz)များဖြေဆိုလျက်ရှိကြသည့် ပြင်ဦးလွင်ရှိ အခြေခံပညာအထက်တန်းကျောင်းများနှင့် အစိုးရစက်မှုလက်မှုသိပ္ပံမှ ကျောင်းသား၊ ကျောင်းသူများကို ကြည့်ရှုအားပေးသည်။

အခမ်းအနားသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများတက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**သဇင်(FM) အသံလွှင့်အစီအစဉ်**

**၂၀-၁-၂၀၂၄ (စနေနေ့)**

| | | |
|---|---|---|
| ၁။ | ၀၆း၃၀ | ခံစားနားဆင် မြန်မာသံစဉ် |
| ၂။ | ၁၁း၀၀ | စိုက်မွေးသုတ |
| ၃။ | ၁၃း၀၀ | တိုင်းရင်းသားစကား ပြောကြရအောင် |
| ၄။ | ၁၄း၃၀ | ဖတ်သမျှ မှတ်သမျှ |
| ၅။ | ၁၆း၀၀ | First Step |
| ၆။ | ၁၈း၂၀ | Thazin Request Song |



ဘုရားစေတီပုထိုးများနှင့် ဘာသာရေးဆိုင်ရာအဆောက်အအုံများကို ဖျက်ဆီးမှုအပေါ် ပူတာအိုမြို့၌ ကန့်ကွက်ရှုတ်ချပွဲပြုလုပ်စဉ်။

# ဘုရားစေတီပုထိုးများနှင့် ဘာသာရေးဆိုင်ရာအဆောက်အအုံများကို ဖျက်ဆီးမှုအပေါ် ပူတာအိုမြို့၌ ကန့်ကွက်ရှုတ်ချပွဲပြုလုပ်

**နေပြည်တော် ဇန်နဝါရီ ၁၉**

အကြမ်းဖက် သောင်းကျန်းသူများက ဘုရားစေတီပုထိုးများ၊ ဗုဒ္ဓဆင်းတုတော်များကို ဖျက်ဆီးစော်ကားမှုအား ကန့်ကွက်ရှုတ်ချပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ပြုလုပ်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ်ပူတာအိုမြို့၌ ပြုလုပ်ကြသည်။

ဦးစွာ ကန့်ကွက်ရှုတ်ချပွဲသို့ တက်ရောက်လာကြသူများသည် သတ်မှတ်နေရာအသီးသီးမှ ချီတက်စုဝေးကြပြီး သံဃာတော်များနှင့် မျိုးချစ်ပြည်သူ ဦးဆောင်သူများက ဗုဒ္ဓဘာသာအပေါ် ဖျက်ဆီးရန် လုပ်ဆောင်နေမှုများကို ကန့်ကွက်ကြောင်း ဟောပြောကြသည်။

ထို့နောက် ကန့်ကွက်ရှုတ်ချပွဲသို့ တက်ရောက်လာကြသူများက "အကြမ်းဖက်သမားများနှင့် အကြမ်းဖက်အားပေးထောက်ခံသူများ(ဆန့်ကျင်ကြ)၊ စေတီပုထိုးနှင့် ဗုဒ္ဓဆင်းတုတော်များအား ဖျက်ဆီးနေကြသည့် အကြမ်းဖက်သမားများနှင့် သာသနာဖျက်များအား (ဆန့်ကျင်ကြ)၊ အကြမ်းဖက်အားပေး လောက်ကောင်များအား(အလိုမရှိ)၊ သာသနာဖျက် အကြမ်းဖက်သမားများအား (အလိုမရှိ)၊ ဗုဒ္ဓသာသနာကို ဖျက်ဆီးစော်ကားနေသည့် အကြမ်းဖက်သမားများ(ကျရှုံးပါစေ)၊လူမျိုးရေးခွဲခြား၊ သာသနာကိုစော်ကားဖျက်ဆီးနေသူများအား(ဆန့်ကျင်ကြ)၊ စေတီပုထိုး၊ ဆင်းတုတော်များကို ဖျက်ဆီးနေကြသည့် အကြမ်းဖက်သမားများ (ကျရှုံးပါစေ)" စသည့် ကြွေးကြော်သံများ၊ ဆိုင်းဘုတ်များ ကိုင်ဆောင်၍ ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း သတင်းရရှိသည်။

# မန္တလေးတိုင်းဒေသကြီးနယ်မြေ မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်း ဆက်လက်ဆောင်ရွက်

**မန္တလေး ဇန်နဝါရီ ၁၉**

မန္တလေးတိုင်းဒေသကြီး နယ်မြေမြို့နယ်များရှိ မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် စမ်းသပ်မဲပေးလေ့ကျင့်ပညာပေးသည့် အစီအစဉ်များကို ဇန်နဝါရီ ၁၅ ရက်မှစ၍ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ချမ်းအေးသာစံမြို့နယ် ရပ်ကွက် ၁၅ ခုမှ ပြည်သူ ဦးရေ ၄၃၀၊ မဟာအောင်မြေမြို့နယ် ရပ်ကွက် ၁၈ ခုမှ ပြည်သူ ဦးရေ ၅၀၀ စုစုပေါင်းဦးရေ ၉၃၀ တက်ရောက်ပြီး လက်တွေ့စမ်းသပ်မဲပေး လေ့လာခဲ့ကြသည်။

တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများက MEVMစက်ဖြင့် စမ်းသပ်မဲပေးမှုအဆင့်ဆင့်ကို ရှင်းလင်းပြသခဲ့ကြပြီး တက်ရောက်လာကြသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့မှ ဝန်ထမ်းများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် မဲဆန္ဒရှင်ပြည်သူများက စိတ်ပါဝင်စားစွာဖြင့် လက်တွေ့စမ်းသပ်မဲပေးခဲ့ကြသည်။ စမ်းသပ်မဲပေးသူများက ယခင်ရွေးကောက်ပွဲများတွင် တွေ့ကြုံခဲ့ရသည့် အခြေအနေများအရ လာမည့်ရွေးကောက်ပွဲအတွက် ပိုမိုကောင်းမွန်စေမည့် အကြံပြုချက်များကိုလည်း မှတ်တမ်းတွင်ရေးသား အကြံပြုခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# မြစ်ကြီးနားမြို့နှင့် တနိုင်းမြို့တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



သံဃာတော်များအား မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် နယ်မြေခံ ဆေးကုသရေးအဖွဲ့က ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၉**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ အောင်ဇေရန်အောင် ကျောင်းတိုက်နှင့် တနိုင်းမြို့ရှိ ဇေယျာသီရိပရိယတ္တိစာသင်တိုက်တို့မှ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျောင်းတိုက်များ၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် နယ်မြေခံ ဆေးကုသရေးအဖွဲ့က ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ သံဃာတော် ၆၇ ပါးနှင့် ဒေသခံပြည်သူ ၂၅ ဦးတို့ကို လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်ပေးခြင်း၊ ဓာတ်မှန်ရိုက်ခြင်းနှင့် ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများကို နယ်မြေခံတပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

# ကျိုင်းတုံမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲပြုလုပ်၊ ကျိုင်းတုံတက္ကသိုလ်၏(၁၇)နှစ်ပြည့် တက္ကသိုလ်နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဈေးရောင်းပွဲတော်ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်း၌ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်းနှင့်တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျောင်းသား၊ ကျောင်းသူလေးများက " ကြိုဆိုပါသည် စုံညီပွဲတော်" သီချင်းဖြင့် သီဆိုကပြဖျော်ဖြေကြသည်။ ထို့နောက် တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး ပညာရေးစုံညီပွဲတော်အတွက် ထောက်ပံ့ငွေများပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် အတန်းစဉ်ဆုရရှိကြသူများ၊ အင်္ဂလိပ်စာ၊ သင်္ချာပြိုင်ပွဲများတွင် ဆုရရှိကြသူများ၊ နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် ကဗျာပြိုင်ပွဲတွင် ဆုရရှိကြသူများ၊ အာဇာနည်နေ့အထိမ်းအမှတ် ကဗျာ၊ ဆောင်းပါး၊ စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိကြသူများ၊ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ကဗျာပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများကို ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။ ၎င်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများ၏ သီဆိုကပြဖျော်ဖြေတင်ဆက်မှုများအား ကြည့်ရှုအားပေးပြီး ပြခန်းများအတွင်း ခင်းကျင်းပြသထားသည့် ပစ္စည်းများကို လှည့်လည်ကြည့်ရှုကြသည်။



တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်ခိုင်ဝင်းနှင့် တာဝန်ရှိသူများက ကျိုင်းတုံတက္ကသိုလ်၏ (၁၇)နှစ်ပြည့် တက္ကသိုလ် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဈေးရောင်းပွဲတော်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

ထို့ပြင် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ကျိုင်းတုံတက္ကသိုလ်၌ပြုလုပ်သည့် (၁၇)နှစ်ပြည့် တက္ကသိုလ်နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဈေးရောင်းပွဲတော်ကို တက်ရောက်ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ဈေးရောင်းပွဲတော်ကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး



ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း ဆေးကုသမှု ခံယူနေသူတစ်ဦးကို ကျန်းမာရေး အခြေအနေများ ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်စဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၉**

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူနေသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

## မှတ်ပုံတင်သက်တမ်းတိုးဆက်လက်ဆောင်ရွက်ခြင်း မရှိသည့်အတွက် မှတ်ပုံတင်ဖျက်သိမ်းပြီးသော ရှေးဟောင်း Classic မော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင်ပေးခြင်းဆိုင်ရာ အသိပေးကြေညာ

၁။ မြန်မာနိုင်ငံအနေဖြင့် ရှေးဟောင်း Classic မော်တော်ယာဉ်များကို တန်ဖိုးထားထိန်းသိမ်းနိုင်ရေးသမိုင်းဝင်ယာဉ်များအဖြစ် တရားဝင်မှတ်တမ်းတင်ခွင့်ပြုနိုင်ရေးအတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ယခင်ကမှတ်ပုံတင်ထားရှိပြီး သက်တမ်းတိုးဆက်လက်ဆောင်ရွက်ခြင်းမရှိသည့်အတွက် မှတ်ပုံတင်ဖျက်သိမ်းပြီးဖြစ်သည့် ၁၉၈၀ Modelနှင့် ၎င်းမတိုင်မီ ယာဉ်များကို ရှေးဟောင်း Classic မော်တော်ယာဉ်အဖြစ်သတ်မှတ် ဒဏ်ကြေးဖြင့် ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၂။ မှတ်ပုံတင်ဆောင်ရွက်ရာတွင် မူလမှတ်ပုံတင်ထားရှိခဲ့သောယာဉ်များကိုသာ ပြန်လည် မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ယာဉ်အမှတ်ကို ရောက်ရှိယာဉ်အမှတ်အသစ်ဖြင့် သတ်မှတ်ပေးမည်ဖြစ်ပါသည်။ ယခင်မှတ်ပုံတင်ထားခြင်းမရှိသော ရှေးဟောင်းယာဉ်များကို မှတ်ပုံတင်ပေးမည်မဟုတ်ပါ။

၃။ ရှေးဟောင်း Classic မော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ခြင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများတွင်(၁-၂-၂၀၂၄)ရက်မှ (၃၁-၇-၂၀၂၄)ရက်ထိ ခြောက်လကာလအတွင်း ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို www.motc.gov.mm, www.myanmarrtad.com တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

# အုတ်ဖိုမြို့နယ် ပဲခူးရိုးမအတွင်းရှိ ကျေးရွာ ၁၀ ရွာကျော်မှ ပြည်သူများကို တပ်မတော်က ရွာထဲမှမောင်းထုတ်ပြီး ထွက်ခွာခြင်းမရှိသူများကို ပစ်သတ်မည်ဟု ခြိမ်းခြောက်ခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၉**

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် ပဲခူးရိုးမအတွင်းရှိ ဆင်တဲကုန်း၊ ဝါးဖြူချောင်း၊ သိုက်ဝါးချောင်း၊ နွယ်ခွေ၊ ညောင်ကုန်း၊ ဝင်းသရက်၊ ကိုင်းတောစု၊ ချောင်းစောက်၊ ကိုင်းချိုကြီး၊ မြေပြာ၊ ဆည်ရွာ၊ လင်းနေစန်း၊ ကမ်းနီ၊ တံငါးကုန်း၊ ရွာရှောင်၊ ကျွဲဖြူမနှင့် ရွှေကြာအင်းကျေးရွာများကို ပုဒ်မ ၁၄၄ ထုတ်ထားကြောင်း၊ အဆိုပါကျေးရွာများမှ ပြည်သူများကို ရွာထဲမှမောင်းထုတ်နေပြီး ထွက်ခွာခြင်းမရှိသူများကို ပစ်သတ်မည်ဟု လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇန်နဝါရီ ၁၈ ရက်တွင် ခြိမ်းခြောက်ပြောဆိုနေကြောင်း သတင်းတု၊ သတင်းမှားများကို Khit Thit Media က မဟုတ်မမှန်ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အထက်ပါသတင်းနှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီးမှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ အဆိုပါကျေးရွာများကို ယခုနှစ် ဇန်နဝါရီလအတွင်း ပုဒ်မ ၁၄၄ ထုတ်ပြန်ထားခြင်းမရှိကြောင်းနှင့် ပြည်သူများကို ရွာများမှထွက်ခွာခိုင်းခြင်းများမရှိကြောင်း သိရှိရသည်။

အလားတူ ယနေ့ နံနက် ၁၁နာရီက ဘီးလင်းမြို့နယ် တက်တူကုန်းကျေးရွာထဲသို့ တပ်မတော်က လက်နက်ကြီးဖြင့် ပစ်ခတ်ရာ လက်နက်ကြီးနှစ်လုံးကျရောက်ပေါက်ကွဲပြီး ပြည်သူသုံးဦးသေဆုံးခဲ့ကာ ဒဏ်ရာရရှိသူများလည်း ရှိကြောင်း သတင်းတု၊ သတင်းမှားများကို Khit Thit Media က မဟုတ်မမှန်ရေးသားဖြန့်ဝေနေသည်ကိုတွေ့ရှိရပြီး သက်ဆိုင်ရာနယ်မြေလုံခြုံရေးဆိုင်ရာ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ယနေ့တွင် သိမ်ဇရပ်မြို့နယ်အတွင်း ပစ်ခတ်မှုတိုက်ပွဲဖြစ်ပွားမှုများမရှိကြောင်း သိရှိရသည်။

အကြမ်းဖက်အားပေး မီဒီယာများအနေဖြင့် မြို့ရွာများတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် ပြည်သူများက နယ်မြေဒေသလုံခြုံရေး ဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်အတွက် သတင်းတု၊ သတင်းမှားများကို လူမှုကွန်ရက်တွင် အမျိုးမျိုး ရေးသားဖြန့်ဝေနေကြောင်း သတင်းရရှိသည်။







# ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၄၉ ဘီလီယံ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၄ ဒသမ ၉ သိန်း ဖမ်းဆီးရမိ




**နေပြည်တော် ဇန်နဝါရီ ၁၉**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၄၉ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၄ ဒသမ ၉ သိန်း ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် စိတ်ကြွရူးသွပ်ဆေးပြားများ အရောင်းအဝယ် ပြုလုပ်မည်ဖြစ်ကြောင်း သတင်းအရစောင့်ဆိုင်းနေစဉ် ဇန်နဝါရီ ၇ ရက် ညနေ ၃ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် (၄)ရပ်ကွက် တော်ဝင်လမ်းရှိ စားသောက်ဆိုင်အနီးသို့ ရောက်ရှိလာသည့် သန်းစိုး၊ မောင်ရွှေသန်း(ခ)ကျော်သန်း၊ မောင်ဦးသန်းဌေး(ခ)နာယက၊ နှစ်ဦးမောင်(ခ)ကြက်ဖ၊စည်သူမိုး၊ လင်းလင်းထူး(ခ)လင်းချေ၊ မောင်ရွှေသိန်းနှင့် နေဇော်လတ်တို့ ရှစ်ဦးကို ထိန်းသိမ်းရှာဖွေခဲ့ရာ TOYOTA SUCCEED မော်တော်ယာဉ် တစ်စီး၊ စိတ်ကြွရူးသွပ်ဆေးပြား ငါးသိန်းနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးဖော်ထုတ်ခဲ့ရာ ယင်းနေ့ ည ၆ နာရီတွင် မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် ရဲရန်အောင်လမ်းရှိ နေအိမ်မှ မစောခင်ကျော်(ခ)စောခင်ကို စိတ်ကြွရူးသွပ်ဆေးပြား ခြောက်သိန်းနှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ဖမ်းမိတရားခံ သန်းစိုးငှားရမ်းနေထိုင်သည့် မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက်ရှိနေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၃ ဒသမ ၉ သိန်းကိုလည်းကောင်း၊ သဃ်န်းကျွန်းမြို့နယ် မိကျောင်းကန်အပိုင်း(၃) ခေမာသီလမ်းသွယ်(၂)ရှိစိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရောင်းဝယ်ရာတွင် အစုရှယ်ယာပါဝင်သူ ကျော်လင်းဒါ၏ ဆောက်လုပ်ရေးကုမ္ပဏီမှ AD Van မော်တော်ယာဉ်တစ်စီးကိုလည်းကောင်း ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်းဒေသကာလတန်ဖိုး ငွေကျပ် ၁ ဒသမ ၄၉ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၄ ဒသမ ၉ သိန်းသိမ်းဆည်းရမိခဲ့ကြောင်း၊ ဖမ်းဆီးရမိတရားခံများအနက် မောင်ရွှေသန်း(ခ)ကျော်သန်းသည် ၂၀၂၂ ခုနှစ် ဇန်နဝါရီလတွင် ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ညောင်ကျိုးကျေးရွာအနီး စိတ်ကြွရူးသွပ်ဆေးပြား ၁၄ ဒသမ ၅ သိန်းဖမ်းဆီးရမိမှုနှင့် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ရေကျော်ကျေးရွာရှိ ၎င်း၏နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၉၀ ဒသမ ၄ သိန်းဖမ်းဆီးရမိမှုတို့မှ အဓိကကွင်းဆက်တရားခံပြေး တစ်ဦးဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ထားဝယ်မြို့ မောင်မယ်ရှောင်ကျေးရွာအနီးတွင် အကြမ်းဖက် သောင်းကျန်းသူများနှင့်တိုက်ပွဲဖြစ်ပွားခဲ့ပြီး ဒေသခံဆယ်နှင့်ချီဖမ်းဆီးခံရကြောင်း သတင်းတု၊ သတင်းမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၉**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မောင်မယ်ရှောင်ကျေးရွာအနီးတွင် ဇန်နဝါရီ ၁၈ ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပြီးနောက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံဆယ်နှင့်ချီကိုဖမ်းဆီးခဲ့ကြောင်းနှင့် မောင်မယ်ရှောင်ကျေးရွာမှ ဆိုင်ကယ် ခုနစ်စီးထက်မနည်း ယူဆောင်သွားကြောင်း သတင်းတု၊ သတင်းမှားများကို လူမှုကွန်ရက်တွင် မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာနယ်မြေမှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ ၎င်းရက်နေ့တွင် မောင်မယ်ရှောင်ကျေးရွာအနီးနယ်မြေ လုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အကြမ်းဖက်သောင်းကျန်းသူများ ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့သော်လည်း ဒေသခံပြည်သူများအား ဖမ်းဆီးခဲ့ခြင်းမရှိကြောင်းနှင့် ပြည်သူများ၏ပစ္စည်းဥစ္စာများကို ယူဆောင်ခြင်းမရှိကြောင်း သိရှိရသည်။

နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများက အထင်အမြင်လွဲမှားစေရန်နှင့် ဂုဏ်သိက္ခာကျဆင်းစေရန်အတွက် တရားမဝင်ပြည်ဖျက်မီဒီယာများက ဖြစ်စဉ်ဖြစ်ရပ်များကိုအခြေခံ၍ ၎င်းတို့လိုရာရေးသားပြီး သတင်းမှားများကို လူမှုကွန်ရက်တွင် ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။






**နေပြည်တော် ဇန်နဝါရီ ၁၉**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၇ ရက် ညနေ ၄ နာရီ ၅ မိနစ်တွင် လှည်းကူးမြို့နယ် ဇရပ်ကွင်းကျေးရွာအုပ်စု သရက်ကုန်းကျေးရွာရှိ မမိုးမိုးခိုင်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၈၀၀ ကို သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ ဇန်နဝါရီ ၁၈ ရက် ညနေ ၄ နာရီခွဲတွင် ကျိုင်းတုံမြို့နယ် မိုင်းပတ်(အောက်)ကျေးရွာအုပ်စု ပုံဆိုင်းကျေးရွာအနီးတွင် ကျစောမောင်းနှင်ပြီး ယေလာမိ လိုက်ပါ လာသည့်မော်တော်ဆိုင်ကယ်နှင့် ဟန်နေလု မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်တို့ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းစိမ်း ၁၅ ကီလိုသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း သတင်းရရှိသည်။

**(ရဲပြန်ကြား)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# အဖေ့နေရာ

ရိုးရွှေတောသား(ဆင်ဖြူ)



(၁)

"ငါများသာ မရှိတော့ရင် မင်းတို့လေးတွေ ဘယ်လိုနေလို့ ဘယ်လိုတွေစားကြမလဲ တွေးပြီး ပူရလွန်းလို့ သေရင်တောင်ကျွတ်မှာမဟုတ်ဘူး။ ငါ့ဘဝက"

အဖေ၏ စိုးရိမ်မကင်းဖြင့် ပြောလေ့ရှိသော စကားဆိုသော်လည်း ကြားရသည့်အခါတိုင်း ကျွန်တော့်ရင်ထဲခံစားရသည်။ အဖေပြောလည်း ပြောချင်စရာ။ အိမ်၌ သားအကြီးဆုံး ကျွန်တော်အပါအဝင် ကလေးငါးယောက်ကို အဖေတစ်ဦးတည်းကပင် လုပ်ကိုင်ကျွေးမွေးနေရရှာသည်။ ကျွန်တော်က ဆယ်တန်းနှင့် ကျောင်းဆက်မတက်သော်လည်း အလုပ်အကိုင်ဟူ၍လည်း မည်မည်ရရမလုပ်နိုင်သေးသည့်အရွယ်ဖြစ်သည်။ ဟိုမရောက် သည်မရောက် တောက်တိုမည်ရအလုပ်ကလေးများဖြင့် မိသားစုစားဝတ်နေရေးအတွက် တစ်ဖက်တစ်လမ်းက ဝင်ကူရုံသာရှိသည်။ အဖေ့ကိုကြည့်ပြီး သနားနေမိသော်လည်း ကျွန်တော်၌ အဖေ့ကို ကူညီနိုင်ရန် မတတ်နိုင်ခဲ့ပါပေ။

"သားကြီး မင်း ကျောင်းပြန်မတက်ချင်တော့ဘူးလား။ ဆယ်တန်းလေးအောင်တော့ တက္ကသိုလ်ဆက်တက်ချင်ရင်လဲတက်၊ မတက်ချင်ရင်တောင် ပွဲရုံတွေဘာတွေမှာ စာရေးလေးဘာလေးဝင်လုပ်ဖို့ အခွင့်အရေး ရတာပေါ့"

"မတက်ချင်တော့ပါဘူး အဖေရာ။ သားမှာကျောင်းစာတွေမလိုက်နိုင်တာ။ ဒီတစ်နှစ်ဆက်ဖြေရလဲ သားကိုယ်သားသိတယ်။ မဖြစ်နိုင်ဘူးအဖေရ"

ကျွန်တော့်စကားကြားသည့်အခါ အဖေက သက်ပြင်းချသည်။ ကျွန်တော့်မျက်နှာကိုကြည့်ရင်း-

"အဖေသိပါတယ်သားကြီးရာ။ အဖေတို့ဘဝက သားတို့ကို သူများမိဘတွေလို ကျူရှင်တွေ၊ စာသင်ဝိုင်းတွေမှ ထားမပေးနိုင်တာ။ ဆက်တက်ရလဲ ဆယ်တန်းက ဘယ်အောင်နိုင်ပါ့မလဲလေ"

အဖေ့စကားကြောင့် ကျွန်တော့်ရင်ထဲ စို့နင့်ခံစားရသည်။

"အဖေ သမီးအင်္ကျီတွေက ချုပ်ရိုးတွေလဲထပ်နေပြီ၊ ဟောင်းနွမ်းနေပြီ အဖေရယ်။ သမီးကို အင်္ကျီအသစ်ကလေးတစ်ထည်လောက် ဝယ်ပေး"

"ဟုတ်တယ် သားလဲ အဖေ့ကိုပူဆာစရာရှိတယ်။ ကျောင်းမှာ သားသူငယ်ချင်းတွေက စက်ဘီးလေးတွေကိုယ်စီနဲ့ သားကသာ ခြေကျင်သွားနေရတာ"

အလိုက်မသိစွာ ထပြောလိုက်သည့် အလတ်မနှင့် အငယ်ကောင်၏ စကားကို ကျွန်တော် တားဆီးချိန်မရလိုက်ပေ။ အဖေက အလတ်မနှင့် အငယ်ကောင်ကို ကြည့်ပြီး သနားသွားဟန်ရှိသည်။

"အေးပါသမီးလတ်ရယ်။ ဒီလကုန်ရင် အဖေဝယ်ပေးပါ့မယ်။ သမီးလတ်ကိုကော၊ သမီးငယ်ကိုကော၊ သားတို့ကိုကော"

စကားပြောရင်း ဧည့်ခန်းကနေ ထသွားသည့် အဖေ့ကျောပြင်ကိုကြည့်ရင်း ကျွန်တော့်စိတ်ထဲ ကြေကွဲဝမ်းနည်းရပြန်သည်။

(၂)

"ဟေ့ကောင် စိုင်းနောင် ငါတို့အဖွဲ့ထဲမှာ လူကြမ်းလိုတယ်။ မင်း ဝင်လုပ်ပါ့လား။ ပိုက်ဆံရတာပေါ့"

"ဟုတ်တော့ ဟုတ်တယ်ကွ။ လူတော့လိုတယ်။ ဒါနဲ့ မင်းလုပ်နိုင်ပါ့မလား"

သူငယ်ချင်းဖြစ်သူ လှမြင့်နှင့် ငသန်းက ပန်းရန်အလုပ်ထဲ ဝင်လုပ်ရန်ခေါ်သည်။ ကျွန်တော်ဝင်လုပ်ချင်သည်။ အိမ်ကအဖေနှင့်တိုင်ပင်ရန် ဆုံးဖြတ်ပြီးမှ စဉ်းစားမိသည်။ အဖေနှင့်တိုင်ပင်တော့ရော သည်လိုကြမ်းတမ်းသည့်အလုပ်မျိုးကို အဖေက ခွင့်ပြုမည်မဟုတ်။ အလုပ်လုပ်ရန် ဆန္ဒရှိနေသည့်ကျွန်တော် အဖေ့ကို မတိုင်ပင်ဘဲ ပန်းရန်အလုပ်ဝင်လုပ်ခဲ့သည်။

"စိုင်းနောင်"

အုတ်နီခဲများ ထမ်းနေရင်း ရုတ်တရက် ကြားလိုက်ရသည့် အဖေ့အသံကြောင့် ကျွန်တော် အလန့်တကြားဖြင့် အသံကြားရာဆီ ကြည့်မိသည်။

"ဟင်"

ကျွန်တော် မထင်မှတ်ထားသည့် မြင်ကွင်းကြောင့် အဖေ့ကို အံ့သြစွာ ငေးကြည့်နေမိသည်။ အဖေသည် ပီနံအိတ်အကြီးကြီးကို ကျောမှာပိုးလျက်ရှိနေသည်။

"အဖေ အဲဒါက"

အဖေက ကျွန်တော့်ကို ဘာစကားမျှ ပြန်မပြောဘဲ ကျွန်တော့်ကို တည်တည်ကြီးကြည့်နေသည်။

" အဖေရယ် ဘာတွေလျှောက်လုပ်နေတာလဲ"

"သား ဒါက ဟို ဟို"

ကျွန်တော် ကျောကုန်းထက်မှာ ထမ်းပိုးထားသည့် အုတ်နီခဲများကို ပစ်ချလိုက်ရင်း အဖေ့အနားပြေးသွားမိသည်။ အဖေ့ကျောကုန်းပေါ်က ပီနံအိတ်ကြီးကို အတင်းဆွဲယူရင်း အဖေ့ကိုမေးမိသည်။

"အဖေပြောတော့ အဖေက ဆန်စက်မှာ ဆန်အိတ်ထမ်းတာပါဆို။ အခု ဒါက ဘာလုပ်တာလဲအဖေ။ အဖေ မရှက်တော့ဘူးလား"

"ဟာ သားကလဲကွာ ဒါ ဒါက ဟို"

အဖေက ကျွန်တော့်မျက်နှာကို ညှိုးငယ်သော အကြည့်ဖြင့် ကြည့်နေသည်။

"အဖေ သားတို့အတွက် ဒီလိုတောင် လုပ်ရဲတာလား အဖေရာ။ အဖေ အဲဒီလောက်ကြီးတော့ လုပ်စရာ မလိုပါဘူးအဖေရာ။ အဖေ့ဂုဏ်သိက္ခာကိုလဲ အဖေ အဖေရာ"

ကျွန်တော် ပြောချင်နေသည့် စကားများပင် ရပ်တန့်ကာ အဖေ့ကိုကြည့်ပြီးသနားနေမိသည်။

ပီနံအိတ်ကြီးထဲတွင် ကော်ဘူးကော်ခွက်များ၊ ရေသန့်ဘူးခွံများက ထိုးထိုးထောင်ထောင်ဖြင့် အဖေ့ကျောကုန်းထက်မှာ နေရာယူနေသည်။ ထမ်းပိုးထားရသည့်အိတ်ကြီးက အဆမတန်ကြီးမားလွန်းလှသည်။ အဖေ့ကိုကြည့်ရင်း ကျွန်တော့်ရင်ထဲ စို့နင့်တက်လာပြီး မျက်ရည်များက သူ့အလိုလိုစီးကျလာတော့သည်။

"အဖေရယ် ဘာတွေလျှောက်လုပ်နေတာလဲ။ ဒီအလုပ်ကြီးတော့ မလုပ်ပါနဲ့အဖေရယ်။ အဖေ့ကို သားသနားလိုက်တာဗျာ"

ပြောရင်းပင် ကျွန်တော်ငိုမိသည်။

"တော်ပါတော့ သားကြီးရာ။ မငိုနဲ့တော့ အဖေ ဒီနေ့မှစပြီး လုပ်ကြည့်တာပါ။ အရင်နေ့တွေတုန်းက အဖေဆန်စက်မှာပဲလုပ်တာ။ ဟိုကောင် ထွန်းစိန်ပေါ့ သူလဲပါတယ်"

"သားကြီးကကော အဖေမခိုင်းဘဲနဲ့ ဘာလို့ ပန်းရန်ဝင်လုပ်နေတာလဲ။ ဒီအလုပ်ကပင်ပန်းတယ် သားကြီးရဲ့။ မတော်တဆမှုတွေလဲဖြစ်တတ်တယ်။ လာ အဖေနဲ့ပြန်လိုက်ခဲ့"

"ရပါတယ် အဖေရာ။ သား ညနေမှပဲ ပြန်ခဲ့တော့မယ်"

"အေးအေး။ အဲဒါဆို အဖေသွားတော့မယ်"

နေးကွေးလေးလံသော ခြေလှမ်းများဖြင့် ကျွန်တော့်ရှေ့ကနေ တရွေ့ရွေ့ထွက်သွားသည့် အဖေ့ကျောပြင်ကိုငေးကြည့်ရင်း ကျွန်တော့်စိတ်ထဲ စို့နင့်စွာ ဖြစ်နေပါတော့သည်။

(၃)

"အစ်ကိုကြီး အဖေမူးလဲလို့တဲ့"

"ဘာပြောတယ် အငယ်မ"

"ဆန်စက်ထဲမှာ အဖေမူးလဲလို့တဲ့"

"အေးအေး ငါ အခုလာခဲ့မယ်"

အငယ်ဆုံးမလေး အပြေးအလွှားရောက်လာပြီး ပြောလိုက်သည့်စကားကြောင့် ကျွန်တော် အဖေ့ကို စိုးရိမ်စိတ်ဖြင့် လုပ်လက်စအလုပ်ကို ထားခဲ့ရင်း အဖေရှိသည့်ဆန်စက်ကို အပြေးသွားမိသည်။ ဆန်စက်ထဲရောက်သည့်အခါ အဖေ့ကို လုပ်ဖော်ကိုင်ဖက်များက ဝိုင်းဝန်းပြုစုပေးနေကြသည်ကို တွေ့လိုက်ရသည်။

"အဖေ အဖေသတိရရဲ့လား"

"အဲဒါ ကိုအောင်ကျော့်သားကွ ဖယ်ပေးလိုက် ဖယ်ပေးလိုက်"

"သားလေး မင်းအဖေ ဦးတို့ ဆန်အတူတူထမ်းနေရင်း ရင်တွေတလှပ်လှပ်တုန်ပြီးမောလာလို့ ခဏနားအုံးမယ်ပြောပြီး နားနေတာကြာပြီ။ စောစောကပဲ မရတော့ဘူး ခေါင်းတွေတအားမူးတယ်မူးတယ်နဲ့ သတိလစ်သွားတာပဲ။ ငါတို့လဲ ဘာတွေလုပ်လို့လုပ်ရမလဲ မသိဘူး"

ဆန်စက်ထဲမှ သူများက အဖေ့အကြောင်း တစ်ယောက်တစ်ပေါက် ပြောပြကြသည်။

ကျွန်တော် အဖေ့ကိုပွေ့ပြီးဖက်ထားလိုက်မိသည်။ အဖေသည်ငြိမ်သက်လျက် သတိလစ်မေ့မြောနေသည်။

"ကူညီကြပါအုံးဗျာ။ အဖေ့ကို ဒီအတိုင်းကြည့်နေလို့ဘယ်ရပါ့မလဲ။ ဆေးရုံကား မြန်မြန်ခေါ်ပေးကြပါ"

"ခေါ်ထားတယ် ခေါ်ထားတယ် ခဏနေရင် ရောက်တော့မှာ"

❖ အဖေမရှိတော့လေမှ အဖေ့နေရာ၊ အဖေ့တာဝန်၊ အဖေ့တန်ဖိုးများကို ကျွန်တော်ပိုပြီးသိရှိနားလည်လာရသည်။ တစ်မိသားစုလုံးအတွက် ရှာဖွေကျွေးမွေးခဲ့ရသည့်အဖေ့၏ ကျေးဇူးတရားက ကြီးမားလွန်းလှသည်။ အဖေသည် ဆန်စက်ထဲမှာ ဆန်အိတ်ထမ်းခဲ့သည်သာမက အားလပ်သည့်အချိန်များတွင် ပလတ်စတစ်ကောက်သည့် ကြားပေါက်အလုပ်ကိုလည်း လုပ်သေးသည်။ သားသမီးများဘဝရှေ့ရေးအတွက် မရှက်မကြောက်လုပ်ကျွေးခဲ့သည့်အဖေ့ကို ဆုံးရှုံးလိုက်ရ၍ ကျွန်တော်တို့မောင်နှမများ နှမြောတသ ယူကျုံးမရဖြစ်နေမိသည်။ ❖

စာမျက်နှာ ၂၅ သို့ ➤

# မြောင်းမြမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပိုလ်ကိတ်ပဲနှင့် မတ်ပဲ ၂၁၆၆ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က မတ်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**မြောင်းမြ ဇန်နဝါရီ ၁၉**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပိုလ်ကိတ်ပဲနှင့် မတ်ပဲ၂၁၆၆ ဧက စိုက်ပျိုး ပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

မြောင်းမြမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပိုလ်ကိတ်ပဲ ၄၇၁၈ ဧကနှင့် မတ်ပဲ ၅၅၄ ဧက စုစုပေါင်း ၅၂၇၂ ဧကကို၂၀၂၃ ခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်လျာထား စိုက်ပျိုးခဲ့ရာ ယနေ့ထိ ပိုလ်ကိတ်ပဲ ၉၁၆ ဧကနှင့် မတ်ပဲဧက ၁၂၅၀ စုစုပေါင်း ၂၁၆၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပိုလ်ကိတ်ပဲနဲ့ မတ်ပဲ ၅၂၇၂ ဧကကို လျာထားစိုက်ပျိုးနေပါတယ်။ ဒေသတချို့မှာ ပိုလ်ကိတ်ပဲကို ပိုမိုစိုက်ပျိုးကြပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနက ဆောင်းသီးနှံတွေ အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးနည်းပညာတွေ ပို့ချပေးထားပါတယ်။ ဆောင်းသီးနှံအားလုံး ပိုးမွှားအန္တရာယ် ကင်းရှင်းစေဖို့နဲ့ အထွက်နှုန်းကောင်းစေဖို့ ဒေသခံတောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ စိုက်ပျိုးဖို့ကျန်တဲ့ သီးနှံတွေကိုလဲ ဆက်လက်စိုက်ပျိုးနေပါတယ်" ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

မြောင်းမြမြို့နယ်တွင် ဆောင်းသီးနှံ ပိုလ်ကိတ်ပဲနှင့် မတ်ပဲများ လျာထားချက် ဧကအတိုင်း အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနက သီးနှံများ အထွက်နှုန်း ကောင်းမွန်စေရေး၊ အရည်အသွေးကောင်းမွန်စေရေး၊ ပိုးမွှားရောဂါ ကင်းရှင်းစေရေး စသည့် လုပ်ငန်းများကို လယ်မြေစိုက်ကွက်များထိ ကွင်းဆင်း၍ တောင်သူအသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးကျော်မိုးဝင်းထံမှ သိရသည်။

**ကျော်ကျော်လင်း**

# ကွန်ဟိန်းမြို့နယ် ဆိုင်းခေါင်(မြောက်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကွန်ဟိန်း ဇန်နဝါရီ ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဟိုပန် ကျေးရွာအုပ်စု ဆိုင်းခေါင်(မြောက်) ကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ် ရန်ပုံငွေထုတ်ချေးခြင်းကို ဇန်နဝါရီ ၁၈ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဟိန်းက ဆိုင်းခေါင်(မြောက်) ကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံ၍ လည်ပတ်ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ် ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ အရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ် ၄၀၆ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဆိုင်ခေါင်(မြောက်) ကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၇ ဦးကို ငွေကျပ် ၃၁၆သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၃၅ သိန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် ၅၅ သိန်း စုစုပေါင်း အသင်းသားအသင်းသူ ၃၂ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ် ၄၀၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဟိန်းက ပြောပြ၍ သိရသည်။

**ရိုးသန်းညွန့်**

## စကားလိမ္မာ ပျားသကာ

- ပြောဖန်နှုတ်ဖျား
နှစ်ဖက်နား
စကားကျွံခက် မိတ်ဆွေပျက်။

- အယဉ်အရိုင်း
ကိုယ်နှင့်နှိုင်း
စိတ်မှိုင်းဂုဏ်ဖျက် သံချေးတက်။

- ချုပ်တည်းဆန္ဒ
ထိန်းကွပ်ကြ
တွေးဆယှဉ်လျက် သတိဆက်။

- နှုတ်ကမရိုင်း
စိတ်ကရိုင်း
တွေးတိုင်းဖွေးလက် နှုတ်စွမ်းထက်။

- သြော်. . .
နှုတ်ကြောင့်သာသေ
လက်ကြောင့်ကြေဟု လှစ်ခြွေဆိုရိုး
အသိတိုးကာ မှတ်သားနာ၍
ဝါစာပီယ ချိုမြမြနှင့်
မခါးရအောင် ကောင်းကျိုးဆောင်လို့
ဂုဏ်ရောင်သစ်ဆင်း စာနာခြင်းနှင့်
အတင်းဖယ်ခွာ မိတ်ရင်းချာနယ်
မေတ္တာရှေ့ထား ထိုနှုတ်ဖျားသည်
ပျားသကာလို ဝင့်ကြွားပို၏။

- စကားဆယ်ဖြာ
ကျွမ်းကျင်ပါက
ဘယ်မှာမိတ်ဆွေပျက်အံ့နည်း။ ။

**မင်းသူရိန်(သာကီနွယ်)**

# မင်းလှမြို့နယ် အလယ်ကုန်းကျေးရွာ၌ ဂဝံမြေလမ်းခင်းခြင်းဆောင်ရွက်နေမှုစစ်ဆေး

**မင်းလှ ဇန်နဝါရီ ၁၉**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် အလယ်ကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ဖြင့် ဂဝံမြေလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ဇန်နဝါရီ ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထွန်းနှင့် ဝန်ထမ်းများသည် အလယ်ကုန်းကျေးရွာ ဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ အလယ်ကုန်းကျေးရွာ၌ လမ်း အရှည်ပေ ၂၃၀၀၊ အကျယ် ၁၂ပေ၊ အမြင့် ခြောက်လက်မရှိ ဂဝံမြေလမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့် အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

အဆိုပါ လုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀ ဖြင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုများနှင့်အတူ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင်၂၀၂၄ ခုနှစ် ဇန်နဝါရီလပထမပတ်မှစတင် ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၃၀ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သန်းသန်းစိုး**

➤ စာမျက်နှာ ၂၄ မှအဆက်

ခဏအတွင်းတွင် အဖေ့ကို ဆေးရုံပို့ကြသည်။ အဖေ့ကို ရှေးဦးသူနာပြုနည်းများဖြင့် ကုသကြသည်။ သို့သော်လည်း-

"ဆေးရုံရောက်တာ နောက်ကျသွားတယ်။ ကျွန်တော်တို့လဲ စိတ်မကောင်းပါဘူး" ဟူသော ဆရာဝန်များ၏စကားနှင့်အတူ ကျွန်တော်တို့ဘဝ၏ အကြီးမားဆုံးသော မဟာတံတိုင်းကြီးအဖေတစ်ယောက် ကွယ်လွန်သွားခဲ့လေတော့သည်။

(၄)

အဖေမရှိတော့လေမှ အဖေ့နေရာ၊ အဖေ့တာဝန်၊ အဖေ့တန်ဖိုးများကို ကျွန်တော် ပိုပြီးသိရှိနားလည်လာရသည်။ တစ်မိသားစုလုံးအတွက် ရှာဖွေကျွေးမွေးခဲ့ရသည့်အဖေ့၏ ကျေးဇူးတရားက ကြီးမားလွန်းလှသည်။ အဖေသည် ဆန်စက်ထဲမှာ ဆန်အိတ်ထမ်းခဲ့သည်သာမက အားလပ်သည့် အချိန်များတွင် ပလတ်စတစ်ကောက်သည့် ကြားပေါက်အလုပ်ကိုလည်း လုပ်သေးသည်။ သားသမီးများ ဘဝရှေ့ရေးအတွက် မရှက်မကြောက် လုပ်ကျွေးခဲ့သည့်အဖေ့ကို ဆုံးရှုံးလိုက်ရ၍ ကျွန်တော်တို့မောင်နှမများ နှမြောတသ ယူကျုံးမရဖြစ်နေမိသည်။

"အစ်ကိုကြီး ညီမလေးကျောင်းထွက်လိုက်ရမလား"

ရုတ်တရက် ပြောလိုက်သည့် အကြီးမစကားကို တော်တော်နှင့် ကျွန်တော် ပြန်မဖြေနိုင်။ ကျောင်းသားခြောက်ယောက်၏ ဇာတိရ စရိတ်စကက ကုန်ကျသည်။ စားဝတ်နေရေးအတွက်ပူပန်နေရသည်။ သို့သော် ပညာမတတ်သည့်အခါ ပညာခေတ်ကြီးထဲ၌ သူတို့ကိုဒုက္ခမရောက်စေလိုပေ။

"ဘာဖြစ်လို့ ကျောင်းထွက်ရမှာလဲ"

"အစ်ကိုကြီးနဲ့အတူ အလုပ်လိုက်လုပ်မလို့"

"တော်စမ်း"

ကျွန်တော် အော်လိုက်မိသည်။ ညီမလေး စကားကို တွေးမိပြီး သွားလေသူအဖေ့ကို ကျွန်တော် အားနာလှသည်။ အိုကြီးအိုမဖြင့် အဖေကတောင် သည်မိသားစုတာဝန်ကို ထမ်းနိုင်ခဲ့သေးတာ။ ကျွန်တော်ကရော ဟူသည့်အတွေးဖြင့် ကိုယ့်ကိုယ်ကိုယ် ရှက်မိသည်။

"စာကိုပဲ ကြိုးစားကြ။ ကျန်တာငါ့ကို ဘာမှလာမပြောကြနဲ့။ လိုအပ်တာ ငါ့ကိုပြော။ ဒီအိမ်မှာ အဖေမရှိတော့ပေမဲ့ အစ်ကိုကြီးအဖအရာ ဆိုတဲ့ နင်တို့ရဲ့ အစ်ကိုကြီး ငါတစ်ယောက်လုံးရှိနေသေးတယ်"

ဟန်လုပ်ပြီး ပြောလိုက်ရသော်လည်း အခက်အခဲပေါင်းစုံကို ဖြေရှင်းရတော့မည့်အရေးတွေး၍ ရင်မောနေမိသည်။ လူမမည် ညီငယ်၊ ညီမငယ်များကိုတော့ ပညာရေးတစ်ပိုင်းတစ်စဖြင့် ဟိုမရောက် သည်မရောက် မဖြစ်စေချင်ပေ။ အတတ်နိုင်ဆုံး ကြိုးစားသွားရန် ဆုံးဖြတ်ထားပြီးဖြစ်သည်။ အဖေမရှိတော့လေမှ အဖေပြောနေကျစကားကို ခဏခဏကြားယောင်မိသည်။

"ငါများသာမရှိတော့ရင် မင်းတို့လေးတွေ ဘယ်လိုနေလို့ ဘယ်လိုတွေစားကြမလဲ"

"သြော်. . . အဖေရယ် အဖေပြောသလိုပါပဲ။ အဖေမရှိတော့တဲ့ နောက်ပိုင်း ကျွန်တော်တို့ဘဝက ဒုက္ခတွေ တနင့်တပိုးကြီးနဲ့ပါအဖေရယ်" ဟုသာ အဖေကြားအောင် အော်ပြောလိုက်ချင်ပါတော့သည်။

# အာရှ-ပစိဖိတ်ဒေသကို အန္တရာယ်တွင်းသို့ဆွဲခေါ်နေသော ဂျပန်နှင့်ဩစတြေးလျတို့၏လုပ်ရပ်

ဂျပန်နှင့် ဩစတြေးလျတို့သည် ၂၀၁၇ ခုနှစ် Quad လုံခြုံရေးဒိုင်ယာလော့ကို ပြန်လည်ဖော်ဆောင်ပြီးကတည်းက ကာကွယ်ရေးနှင့်လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်လာခဲ့သည်။ ၎င်းတွင် ပူးတွဲစစ်ရေးလေ့ကျင့်မှုများ၊ ဆိုက်ဘာလုံခြုံရေး ဖော်ဆောင်မှုများထိပါဝင်ပြီး ယခုအခါ ဂျပန်မီဒီယာ တစ်ခု၏ ဖော်ပြချက်အရ ဂျပန်နှင့်ဩစတြေးလျတို့သည် ၎င်းတို့၏ သက်ဆိုင်ရာနယ်မြေများတွင် တစ်ပြိုင်နက်တည်း အရေးပေါ်အခြေအနေများဖြစ်ပေါ်လျှင် ဆောင်ရွက်သင့်သည့် စစ်ရေးပူးပေါင်းမှုကို ဆွေးနွေးလျက်ရှိကြောင်း သိရသည်။ ထိုကဲ့သို့သော လုပ်ဆောင်မှုနှင့်ပတ်သက်၍ ဖြစ်ပေါ်လာနိုင်သည့်အခြေအနေကို တရုတ်နိုင်ငံ၏ ဂလိုဘယ်တိုင်းမ်သတင်းစာက ဖော်ပြခဲ့သည်။

**ပူးတွဲစစ်ရေးလေ့ကျင့်မှုများပြုလုပ်မှု**

ဂျပန်နှင့် ဩစတြေးလျနိုင်ငံတို့က နှစ်နိုင်ငံ ကာကွယ်ရေးတပ်ဖွဲ့များကြား ခေတ်မီအဆင့်မြှင့်တင်ရေးနှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုများ အကြိမ်ကြိမ် ပြုလုပ်မှုကို တိုးမြှင့်လုပ်ဆောင်ခဲ့သည်။ ဩစတြေးလျနိုင်ငံမြောက်ပိုင်းတွင် ၂၀၂၃ ခုနှစ် ဩဂုတ် ၂၁ ရက်မှ စက်တင်ဘာ ၂ ရက်ထိ ပြုလုပ်သည့် စစ်ရေးလေ့ကျင့်မှုတွင် ဂျပန်နိုင်ငံသည် ၎င်း၏ပဉ္စမမျိုးဆက် F-35 တိုက်လေယာဉ်များကို စေလွှတ်လေ့ကျင့်ခဲ့ရာ ပထမဆုံးအကြိမ်အဖြစ် ပြည်ပနိုင်ငံသို့စေလွှတ်ခြင်း ဖြစ်သည်။ ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးလေတပ်၏ မီဆာဝါရှိ အမှတ်(၃) လေတပ်စခန်းဌာနချုပ်မှ F-35A Lightning II ပူးတွဲတိုက်ခိုက်ရေးတိုက်လေယာဉ် လေးစင်းသည် သီတင်းနှစ်ပတ်ကြာ ဖြန့်ကြက်မှုကိုပြုလုပ်ခဲ့သည်။ ဂျပန်ကိုယ်ပိုင်ကာကွယ်ရေး လေတပ်၏ KC-767 ဆီသယ်လေယာဉ်၊ C-130 ဟာကျူလီလေယာဉ်နှင့် Kawasaki C-2 လေကြောင်းသယ်ယူပို့ဆောင်ရေးလေယာဉ်တို့ကလည်း လေ့ကျင့်မှုတွင်ပါဝင်သော F-35 တိုက်လေယာဉ်များကို အထောက်အပံ့ပေးခဲ့သည်။ ၂၀၂၂ ခုနှစ်အတွင်း ဩစတြေးလျနိုင်ငံတွင်ပြုလုပ်သည့် Pitch Black နိုင်ငံစုံလေကြောင်းတိုက်ခိုက်ရေးလေ့ကျင့်မှုတွင်ပါဝင်ရန် ဂျပန်လေတပ်ဖွဲ့သည် Mitshbishi F-2 တိုက်လေယာဉ် ငါးစင်းကို ဩစတြေးလျသို့ ပထမဆုံးစေလွှတ်ခဲ့သည်။

ဩစတြေးလျလေတပ်၏ F-35A တိုက်လေယာဉ်များကိုလည်း စက်တင်ဘာလအစောပိုင်းက Bushido Guardian လေ့ကျင့်မှုတွင်ပါဝင်ရန်အတွက် ဂျပန်နိုင်ငံသို့ စေလွှတ်ခဲ့သည်။ ဤလေ့ကျင့်မှုသည် နှစ်နိုင်ငံကြား ပူးတွဲလေကြောင်းတိုက်ခိုက်မှု လေ့ကျင့်ရေးလှုပ်ရှားမှုတစ်ခုဖြစ်သည်။ ဩစတြေးလျသည် ဒီဇင်ဘာလတွင်ပြုလုပ်သည့် Yama Sakura ကြည်းတပ်စစ်ဆင်ရေးလေ့ကျင့်မှုအတွက် ဂျပန်နိုင်ငံသို့ တပ်ဖွဲ့ဝင်ဦးရေ ၁၅၀ ကို စေလွှတ်ခဲ့သည်။ နှစ်နိုင်ငံ တပ်မတော်ကြား စစ်လက်နက်ပစ္စည်းများ အပြန်အလှန်အသုံးပြုနိုင်ရေး သဘောတူညီချက်တစ်ရပ် အသက်ဝင်လာပြီးနောက် စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်လာခဲ့သည်။ ဤသဘောတူညီချက်က နှစ်နိုင်ငံ ကာကွယ်ရေးတပ်ဖွဲ့များကြား ပိုမိုကျယ်ပြန့်သည့် ပူးပေါင်းဆောင်ရွက်မှုအတွက် တရားဝင်မူဘောင် တစ်ခုကို ပံ့ပိုးပေးသည်။

ဂျပန်နိုင်ငံက ၎င်းအနေဖြင့် တီထွင်ထုတ်လုပ်ဆဲဒုံးကျည်များစမ်းသပ်မှုအတွက် ကျယ်ဝန်းသည့် ဩစတြေးလျနိုင်ငံနယ်မြေအတွင်း စမ်းသပ်ခွင့်ရရေးတွင် ဩစတြေးလျနိုင်ငံက ပူးပေါင်းဆောင်ရွက်ရေးကို တောင်းဆိုထားသည်။ ဤလုပ်ဆောင်မှုသည် ၂၀၂၂ ခုနှစ် အောက်တိုဘာလအတွင်းက ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါနှင့် ဩစတြေးလျဝန်ကြီးချုပ် အန်တိုနီ အယ်လ်ဘာနီတို့ကြား လက်မှတ်ရေးထိုးခဲ့သည့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဩစတြေးလျ-ဂျပန် ပူးတွဲကြေညာချက် တစ်ဆင့်ပြီးတစ်ဆင့် လုပ်ဆောင်မှုကို ထင်ဟပ်စေသည်။ ၎င်းသည် အမေရိကန်မှ လုပ်ဆောင်ခဲ့သည့် လုံခြုံရေးအစီအစဉ်များ၏ ရလဒ် တစ်ခုလည်းဖြစ်သည်။ ဂျပန်နှင့် ဩစတြေးလျတို့သည် အမေရိကန်၏ အင်ဒို-ပစိဖိတ်မဟာဗျူဟာတွင် နယ်ရှပ်များဖြစ်လာပြီး ၎င်းမဟာဗျူဟာသည် တရုတ်ကို ထိန်းချုပ်ရန်ဖြစ်သည်။

အမေရိကန်က တပ်ဖွဲ့များဖြန့်ကြက်မှုပြုလုပ်ရန် တိုက်တွန်းပြီးနောက် နှစ်နိုင်ငံတို့သည် တရုတ်နိုင်ငံကို ထိန်းချုပ်ရေးရည်မှန်းချက်နှင့်အတူ စစ်ရေးပူးပေါင်း ဆောင်ရွက်မှုနှင့် အပြန်အလှန်ပေါင်းစပ်လုပ်ဆောင်မှုများကို ခိုင်မာအားကောင်းစေသည်။ ဒေသဆိုင်ရာ အခြေအနေနှင့်ပတ်သက်၍ ဤချဉ်းကပ်မှု၏ သက်ရောက်မှုသည် မလွဲမသွေအဖျက်အမှောင့်ဖြစ်ပြီး ထိခိုက်စေသည်။ ထို့ပြင် ဒေသတွင်းငြိမ်းချမ်းမှုကို အဆိပ်အတောက်ဖြစ်စေပြီး တင်းမာမှုကိုမြင့်တက်စေကာ အာရှ-ပစိဖိတ်ဒေသကို လုံခြုံရေးအကျပ်အတည်း သို့မဟုတ် လုံခြုံရေးညွှတ်ကွင်းသို့ တွန်းပို့ရာ ရောက်ပါသည်။

လက်ရှိအခြေအနေအရ ဩစတြေးလျနိုင်ငံတွင် တာဝေးပစ်ဒုံးကျည်စမ်းသပ်ရန် ဂျပန်နိုင်ငံ၏ ရည်ရွယ်ချက်သည် အမှန်တကယ် သတိပြုစရာကိစ္စတစ်ခု ဖြစ်သည်။ ဂျပန်နိုင်ငံသည် ပြည်တွင်း၌ မဟာဗျူဟာမြောက်နယ်မြေအကျယ်အဝန်းမရှိသကဲ့သို့ တာလတ်မှ တာဝေးပစ်ဒုံးကျည်များစမ်းသပ်မှုအတွက် အခြေအနေလည်းမရှိပေ။ ၎င်းသည် အခြေခံဥပဒေ၏ ကန့်သတ်ချက်များကို ရင်ဆိုင်ရလျက်ရှိသည်။ ဤရည်ရွယ်ချက်အတွက် ဩစတြေးလျ၏ နယ်မြေကို အသုံးပြုခြင်းသည် ဂျပန်နိုင်ငံအတွက် သံသယဖြစ်စရာ မလိုသည့် အားသာချက်ဖြစ်သည်။ ဩစတြေးလျသည် အမေရိကန်၏ ပုံမှန်မဟုတ်သည့် လှုံ့ဆော်မှုနှင့်များ ယွင်းသည့်ဦးဆောင်မှုအောက်တွင် မလုံခြုံမှုကို တိုးမြှင့်ရင်ဆိုင်နေရပြီး ကြိုတင်သတိပြုလုပ်ဆောင်ရမည့်အစား ဂျပန်နိုင်ငံ၏ အန္တရာယ်ကြီးမားသည့် လုပ်ရပ်များကို မျက်စိစုံမှိတ်၍ ထောက်ခံအားပေးလျက်ရှိသည်။ ဤအချက်သည် လွန်စွာစိတ်မကောင်းစရာဖြစ်သည်။

**❖ လက်ရှိအခြေအနေအရ ဩစတြေးလျနိုင်ငံတွင် တာဝေးပစ်ဒုံးကျည် စမ်းသပ်ရန် ဂျပန်နိုင်ငံ၏ရည်ရွယ်ချက်သည် အမှန်တကယ်သတိပြုစရာ ကိစ္စတစ်ခုဖြစ်သည်။ ဂျပန်နိုင်ငံသည် ပြည်တွင်း၌ မဟာဗျူဟာမြောက် နယ်မြေအကျယ်အဝန်းမရှိသကဲ့သို့ တာလတ်မှတာဝေးပစ်ဒုံးကျည်များ စမ်းသပ်မှုအတွက် အခြေအနေလည်းမရှိပေ။ ၎င်းသည် အခြေခံဥပဒေ၏ကန့်သတ်ချက်များကို ရင်ဆိုင်ရလျက်ရှိသည်။ ဤရည်ရွယ်ချက် အတွက် ဩစတြေးလျ၏နယ်မြေကိုအသုံးပြုခြင်းသည် ဂျပန်နိုင်ငံ အတွက် သံသယဖြစ်စရာမလိုသည့် အားသာချက်ဖြစ်သည်။ ❖**

ဤပူးပေါင်းဆောင်ရွက်မှု အမှန်တကယ်ပေါ်ပေါက်လာချိန်တွင် ထိုလုပ်ဆောင်မှုများက ဂျပန်နိုင်ငံ၏ အခြေခံဥပဒေကို အခြေခံကျကျချိုးဖောက်မှု ဖြစ်ပေလိမ့်မည်။ ဂျပန်နိုင်ငံသားအများအပြားအပါအဝင် အာရှ-ပစိဖိတ်ဒေသတွင်း ငြိမ်းချမ်းရေးချစ်မြတ်နိုးသူအများအပြားသည် ဤကဲ့သို့သောလုပ်ရပ်များကို စိုးရိမ်ပြီး ဆန့်ကျင်ကန့်ကွက်မှုများ ပြင်းပြင်းထန်ထန် လုပ်ဆောင်လိမ့်မည်ဖြစ်သည်။ အမေရိကန်-ဂျပန်-ဩစတြေးလျ ကာကွယ်ရေးဆိုင်ရာဆက်ဆံမှုသည် ကစားပွဲစည်းမျဉ်းကို ပြောင်းလဲနေသည်ဟု ဂျပန်မီဒီယာက ဖော်ပြခဲ့သည်။ သို့သော်လည်း ဂျပန်နိုင်ငံက တာဝေးပစ်ဒုံးကျည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်ချက်သည် ကစားပွဲစည်းမျဉ်း ပြောင်းလဲမှုထက် ကျော်လွန်နေသည်။

ဂျပန်နိုင်ငံသည် ဒုတိယကမ္ဘာစစ်တွင် ရှုံးနိမ့်ပြီးနောက် ငြိမ်းချမ်းရေးလိုလားသည့် အခြေခံဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး မိမိကိုယ်ကို ခုခံကာကွယ်ရေးမူဝါဒကို ကျင့်သုံးခဲ့သည်။ ထို့ပြင် ဒုတိယကမ္ဘာစစ်ကြောင့် သက်ရောက်မှုခံခဲ့ရသည့် နိုင်ငံများထံမှ အသိအမှတ်ပြုမှုနှင့် ယုံကြည်မှုလျင်မြန်စွာရရှိရေးတွင် အထောက်အကူပြုစေရန်အတွက် ငြိမ်းချမ်းသောနိုင်ငံ၏ ပုံရိပ်ကိုသတ်မှတ်ကာ ငြိမ်းချမ်းရေးလမ်းကြောင်းကို လျှောက်လှမ်းခဲ့သည်။ ဒုတိယကမ္ဘာစစ်ပြီးဆုံးပြီးနောက် ဂျပန်၏ စီးပွားရေးလျင်မြန်စွာ နာလန်ထူမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုက ဤမူဝါဒနှင့် အလွန်နီးကပ်စွာဆက်နွှယ်လျက်ရှိသည်။ သို့သော်လည်း ဂျပန်နိုင်ငံသည် ငြိမ်းချမ်းရေးလမ်းကြောင်းမှ သွေဖည်လာချိန်တွင် နိုင်ငံတကာအသိုက်အဝန်း၏ အသိအမှတ်ပြုမှုနှင့် ယုံကြည်မှုသည်၎င်းအခြေအနေကိုသတိပြုကာ သံသယတိုးပွားလာပြီး ဂျပန်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ အတားအဆီးနှင့် ကန့်သတ်မှုများဖြစ်ပေါ်လာခဲ့သည်။

တာလတ်ပစ်မှ တာဝေးပစ်ဒုံးကျည်များသည် သိသာထင်ရှားသည့် ထိုးစစ်လက်နက်များဖြစ်သည်မှာ သံသယရှိစရာမလိုပေ။ ဂျပန်နိုင်ငံသည် ၂၀၂၂ ခုနှစ် နှောင်းပိုင်းတွင် လုံခြုံရေးဆိုင်ရာ မူဝါဒသဘောထား သုံးရပ်ကို ထုတ်ပြန်ခဲ့သည်။ ၎င်းတို့က ရန်သူ၏ အခြေစိုက်စခန်းများကို တိုက်ခိုက်သည့် တာဝေးပစ် ထိုးစစ်ဒုံးကျည်များနှင့် အမေရိကန်နှင့်ပူးပေါင်း၍ ပေါင်းစပ်လေကြောင်းရန်နှင့် ဒုံးကျည်ကာကွယ်ရေးစွမ်းရည်ကဲ့သို့သောလက်နက်များအတွက် ဂျပန်နိုင်ငံ၏ ကတိကဝတ်များကို ဖော်ပြခဲ့သည်။ ၎င်းတို့ကို ကြည့်မည်ဆိုပါက ဂျပန်နိုင်ငံသည် ကြီးမားသည့် ပဋိပက္ခမဖြစ်စီ လုံခြုံရေးမူဝါဒအသစ်လမ်းကြောင်း ကာလရှည်လျှောက်လှမ်းနေမှုကို မြင်တွေ့ရသည်။

**ကာကွယ်ရေးအသုံးစရိတ်တိုးမြှင့်မှု**

ဤလမ်းသည် အန္တရာယ်ပြည့်နှက်နေရုံမက ပြည်သူနှင့် စီးပွားရေးကို ဆိုးရွားစွာထိခိုက်စေမည်ဖြစ်သည်။ ၂၀၂၄ ခုနှစ်အတွက် ဂျပန်၏ကာကွယ်ရေး အသုံးစရိတ်ကိုလည်း ၁၆ ဒသမ ၅ ရာခိုင်နှုန်းတိုးမြှင့်ထားရာ သမိုင်းဝင်စံချိန်တင်မြင့်မားမှု ဖြစ်စေသည်။ ဤကာကွယ်ရေးဘတ်ဂျက်သည် ကိုယ်ပိုင်လိုအပ်သည်ထက် လုံးလုံးလျားလျားကျော်လွန်နေသည်ဟု အဆာဟိရှီသတင်းစာက ဖော်ပြခဲ့သည်။ ကာကွယ်ရေး အသုံးစရိတ်မြင့်မားမှုက ပြည်သူလူထု၏ လူမှုဘဝနှင့် သက်ဆိုင်သည့် ငွေကြေးအရင်းအမြစ်ကို ဆုံးရှုံးစေကာ ဂျပန်နိုင်ငံသားများ၏ အသက်အိုးအိမ်များအပေါ် ဆန့်ကျင်ဘက်သက်ရောက်မှုကို ဖြစ်ပေါ်စေမည်ဖြစ်သည်။

**စစ်ရေးတည်ဆောက်မှုကိုအလေးပေးလာမှု**

ကမ္ဘာလုံးဆိုင်ရာ ပထဝီနိုင်ငံရေးတင်းမာမှုများ သိသိသာသာဖြစ်ပေါ်လာကတည်းက ဂျပန်နိုင်ငံသည် ၎င်း၏ စစ်ရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ပေးရေးဆီသို့ ပြောင်းလဲလာခဲ့သည်။ ဂျပန်၏ လုပ်ဆောင်ချက်များက ဒေသဆိုင်ရာတင်းမာခြင်း မြင့်တက်မှုကို စိုးရိမ်ဖွယ်လှုံ့ဆော်လျက်ရှိသည်ဟု အချက်အလက်များက သက်သေပြထားပြီးဖြစ်သည်။ အတိတ်ကာလအတွင်းက ဂျပန်နိုင်ငံ၏ စစ်ရေးကျူးကျော်မှုကိုခံခဲ့ရသော သားကောင်များဖြစ်သည့် ဩစတြေးလျနှင့် တောင်ပစိဖိတ်နိုင်ငံများသည် ဂျပန်နိုင်ငံ၏ စစ်ရေးရည်မှန်းချက်များ ကြီးထွားလာစေသည့်လမ်းကြောင်းတွင် ရှိမနေသင့်ပေ။

ခြုံ၍ဆိုရသော် ကမ္ဘာ့တောင်ခြမ်းတွင်ရှိသော ဩစတြေးလျနိုင်ငံသည် ပထဝီနိုင်ငံရေးဆိုင်ရာ ပဋိပက္ခများ၏ အနှောင့်အယှက်များမှ ကင်းဝေးလျက်ရှိသည်။ အခြားနိုင်ငံများမှ လက်နက်များကို ၎င်းနိုင်ငံတွင်ဖြန့်ကြက်ရန် မလိုအပ်ပေ။ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလအတွင်းက အမေရိကန်ဦးဆောင်သည့် ပင်လယ်နီညွန့်ပေါင်းအဖွဲ့သို့ စစ်ရေယာဉ် သို့မဟုတ် လေယာဉ်များစေလွှတ်ရန် ဩစတြေးလျကာကွယ်ရေးဝန်ကြီးကငြင်းဆိုခဲ့ပြီး မိမိတို့၏ မဟာဗျူဟာမြောက် အလေးသာမှုသည် မိမိတို့ဒေသသာဖြစ်သည်ဟုဆိုခဲ့သည်။ ဩစတြေးလျအနေဖြင့် ၎င်း၏ ပတ်ဝန်းကျင်ဒေသအတွက် တာဝန်ရှိသည်ဟု အမှန်တကယ်ခံစားလျှင် ငြိမ်းချမ်းရေးထိန်းသိမ်းပြီး စစ်ပွဲဖြစ်နိုင်ခြေလျော့ပါးစေသောလုပ်ရပ်များကို လုပ်ဆောင်သင့်ပြီး ဒေသတွင်းပဋိပက္ခများ ကင်းဝေးစေရေးလမ်းကြောင်းကို ဂျပန်နိုင်ငံနှင့်အတူ ပို၍လျှောက်လှမ်းသင့်ကြောင်း ဖော်ပြလိုက်ရပါသည်။

**ကိုးကား**

- **Action of Japan and Australia is bringing the Asia-Pacific into danger, Global Times, January 2024**

**နေရှား(သုတေသန)**

# ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၃၅၂၄၈ ဧက စိုက်ပျိုးပြီးစီး


ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**ကျွန်းလှ ဇန်နဝါရီ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၃၅၂၄၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြ၍ သိရသည်။

ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၃၄၈၂၄ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၅၂၄၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကျွန်းလှမြို့နယ်မှာ ဆီထွက်သီးနှံဧက ၃၄၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၅၀၀၀ ကျော် စိုက်ပျိုးပြီးပါပြီ။ ဆီထွက်သီးနှံစိုက်ပျိုးမှုကတော့ တိုးတက်မှုရှိပါတယ်။ စားသုံးဆီဖူလုံဖို့နဲ့ ဆီထွက်သီးနှံတိုးတက်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ ဆီထွက်သီးနှံကို တိုးချဲ့စိုက်ပျိုးဖို့ တစ်ဧက အထွက်နှုန်းကောင်းမွန်ဖို့ တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ကျွန်းလှမြို့နယ်တွင် ဆီထွက်သီးနှံစိုက်ပျိုးပြီးစီးမှုအနေဖြင့် မြေပဲ ၁၄၂၃၆ ဧက၊ နှမ်း ၁၄၀၃၅ ဧက၊ နေကြာ ၁၂၂၇ ဧက၊ ပန်းနှမ်း ၅၃၀၅ ဧက၊ ဆီမုန်ညင်း ၄၃၅ ဧက စုစုပေါင်း ၃၅၂၄၈ ဧကဖြစ်ကြောင်း သိရသည်။

ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ စိုက်ပျိုးရန် လျာထားမှုအနေဖြင့် မြေပဲ ၁၃၈၉၆ ဧက၊ နှမ်း ၁၄၀၃၃ ဧက၊ နေကြာ ၁၂၂၅ ဧက၊ ပန်းနှမ်း ၅၃၁၃ ဧက၊ ဆီမုန်ညင်း ၃၅၇ ဧက စုစုပေါင်း ၃၄၈၂၄ ဧကတို့ဖြစ်ကြောင်း သိရသည်။

ကျွန်းလှမြို့နယ်တွင် ဆီထွက်သီးနှံစိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး စိုက်နည်းစနစ် မှန်ကန်ရေး၊ သဘာဝမြေဩဇာ၊ ပိုးသတ်ဆေး ပြုလုပ်သုံးစွဲရေး အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၂၀၆)

# ဘားအံမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**ဘားအံ ဇန်နဝါရီ ၁၉**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မည့် ကော့ကဒါကျေးရွာအုပ်စု ဘုရားကြိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇန်နဝါရီ ၁၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်က မြစိမ်းရောင်ကျေးရွာ စီမံကိန်း၏ ရည်ရွယ်ချက်နှင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်နှင့်ဝန်ထမ်းများနှင့် တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများက အများသဘောဆန္ဒနှင့်အညီ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ဘုရားကြိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ကို ကျေးရွာတွင် အမှန်တကယ်နေထိုင်ပြီး တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်မည့် အသင်းသား၊ အသင်းသူများကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်ထံမှ သိရသည်။

**အိုအို**

# မေဝ်လမြိုင်ကျွန်းမြို့နယ်တွင် ဒေသထွက်မုန်လာဥဖြူများ အရောင်းအဝယ်ကောင်းနေ

**မော်လမြိုင်ကျွန်း ဇန်နဝါရီ ၁၉**

ဧရာဝတီတိုင်း ဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ဒေသထွက်မုန်လာဥဖြူများ အရောင်းအဝယ်ကောင်းနေကြောင်း မော်လမြိုင်ကျွန်းမြို့နယ်မှ လယ်ယာထွက်ကုန်သီးနှံရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင် ဒေါ်ရည်ရည်ဝင်းက ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ဒေသခံတောင်သူများ စိုက်ပျိုးထုတ်လုပ်သည့် မုန်လာဥဖြူများ ဇန်နဝါရီလက ထွက်ရှိပြီး အရောင်းအဝယ်ပြုလုပ်နေကြောင်း၊ အဆိုပါဒေသမှ ထွက်ရှိသည့် မုန်လာဥဖြူများ လက်ရှိတစ်ရက်လျှင် ပိဿာချိန် ၄၀၀ မှ ၁၀၀၀ ထိ အရောင်းအဝယ် ကောင်းနေကြောင်း သိရသည်။

"မော်လမြိုင်ကျွန်းမြို့နယ်ကနေ လက်ရှိမုန်လာဥဖြူတွေ ထွက်ရှိနေပါတယ်။ ထွက်ရှိလာတဲ့ မုန်လာဥဖြူတွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေးကောင်းမွန်ပါတယ်။ အခုဒေသထွက် မုန်လာဥဖြူတွေ အရောင်းအဝယ်ကောင်းနေပါတယ်။ အခု မုန်လာဥဖြူဈေးကလဲ အနည်းငယ် တက်လာပါတယ်။ ဒေသထွက် မုန်လာဥဖြူတွေအပါအဝင် ကုန်စိမ်းသီးနှံတွေကို အခြားဒေသတွေက ဝယ်ယူ အားကောင်းနေပါတယ်။ ဒေသထွက်ကုန်တွေပဲ အရောင်းအဝယ်လုပ်ရတော့ သယ်ယူရတဲ့ကိစ္စတွေ အဆင်ပြေပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ်မှ လယ်ယာထွက်ကုန်သီးနှံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရည်ရည်ဝင်းက ပြောပြသည်။



မော်လမြိုင်ကျွန်းမြို့နယ်တွင် ဒေသထွက် မုန်လာဥဖြူများ အရောင်းအဝယ်ကောင်းနေသည့်အတွက် ကုန်စိမ်းသည်များ၊ စိုက်ပျိုးထုတ်လုပ်သူများ၊ လုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းကောင်းမွန်လျက်ရှိကြောင်း၊ အဆိုပါ မုန်လာဥဖြူ ပိဿာချိန် ၁၀၀ လျှင် ငွေကျပ် ၂၀၀၀၀၀ ထိ ဈေးပေါက်နေကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# မိုင်းရှူးမြို့နယ် မော်မေ့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုင်းရှူး ဇန်နဝါရီ ၁၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရှူးခရိုင် မိုင်းရှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မော်မေ့ကျေးရွာအုပ်စု မော်မေ့ကျေးရွာ၊ နားဟိုင်းကျေးရွာ၊ ဟတ်ချေကျေးရွာတို့အတွက် နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇန်နဝါရီ ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ မော်မေ့ကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းရှူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဆွေဆွေတင့်က ကျေးရွာရှိ ရပ်မိရပ်ဖများ၊ အသင်းသား၊ အသင်းသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်း၏ အကျိုးကျေးဇူးများ၊ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မိုင်းရှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဦးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၄၁ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မော်မေ့ကျေးရွာ၊ နားဟိုင်းကျေးရွာ၊ ဟတ်ချေကျေးရွာတို့ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၄၁ သိန်း ထုတ်ချေးပေးခဲ့ကြောင်း မိုင်းရှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဦးက ပြောပြ၍ သိရသည်။

**မောင်ခိုင်**

# ညောင်ရွှေမြို့နယ် အင်းပေါခုံအလယ်ကျေးရွာ၌ စာသင်ကျောင်းဆောင်ဆောက်လုပ်နေမှု စစ်ဆေး

**ညောင်ရွှေ ဇန်နဝါရီ ၁၉**


ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အင်းပေါခုံအလယ်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် စာသင်ကျောင်းဆောင် ဆောက်လုပ်နေမှု အခြေအနေများကို ဇန်နဝါရီ ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကလောခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်း၊ ညောင်ရွှေမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်၊ ဦးစီးအရာရှိ (နည်းပညာ)ဒေါ်မြမြမွေး၊ စီမံကိန်းတာဝန်ခံ ဦးဟိန်းထက်ကျော်နှင့်ဝန်ထမ်းများက အင်းပေါခုံအလယ်ကျေးရွာ၌ စာသင်ကျောင်းဆောင် ဆောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်းက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများသတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန်နှင့်လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

အင်းပေါခုံအလယ်ကျေးရွာ၌ အလျား ပေ ၆၀၊ အနံ ပေ ၃၀၊ အမြင့် ၁၀ ပေရှိ စာသင်ကျောင်းဆောင်ဆောက်လုပ်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၉ ဒသမ ၈ သိန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာပံ့ပိုးကူညီကာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီများက ဦးဆောင်၍ ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင် ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ဒုတိယပတ်မှစ၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ညောင်ရွှေမြို့ နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်က ပြောပြ၍ သိရသည်။

**ဟိန်းထက်ခိုး(မလှိုင်)**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

# သုံးကြောင်းကဗျာ ချစ်စရာ

မန်းတင့်မော်

မြန်မာကဗျာအမျိုးအစားများစွာရှိရာတွင် အတိုဆုံးအဖွဲ့အနွဲ့တစ်ခုဖြစ်သော "သုံးကြောင်းကဗျာ"လည်း အပါအဝင်ဖြစ်သည်။ စာကြောင်းရေ သုံးကြောင်းသာ ပါဝင်သော်လည်း ခေါင်းစဉ်မှအစ အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ဆိုနိုင်သော စာသားများလည်းဖြစ်နေပြန်သည်။ စာဖတ်သူကို အတွေးဆန့်နိုင်စေသော စွမ်းအားလည်း ရှိသည်။ အမြင်ကျယ်ကျယ် ကြည့်မြင်နိုင်သောအနေအထားမျိုးလည်းဆိုနိုင်သည်။သုံးကြောင်းကဗျာများ မည်သည့်အချိန်က စတင်ခဲ့သည်ကို မသိရသေးပါ။ ကဗျာလေ့လာသူများနှင့် ပညာရှင်များက လေ့လာဖော်ထုတ်ကြမည်မှာ သေချာပါသည်။

သုံးကြောင်းကဗျာများကို ကဗျာဆရာကြီး၊ ငယ်မရွေး ရေးသားခဲ့ကြသည်။ မြန်မာ့ဂန္ထဝင်ကဗျာဆရာကြီး မင်းသုဝဏ် ရေးဖွဲ့ခဲ့သော သုံးကြောင်းကဗျာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**"မစိမ်းပင်"**

- အိပ်မက်၌ပင်
  စိမ်းရှပ်ဆင်သည်
  သခင်မုန်းနိုင်ဘိတကား။ ။

သာမန်အချစ်ကဗျာတစ်ပုဒ်ဟုဆိုနိုင်သော်လည်း လူမှုဆက်ဆံရေးနယ်ပယ်တွင်လည်း ကဗျာပါအဖြစ်မျိုး ကြုံတွေ့ရနိုင်ပါသည်။ လူတို့၏စိတ်တွင် အချစ်နှင့် အမုန်းဟူသော ဆန့်ကျင်ဘက်သဘောနှစ်ခုရှိသည်။ ထိုနှစ်ခုက လူတို့၏စိတ်တွင် အမြဲလိုက်နိုးအောင်းလျက်ရှိရာ အချစ်ကို စွဲလမ်းတတ်သကဲ့သို့ အမုန်းကိုလည်း စွဲမြဲစေတတ်သည်။ မိမိက ချစ်ရသောသူများရှိသကဲ့သို့ မိမိကို ချစ်သူများလည်းရှိသည်။ မိမိက မုန်းသူများရှိသကဲ့သို့ မိမိကို မုန်းသူများလည်းရှိသည်။ အချစ်၊ အမုန်း၊ သင်ပုန်းနှစ်ဖက်၊ ကပ်လျက်နေကြသော သဘာဝရှိရာ အချစ်များပွားလျက် အမုန်းများပါးရန် ကြိုးစားသင့်ကြပါသည်။

ဆရာမင်းသုဝဏ်၏ သုံးကြောင်းကဗျာက အစောဆုံးဖြစ်သည်ဟု ဆရာမောင်ခင်မင်(ဓနုဖြူ)က မှတ်ချက်ပြုပါသည်။ ဆရာမင်းသုဝဏ် ရေးစပ်ပြီး နောင်အနှစ် ၂၀ ခန့်ကြာမှ အခြားကဗျာဆရာများက ရေးကြသည်ဟုလည်း ဆိုပါသည်။ ဆရာမင်းသုဝဏ်၏ "သခင်"ဟူသောစကားလုံးကိုပင် ဆရာမင်းယုဝေက သုံးလျက် "ကရုဏာ"အမည်ရှိ သုံးကြောင်းကဗျာကို ရေးဖွဲ့ခဲ့ပါသေးသည်။

**"ကရုဏာ"**

- ခြာတ်ပုံထဲတွင်
  မတ်ရပ်မြင်သော်
  သခင်ညောင်းမှာ စိုးမိတကား။ ။

ဆရာမင်းယုဝေ၏ လက်ရာဖြစ်သည်။ ချစ်သူအပေါ်ထားသောစိတ်ကို ပေါ်လွင်စေသော အဖွဲ့အနွဲ့ဖြစ်သည်။ ဤနေရာတွင် တစ်ဦးကတစ်ဦးအပေါ် စာနာစိတ်၊ ညှာတာစိတ်ဟူ၍လည်း ယူနိုင်ပါလိမ့်မည်။ ကိုယ်ကျိုးအတ္တကို ရှေ့တန်းမတင်။ သူ့အကျိုးကိုသာ လိုလားကြောင်းပြဆိုသော ချစ်စရာကဗျာလေးဟု ခံစားမိပါသည်။

လူ့ဘဝသို့ရောက်ရှိလာခြင်းကို အလည်ရောက်လာသော "ဧည့်သည်"အဖြစ် တင်စားလေ့ရှိကြသည်။ ဧည့်သည်ဟူသည် အမြဲမနေ။ ခေတ္တခဏရောက်လာ၍ အချိန်တန်လျှင် ပြန်ကြရသည်သာ။ ဧည့်သည်မှာ အိမ်ရှင်မဟုတ်။ လူမှုရေးအတွက် လာကြရသည်။ စီးပွားရေးအတွက်လည်း လာနိုင်သည်။ ဧည့်သည်နှင့်စပ်လျဉ်း၍ လိုက်နာဖွယ်ရာ ယဉ်ကျေးမှုများကလည်း ဒေသအလိုက် လူမျိုးအလိုက် အမျိုးမျိုးရှိကြပြန်သည်။ ဧည့်သည်ကို ဧည့်ဝတ်ပြုကြရသည်ကလည်း လူ့ယဉ်ကျေးမှုတစ်ရပ်ဖြစ်သည်။ ဧည့်သည်ဆိုင်ရာ သုံးကြောင်းကဗျာနှစ်ပုဒ်ကိုလည်း လေ့လာမှတ်သားမိသမျှ မျှဝေလိုပါသည်။

ပထမဧည့်သည်ကဗျာမှာ ကဗျာဆရာကြီး တင်မိုး၏လက်ရာဖြစ်ပြီး လူသိများပါသည်။ အမျိုးမျိုး ခံစားတွေးခေါ်၍ ဝေဖန်မှုများသော ကဗျာတစ်ပုဒ်လည်းဖြစ်သည်။ သုံးကြောင်းကဗျာများထဲတွင် အလွန်ထင်ရှားခဲ့သော ကဗျာလည်းဖြစ်သည်။ ဆရာကြီး၏ကဗျာမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**"ဧည့်သည်ကြီး"**

- ဆေးလိပ်လည်းတို
  နေလည်းညိုပြီ
  ငါ့ကိုပြန်ပို့ကြပါလေ။ ။

ရိုးရိုးရှင်းရှင်းရေးဖွဲ့ထားပြီး အနက်အဓိပ္ပာယ်ကွယ်ဝှက်ခြင်းလည်းမရှိ။ လူတိုင်းသိသော စကားလုံးများကိုသာ ရွေးချယ်စပ်ဆိုထားသည်။ သို့သော် အတွေးနယ်ကျယ်လျှင် ကျယ်သလောက် ဖတ်ရှုသူက အတွေးဆန့်နိုင်သည်။ အရွယ်သုံးပါးစလုံး ဖတ်ကြည့်လျှင် ဆိုင်ရာဆိုင်ရာအသိအမြင်များ တိုးပွားနိုင်သေးသည်။ ဖတ်ရှုခံစားသူတချို့က ဆေးလိပ်ကို လူ့ဘဝကြီးအတွင်း လူတိုင်းနှစ်သက်ကြသော ကာမဂုဏ် အာရုံခံစားမှုများဟု မှတ်ယူကြသည်။ နေညိုချိန်ကို သက်ရွယ်ကြီးရင့်ပြီး လူ့သက်တမ်းကုန်ဆုံးလုချိန်ဟု ဖွင့်ဆိုပြန်သည်။ ဗုဒ္ဓဘာသာဝင်များ ယုံကြည်ရာ သံသရာခရီးက မဆုံးနိုင်။ ထိုခရီးကို ဆက်လျှောက်ကြရမည့်သူတစ်ဦးအနေဖြင့် သံသရာကို အပြန်တစ်ရာ လျှောက်ရဦးမည်သဘော။ ထိုခရီးကို ဆက်လျှောက်မည့်အတွက် မိသားစု၊ သူငယ်ချင်း၊ အပေါင်းအသင်းတို့က ပို့ပေးပါဟူသော တောင်းဆိုချက်ဟုလည်း ဖွင့်ဆိုကြသည်။ အခြားဘာသာဝင်များ၊ လူမျိုးများနှင့် ဘာသာစကားကွဲပြားသူများအတွက် ဘာသာပြန်ဆိုမှုနှင့် ကျယ်ပြန့်စွာဖြန့်ဝေခဲ့ပါလျှင်လည်း အယူအဆအမျိုးမျိုး ထွက်လာနိုင်ဖွယ်ရှိသော ကဗျာတစ်ပုဒ်ဟုဆိုချင်ပါသေးသည်။ ဆရာတင်မိုး၏ ကဗျာများကို ပြည်တွင်းမှာသာမက ပြည်ပနိုင်ငံများတွင်လည်း ဆိုင်ရာဘာသာပြန်များနှင့် လေ့လာအကဲဖြတ်လျက်ရှိကြောင်း ကြားသိရပါသည်။

ဆရာတင်မိုးနှင့် ခေတ်ပြိုင်လည်းဖြစ်၊ မန္တလေးတက္ကသိုလ်တွင် ပညာသင်ယူဖက် သူငယ်ချင်းလည်းဖြစ်သော မောင်ပေါက်စည်(မန်းတက္ကသိုလ်)ကလည်း "ဧည့်သည်"ခေါင်းစဉ်ဖြင့် သုံးကြောင်းကဗျာတစ်ပုဒ် ရေးဖွဲ့ခဲ့ပါသည်။ ဆရာ၏ကဗျာမှာ-

**"ဧည့်သည်"**

- လာရောက်ခိုနား
  သူပုံ့သွားသော်
  ကိုင်းများသိမ့်သိမ့်ခါသတည်း။ ။

မောင်ပေါက်စည်(မန်းတက္ကသိုလ်)ဟူ၍ဖြစ်သည်။ သာမန်ဖတ်ကြည့်လျှင် ဘာမှမဟုတ်ဟုဆိုနိုင်သည်။ သို့သော် ဖြန့်ကြက်တွေးလျှင် လူမှုဆက်ဆံရေးနယ်ပယ်ကို တွေးမိနိုင်ပါသည်။ မိဘနှင့်သားသမီး၊ ဆရာနှင့်တပည့်၊ သူငယ်ချင်းအချင်းချင်း၊ မိတ်ဆွေများနှင့်ဇနီး၊ ခင်ပွန်းအပါအဝင် ချစ်သူနှစ်ဦးထိ လူအချင်းချင်း ဆက်သွယ်ယှက်နွယ်မှုကို ပြဆိုသောကဗျာလေးဟု မှတ်ယူမိပါသည်။ ချစ်ခင်တွယ်တာမှု သံယောဇဉ်ဆိုသည်ကလည်း ကမ္ဘာဦးအစမှသည် ကမ္ဘာကြီးပျက်ပြုန်းသည့်တိုင်ရှိခဲ့၊ ရှိဆဲ၊ ရှိနေဦးမည်သာ။ ထိုသံယောဇဉ်ကိုပင် မီးဟူ၍ပမာပြုကြပါသေးသည်။ မှန်ပါသည်။ မီးနှယ်ပူသော တွယ်တာမှုများက လူမှုနယ်ပယ်တွင် ရှိနေလျက်ပင်။ ထိုမီးကို ငြိမ်းသတ်ရန်မလွယ်။ တရှိန်ရှိန်လောင်မြိုက်နေလျက်သာ။ ရယူလိုခြင်း၊ ပိုင်ဆိုင်လိုခြင်း၊ ဆုံးရှုံးမှာကို ပူပန်ရခြင်းတို့က ချားရဟတ်နှယ် မပြတ်လည်ပတ်လျက်ရှိသည်။ လိုချင်တပ်မက်မှုများက အလွန်ဝေးသောနေရာသို့ရောက်ရှိလျက် လက်လှမ်းမမီနိုင်သောအခါ သောကပိုရသည်ကလည်း သဘာဝတရားပါပေ။ သည်အချက်များကို ဆရာမောင်ပေါက်စည်(မန်းတက္ကသိုလ်)၏ သုံးကြောင်းကဗျာက မီးမောင်းထိုးပြသည်ဟု မှတ်ယူမိပါသည်။

လူတို့၏စိတ်မှာ ကျယ်ဝန်းလှပါသည်။ စိတ်အာရုံပျံ့နှံ့မှုကလည်း မြန်ဆန်လွန်းလှသည်။ စိတ်ဖြင့် ခရီးနှင်သော် အချိန်တိုအတွင်း မိုင်ပေါင်းများစွာထိလည်း ရောက်ရှိနိုင်ပါသည်။ "စိတ္တဇ"ဟူသည်စိတ်ကြောင့်ဖြစ်သော အရာဟူ၍ နာယူမှတ်သားဖူးပါသည်။ ကဗျာဆရာလည်းဖြစ်၊ အယ်ဒီတာကောင်းတစ်ယောက်အဖြစ်လည်း ထင်ရှားခဲ့ပါသော ဆရာဒေါင်းနွယ်ဆွေက "စိတ္တဇကြယ်မင်းသား"အမည်ရှိ သုံးကြောင်းကဗျာကို အောက်ပါအတိုင်း ရေးဖွဲ့ခဲ့ပါသည်။

**"စိတ္တဇကြယ်မင်းသား"**

- ငွေပင်လယ်တွင်း
  ရွှေကြယ်ဆင်းသော်
  လမင်းဘာကြောင့် မတားသနည်း။ ။

အထက်ပါကဗျာတွင် ပင်လယ်ကိုငွေနှင့် ထပ်တူပြုထားသည်။ ကြယ်ကို ရွှေနှင့်ထပ်တူပြုမှုမှာ ဆန်းနေသည်။ အများအားဖြင့် ငွေကြယ်၊ ငွေလမင်းဟူ၍ အရောင်လင်းလက်မှုကို ခိုင်းနှိုင်းလေ့ရှိသည်။ ဆရာက ရွှေနှင့်နှိုင်းသည်။ ဆရာ့ကဗျာတွင် လမင်းသည် ကြယ်များ၏အခေါင်အချုပ်ဟု ယူဆနိုင်ပါလိမ့်မည်။ မိဘသို့မဟုတ် ဆရာ သို့မဟုတ် အကြီးအမှူးဟုဆိုကြပါစို့။ မိဘရင်ခွင်မှခွဲခွာသွားသော သားသမီး၊ ဆရာ၏ဆိုဆုံးမမှုအောက်မှ သွေဖည်သွားသောတပည့်၊ အကြီးအမှူး၏စီမံခန့်ခွဲမှုကို မလိုက်နာသော လက်အောက်ငယ်သားဟူသည်များက လောကနိယာမသဖွယ်ရှိနေတတ်ပြန်သည်။ အဆိုပါအဖြစ်အပျက်မျိုးကို ကြုံရတွေ့ရစမြဲပင်။ အချို့ အချို့သောအရာများသည် တားဆီး၍မရ။ ပိတ်ပင်၍မလျော်ကန်၊ ချုပ်ထိန်း၍မပြီး။ ထိုသဘောများကို ကဗျာဆရာက မသိမဟုတ်။ သိမည်သာ။ ဖြစ်စေလိုသော စေတနာ၊ သိစေတတ်စေချင်သောမေတ္တာ၊ လိုက်နာဆောင်ရွက်စေလိုသောစိတ်တို့ကိုအခြေပြုလျက် ရေးဖွဲ့သည်ဟုသာ ထင်မြင်မိပါသည်။

ယနေ့ခေတ်အခါတွင် စာရေးသူများ ပေါများလာသည်ဟုဆိုရပါမည်။ စာအုပ်စာရွက်ပေါ် ရေးသားသူထက် တယ်လီဖုန်းဖန်သားပြင်တွင် ရေးသူက များလှပါသည်။ ရေးသားကြသော အကြောင်းအရာများကလည်း စုံမှစုံဟုဆိုရပါမည်။ ထိုစာများထဲတွင် အကောင်းအဆိုး နှစ်မျိုးရောလျက်ရှိနေပြန်သည်။ စာကောင်းပေမွန်များကို ဖတ်ရှုနိုင်စေရန် စာရေးဆရာကြီးများ၏ စာများ၊ ကဗျာများကို ပြန်လည်ဖော်ပြသဖြင့် ဖတ်ရသူများအတွက် ကျေးဇူးကြီးလှပါသည်။ အပြန်အလှန်ရေးသားကြသော စာတချို့တွင်မူ ယဉ်ကျေးဖွယ်ရာမရှိသော စာများစွာကိုလည်း တွေ့ရဖတ်ရပါသည်။ "ကောင်းစေလိုတာ ထိုစေတနာ၊ ဆိုးစေလိုတာလည်း ထိုစေတနာ"ဟူသော တေးသွားတစ်စကို သတိရဖွယ်ဖြစ်ပါသည်။ စေတနာကောင်းလျှင် ကံကောင်းသည် ဟူသောစကားကိုလည်း မှတ်သားဖူးပါသည်။ စာကိုဖတ်၍ မြတ်ကြစေရန် ရည်သန်သောစာများကိုလည်း ဖတ်ရှုကြရပါလိမ့်မည်။ ကဗျာဆရာမောင်စန်းသော်ကမူ သူ့စာ၊ သူ့ကဗျာများကို ဖတ်၍ သာဓုခေါ်ဆိုနိုင်ရန် ရေးဖွဲ့သည်ဟုဆိုပါသည်။ ကဗျာကောင်းများစွာကို ရေးဖွဲ့လျက် စာဖတ်သူ၏ဘဝလမ်းကြောင်း ကောင်းကောင်းဖြောင့်တန်းစေခဲ့သော ကဗျာဆရာကြီးလည်း ဖြစ်ပါသည်။ ဆရာမောင်စန်းသော်၏ ကဗျာလေးကို နိဂုံးချုပ်အနေဖြင့် တင်ပြလိုပါသည်။ ဆရာ၏ကဗျာမှာ-

**"သာဓုခေါ်နိုင်ကြပါစေ"**

- ရေးသမျှစာ
  ကျွန်ုပ်ကဗျာကို
  သာဓုခေါ်နိုင်ကြပါစေ။ ။

ဟူ၍ဖြစ်ပါသတည်း။

> ❖ ယနေ့ခေတ်အခါတွင် စာရေးသူများ ပေါများလာသည်ဟုဆိုရပါမည်။ စာအုပ်စာရွက်ပေါ် ရေးသားသူထက် တယ်လီဖုန်းဖန်သားပြင်တွင် ရေးသူက များလှပါသည်။ ရေးသားကြသော အကြောင်းအရာများကလည်း စုံမှစုံဟုဆိုရပါမည်။ ထိုစာများထဲတွင် အကောင်းအဆိုး နှစ်မျိုးရောလျက်ရှိနေပြန်သည်။ စာကောင်းပေမွန်များကို ဖတ်ရှုနိုင်စေရန် စာရေးဆရာကြီးများ၏ စာများ၊ ကဗျာများကို ပြန်လည်ဖော်ပြသဖြင့် ဖတ်ရသူများအတွက် ကျေးဇူးကြီးလှပါသည်။ အပြန်အလှန်ရေးသားကြသော စာတချို့တွင်မူ ယဉ်ကျေးဖွယ်ရာမရှိသော စာများစွာကိုလည်း တွေ့ရဖတ်ရပါသည်။ ❖

## မိုင်းယန်းမြို့နယ် မိုင်းလွေခေတ်မီစံပြကျေးရွာ၌ ကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်မှုစစ်ဆေး

**မိုင်းယန်း ဇန်နဝါရီ ၁၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းခရိုင် မိုင်းယန်းမြို့နယ် မိုင်းလွေခေတ်မီစံပြကျေးရွာ၌ ကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဇန်နဝါရီ ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ)ဦးကျော်သန့်ဇင်၊ မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်လင်းထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများသည် မိုင်းလွေခေတ်မီစံပြကျေးရွာ၌ ကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ လုပ်ငန်းများ အချိန်မီပြီးစီးရေး ဆောင်ရွက်ရန် မှာကြားသည်။

မိုင်းလွေခေတ်မီစံပြကျေးရွာ၌ အလျားပေ ၄၀၊ အနံ ၂၄ ပေ၊ အမြင့် ၁၂ ပေရှိ ဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းကို ခေတ်မီစံပြကျေးရွာထူထောင်ခြင်းလုပ်ငန်း စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၈၀ အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ၂၀၂၃ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၇၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**မောင်နိုင်**

# တနင်္ဂနွေနေ့ညကစားမဲ့ အမှတ်ပေးပြိုင်ပွဲတွေထဲက ကစားပုံထက်မြက်နေတဲ့ ရှက်ဖီး(ယူ)အသင်း၊ ဂျူဗင်တပ်အသင်းနဲ့ ဂျီရိုနာအသင်းတို့ကို အားပေးရမှာပါ

ML



အခုတစ်ပတ် တနင်္ဂနွေနေ့ညမှာလဲ ခြေရည်တူအသင်းပွဲစဉ်တွေသာ များနေပြီး အသင်းကြီးထိပ်တိုက်တွေ့ဆုံမှုမရှိတာကိုတွေ့ရမှာပါ။ လက်ရှိမှာ ကလပ်အသင်းအများစုဟာ အသင်းရဲ့အားနည်းချက်တွေကို ပြင်ဆင်ဖို့ အပြောင်းအရွှေ့ဈေးကွက်မှာ ငွေကြေးသုံးစွဲမှုတွေ ပြုလုပ်နေကြပေမဲ့ အဲဒီထဲက အသင်းငယ်အများစုဟာ ကစားသမားဆက်လက်ထိန်းသိမ်းဖို့သာကြိုးစားခဲ့ပြီး အသင်းကြီးတွေကသာ ကစားသမားသစ်ခေါ်ယူမှုတွေ အများအပြားရှိနေတာကို တွေ့ရမှာပါ။ ဒါကြောင့် အခုတစ်ပတ်အသင်းကြီးနဲ့ အသင်းငယ်တွေ တွေ့ဆုံချိန်မှာ ကစားသမားစုဖွဲ့မှုနဲ့ အရန်ကစားသမားအင်အားကောင်းနေတဲ့အသင်းကြီးတွေနဲ့ အိမ်ကွင်းကစားပုံထက်မြက်တဲ့ အသင်းတွေကိုသာ ဆက်လက်အားပေးရမှာဖြစ်ပါတယ်။

### ရှက်ဖီး(ယူ)အသင်းကို ရွေးချယ်ရမှာပါ

တနင်္ဂနွေနေ့ညမှာကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ် (၂၁) မှာ အကြိုက်တွေ့မိတာကတော့ ရှက်ဖီး(ယူ) နဲ့ ဝက်စ်ဟမ်းအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ရှက်ဖီး(ယူ) အသင်းဟာ နည်းပြဟက်ကင်ဘော်တန်လက်ထက်မှာ ခြေစွမ်းပိုင်းကျဆင်းခဲ့တာကြောင့် ၂၀၂၃ ဒီဇင်ဘာလအစမှာ နည်းပြခရစ်ဝိုင်ဒါကို ပြန်လည်ခန့်အပ်ခဲ့တာကို တွေ့ရမှာပါ။ အဲဒီနောက်ပိုင်းမှာတော့ သူတို့အသင်းဟာ ရလဒ်တိုးတက်မှုရှိလာခဲ့ပြီး အထူးသဖြင့် အိမ်ကွင်းပွဲစဉ်တွေမှာ ရမှတ်ရှာဖွေနိုင်ခဲ့တာဖြစ်ပါတယ်။ လက်ရှိ အမှတ်ပေးပွဲစဉ် (၂၀) အပြီးမှာတော့ နှစ်ပွဲနိုင်၊ သုံးပွဲသရေ၊ ၁၅ ပွဲရှုံးနဲ့ အဆင့်(၂၀) မှာရောက်ရှိနေပြီး တန်းဆင်းရဖို့သေချာနေပေမဲ့ အဆင့်(၁၉)က ဘန်လေ၊ အဆင့်(၁၈) က လူတန်၊ အဆင့်(၁၇) က အဲဗာတန်တို့နဲ့ ရမှတ်ကွာဟမှုကျဉ်းမြောင်းနေတာကြောင့် လာမဲ့ပွဲစဉ်တွေကို အကောင်းဆုံးကစားနိုင်မယ်ဆိုရင်တော့ ပရီးမီးယားလိဂ်မှာ ဆက်လက်ကစားခွင့်ရအုံးမှာဖြစ်ပါတယ်။ သူတို့အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့အိမ်ကွင်းပွဲစဉ်မှာ လူတန်ကို ရှုံးနိမ့်ခဲ့ပေမဲ့ ပွဲချိန်ပြည့်ဖိအားပေးနိုင်ခဲ့ပြီး ခံစစ်ကစားသမားတွေ နှစ်ကြိမ်ထိ ကိုယ့်ဂိုးကိုယ်သွင်းယူခဲ့လို့ သုံးဂိုးနှစ်ဂိုးနဲ့ ရှုံးသွားခဲ့တာကို တွေ့ရမှာပါ။ အခုပွဲစဉ်မှာတော့ အဓိက ကစားသမားခုနစ်ဦးပါဝင်နိုင်မှာ မဟုတ်ပေမဲ့ ခရစ်ဝိုင်ဒါရဲ့ နည်းစနစ်ပိုင်းကိုအကောင်းဆုံးပုံဖော်ပေးမဲ့ ကစားသမားတွေပါဝင်နိုင်မှာဖြစ်လို့ ကစားအားကျဆင်းသွားမှာ မဟုတ်ပါဘူး။

ဝက်စ်ဟမ်းအသင်းဟာ ကစားသမားစုဖွဲ့မှုကောင်းမွန်တာကြောင့် အမှတ်ပေးပွဲ (၂၀) အပြီးမှာ ရမှတ် ၃၄ မှတ်ရရှိခဲ့လို့ အဆင့်(၆)မှာ ရောက်ရှိခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ နွေရာသီမှာ ကူဒက်၊ ဝက်ပရောက်စ်၊ အယ်ဗာရက်ဇ်တို့လိုကစားသမားတွေခေါ်ယူနိုင်ခဲ့တာကြောင့် အသင်းကြီးတွေကိုတောင် ဖိအားပေးနိုင်ခဲ့တာကို တွေ့ရမှာပါ။ ဒါပေမဲ့ အဝေးကွင်းကစားပုံကတော့ တည်ငြိမ်မှုမရှိဘဲ အဝေးကွင်း ၁၀ ပွဲမှာ ရမှတ် ၁၆ မှတ်သာရခဲ့တာဖြစ်ပြီး ခံစစ်က ပေးဂိုး ၂၀ ထိရှိခဲ့တာကို သတိပြုရမှာပါ။ နည်းပြ မိုယက်စ်ရဲ့ တိုက်စစ်ပိုင်းကို ဘိုဝင်ကဦးဆောင်နေပြီး သွင်းဂိုး ၁၁ ဂိုးထိ သွင်းယူနိုင်ခဲ့တာကိုတွေ့ရမှာပါ။ ဒါပေမဲ့ တိုက်စစ်က အန်တိုနီယိုနဲ့ ကူဒက်၊ ကွင်းလယ်ကပါကွီတာတို့ဒဏ်ရာရချိန်မှာတော့ ဘိုဝင်အနေနဲ့ ကစားပုံအခက်တွေ့ခဲ့ပြီး ဂိုးရဖို့ ရုန်းကန်ခဲ့ရတာဖြစ်ပါတယ်။ အခုပွဲစဉ်မှာတော့ ကူဒက်၊ အက်ဂွါတို့ အာဖရိကဖလားပြိုင်ပွဲကစားနေသလို အန်တိုနီယို၊ ပါကွီတာ၊ မာဗရိုပန်နို့စ်တို့လဲ ဒဏ်ရာရနေတာကြောင့် ကစားအားကျဆင်းသွားနိုင်ပြီး ရှက်ဖီး(ယူ) အိမ်ကွင်းမှာ ရုန်းကန်ရနိုင်ပါတယ်။ လက်ရှိအကျော်ပေးမှုကလဲ ဝက်စ်ဟမ်းက သရေကစားနိုင်ရင် ခပ်ပါးပါးပဲရှုံးမဲ့အခြေအနေကြောင့် ခြေစွမ်းပိုင်းကောင်းမွန်နေတဲ့ ရှက်ဖီး(ယူ) အသင်းကိုပဲ ရွေးချယ်ရမှာပါ။

**ရှက်ဖီး(ယူ)အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ချဲလ်ဆီး | ၂ | - | ၀ | ရှက်ဖီး(ယူ) |
| ဆီဗီလာ | ၁ | - | ၁ | ရှက်ဖီး(ယူ) |
| ရှက်ဖီး(ယူ) | ၂ | - | ၃ | လူတန် |
| မန်စီးတီး | ၂ | - | ၀ | ရှက်ဖီး(ယူ) |
| ဂျီလင်ဟမ် | ၀ | - | ၄ | ရှက်ဖီး(ယူ) |

**ဝက်စ်ဟမ်းအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဝက်စ်ဟမ်း | ၂ | - | ၀ | မန်ယူ |
| အာဆင်နယ် | ၀ | - | ၂ | ဝက်စ်ဟမ်း |
| ဝက်စ်ဟမ်း | ၀ | - | ၀ | ဘရိုက်တန် |
| ဝက်စ်ဟမ်း | ၁ | - | ၁ | ဘရစ္စတိုး |
| ဘရစ္စတိုး | ၁ | - | ၀ | ဝက်စ်ဟမ်း |

### ဂျူဗင်တပ်အသင်း အနိုင်ရမှာပါ

အီတလီစီးရီးအေပွဲစဉ် (၂၁) မှာ အကြိုက်တွေ့မိတာကတော့ လက်ချီနဲ့ ဂျူဗင်တပ်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ လက်ချီအသင်းဟာ နောက်ဆုံးငါးပွဲဆက်မှာ တစ်ပွဲသာအနိုင်ရခဲ့ပြီး သုံးပွဲရှုံး၊ တစ်ပွဲသရေ ရလဒ်ထွက်ပေါ်ခဲ့တာကို တွေ့ရမှာပါ။ အမှတ်ပေးဇယားမှာလဲ လေးပွဲနိုင်၊ ကိုးပွဲသရေ၊ ခုနစ်ပွဲရှုံးနဲ့ ရမှတ် ၂၁ မှတ်ရခဲ့ပြီး အဆင့်(၁၃) မှာ ရောက်ရှိနေတာဖြစ်ပါတယ်။ လက်ချီဟာ အခုရာသီ တိုက်စစ်ထက်မြက်တဲ့အသင်းတွေနဲ့ဆို ရုန်းကန်ခဲ့ရပေမဲ့ နောက်ဆုံးအိမ်ကွင်းငါးပွဲမှာတော့ တစ်ပွဲနိုင်၊ သုံးပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့လို့ အိမ်ကွင်းခြေစွမ်းမာကျောတဲ့ အသင်းတွေထဲမှာ ပါဝင်နေတာဖြစ်ပါတယ်။ အခုပွဲစဉ်မှာတော့ အဓိက ကစားသမားသုံးဦးထိ အာဖရိကဖလားပြိုင်ပွဲစေလွှတ်ခဲ့ရတာကြောင့် ကစားအားကျဆင်းသွားနိုင်သလို ဂျူဗင်တပ်လိုတိုက်စစ်ကောင်းတဲ့ အသင်းကို ပွဲချိန်ပြည့်ထိန်းချုပ်ကစားဖို့တော့ မလွယ်ပါဘူး။ ဒါ့ပြင် ဂျူဗင်တပ်နဲ့ နောက်ဆုံးခုနစ်ကြိမ်တွေ့ဆုံမှုမှာလဲ ငါးပွဲနိုင်၊ နှစ်ပွဲသရေရလဒ်နဲ့ ရှုံးနိမ့်ခဲ့တာကို တွေ့ရမှာပါ။

အခုရာသီမှာ ဥရောပပြိုင်ပွဲကစားခွင့်မရတဲ့ ဂျူဗင်တပ်အနေနဲ့ အမှတ်ပေးပြိုင်ပွဲကိုသာ အာရုံစိုက်ခဲ့တာကြောင့် ပွဲစဉ် ၂၀ အပြီးမှာ ရမှတ် ၄၉ မှတ်နဲ့ အဆင့်(၂) ထိရောက်ရှိခဲ့ပြီး အဆင့်(၁) က အင်တာမီလန်နဲ့ နှစ်မှတ်သာကွာဟနေတာကို တွေ့ရမှာပါ။ သူတို့အသင်းအနေနဲ့ အခုပြိုင်ပွဲမှာ ရှုံးပွဲတစ်ပွဲသာရှိခဲ့ပြီး သူတို့ရှုံးခဲ့တာကလဲ ဆက်ဆူအိုလိုကို တိုက်စစ်ဖွင့်ကစားလို့ ရှုံးခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် နည်းပြအယ်လီဂရီဟာ နောက်ပိုင်းပွဲစဉ်တွေမှာ ဂိုးရဖို့ထက် ဂိုးမပေးရရေးကိုသတိထားခဲ့ပြီး ပြိုင်ဘက်ကိုအကောင်းဆုံးချုပ်ကပ်နိုင်ခဲ့တာကြောင့် ရလဒ်တွေကောင်းခဲ့တာကို သတိပြုရမှာပါ။ လက်ရှိအသင်းတိုက်စစ်ပိုင်းကို ဗလာဟိုဗစ်က သွင်းဂိုးကိုးဂိုးထိသွင်းယူဦးဆောင်နိုင်ခဲ့ပြီး နောက်ဆုံးအဝေးကွင်းနှစ်ပွဲဆက် ဂိုးသွင်းယူနိုင်ခဲ့တာလဲဖြစ်ပါတယ်။ အခုပွဲစဉ်မှာ အဓိကကစားသမားအားလုံးပါဝင်နိုင်မှာဖြစ်တာကြောင့် ဂျူဗင်တပ်တိုက်စစ်ပိုင်းထက်မြက်လာတာနိုင်တာကြောင့် ကစားသမားအင်အားနည်းပါးတဲ့ လက်ချီအသင်းဖိအားပေးခံရမှာသေချာနေသလို တိုက်စစ်ဖွင့်ကစားမယ်ဆိုရင်တော့ ဂိုးပြတ်ရှုံးပွဲကြုံသွားမှာဖြစ်ပါတယ်။ ဒါကြောင့် ဂျူဗင်တပ်အသင်း အနိုင်ရမှာပါ။

**လက်ချီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လက်ချီ | ၂ | - | ၁ | ဖရိုစီဝမ်း |
| အင်တာမီလန် | ၂ | - | ၀ | လက်ချီ |
| အတ္တလန်တာ | ၁ | - | ၀ | လက်ချီ |
| လက်ချီ | ၁ | - | ၁ | ကက်ဂလီယာရီ |
| လာဇီယို | ၁ | - | ၀ | လက်ချီ |

**ဂျူဗင်တပ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဂျူဗင်တပ် | ၁ | - | ၀ | ရိုးမား |
| ဂျူဗင်တပ် | ၆ | - | ၁ | ဆလာနီတာနာ |
| ဆလာနီတာနာ | ၁ | - | ၂ | ဂျူဗင်တပ် |
| ဂျူဗင်တပ် | ၄ | - | ၀ | ဖရိုစီဝမ်း |
| ဂျူဗင်တပ် | ၃ | - | ၀ | ဆက်ဆူအိုလို |

### ဂျီရိုနာအသင်းကို အားပေးရမှာပါ

တနင်္ဂနွေနေ့ညမှာကစားမဲ့ စပိန်လာလီဂါပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ ဂျီရိုနာနဲ့ ဆီဗီလာအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဂျီရိုနာအသင်းဟာ အခုနှစ်မှတန်းတက်လာခဲ့ပေမဲ့ နည်းပြရဲ့ နည်းစနစ်ပိုင်းကောင်းမွန်မှုကြောင့် အမှတ်ပေးပွဲ ၂၀ ကစားအပြီးမှာ ရှုံးပွဲတစ်ပွဲသာရှိခဲ့ပြီး ၁၅ ပွဲနိုင်၊ လေးပွဲသရေရလဒ်ထွက်ပေါ်ခဲ့တာကို တွေ့ရမှာပါ။ ဒါ့ပြင် အဆင့်(၂) က ရီးရဲလ်မက်ဒရစ်ကို တစ်ပွဲအသာ ရမှတ် တစ်မှတ်အသာနဲ့ ဦးဆောင်နိုင်ခဲ့ပြီး ဇယားထိပ်မှာရောက်ရှိနေတဲ့ ဂျီရိုနာရဲ့ ခြေစွမ်းပိုင်းကိုလျှော့တွက်မရပါဘူး။ သူတို့အသင်းနည်းပြ မစ်ချဲလ်ဟာ ပြီးခဲ့တဲ့နွေရာသီမှာ ခေါ်ယူဖြည့်တင်းခဲ့တဲ့ ကစားသမားအားလုံး ခြေစွမ်းပြနိုင်အောင် စွမ်းဆောင်နိုင်ခဲ့သလို ပြိုင်ပွဲအတွင်း ကစားပုံကလဲ အသင်းကြီးတွေကိုတောင် အခက်တွေ့စေခဲ့လို့ ရလဒ်ပိုင်းကောင်းခဲ့တာကို သတိပြုရမှာပါ။ အခုပွဲစဉ်မှာတော့ လိုပက်ဇ်၊ ဂါဇီယာတို့ကလွဲရင် အဓိက ကစားသမားအားလုံးပါဝင်နိုင်မှာဖြစ်လို့ နိုင်ပွဲဆက်အုံးမှာဖြစ်ပါတယ်။

ဆီဗီလာအသင်းဟာ ပြီးခဲ့တဲ့နွေရာသီမှာ ဂိုးသမားဘိုနိုကို ရောင်းချခဲ့တာကလွဲရင် အဓိက ကစားသမားအားလုံးကို ထိန်းသိမ်းနိုင်ခဲ့တာ တွေ့ရမှာပါ။ ဒါပေမဲ့ သူတို့အသင်းဟာ ရလဒ်ပိုင်းဆက်တိုက်ဆိုးရွားခဲ့တာကြောင့် နည်းပြမန်ဒီလီဘာ၊ နည်းပြဒီယေဂိုအလွန်ဆို၊ နည်းပြဆန်းချက်ဖလိုရက်တို့သုံးဦးထိ ပြောင်းလဲခဲ့ရတာဖြစ်ပါတယ်။ ဒါ့ပြင် အသင်းက တိုက်စစ်မှူး အန်ညက်ဆီရီ၊ ကွင်းလယ်ကစားသမားဆိုမာရီ၊ လာမီလာ၊ လူကီဘာကီယို၊ ခံစစ်ကစားအကျွနာတို့လိုကစားသမားတွေ ပါဝင်နိုင်ခြင်းမရှိတာကလဲ ဂျီရိုနာလိုတိုက်စစ်ထက်မြက်ပြီး အသင်းလိုက်ကစားအားကောင်းတဲ့အသင်းကို ယှဉ်ကစားဖို့မဖြစ်နိုင်ပါဘူး။ လက်ရှိ ဂျီရိုနာအသင်းကလဲ လူစားဝင်ကစားသမားတွေကအစ ကစားကွက်ပိုင်းမှာ အံဝင်ခွင်ကျမှုရှိနေတာကြောင့် အရန်ကစားသမားအင်အားနည်းပါးတဲ့ ဆီဗီလာအသင်း ဒုတိယပိုင်းမှာ ပေးဂိုးများသွားနိုင်လို့ ရှုံးပွဲကြုံဖို့များပါတယ်။ ဒါကြောင့် အဘက်ဘက်ကသာလွန်နေတဲ့ အိမ်ရှင်ဂျီရိုနာအသင်းကိုပဲ အားပေးရမှာဖြစ်ပါတယ်။

**ဂျီရိုနာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘက်တစ် | ၁ | - | ၁ | ဂျီရိုနာ |
| ဂျီရိုနာ | ၄ | - | ၃ | အေတီကို |
| အယ်ချီ | ၀ | - | ၂ | ဂျီရိုနာ |
| မာယော့ကာ | ၀ | - | ၀ | ဂျီရိုနာ |
| ဂျီရိုနာ | ၃ | - | ၁ | ဗယ်လ်ကာနို |

**ဆီဗီလာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အေတီကို | ၁ | - | ၀ | ဆီဗီလာ |
| ဆီဗီလာ | ၀ | - | ၂ | ဘီလ်ဘာအို |
| ဟာရိုးလ် | ၁ | - | ၂ | ဆီဗီလာ |
| ဆီဗီလာ | ၂ | - | ၃ | အလာဗက် |
| ဂီတာဖေး | ၁ | - | ၃ | ဆီဗီလာ |

# ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ**(အပျို)**ဖြစ်ရမည်။

( ခ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၃၀)ထက် မကျော်ရ။

( ဂ ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(ဃ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ မည်သည့်ဘွဲ့မဆို လျှောက်ထားနိုင်သည်။

( င ) မဟာဘွဲ့တက်ရောက်ရန် အဆင့်မီသူဦးစားပေးမည်။ မဟာဘွဲ့ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများလည်း လျှောက်ထားနိုင်သည်။

( စ ) ဘွဲ့လက်မှတ်**(မူရင်း)**နှင့် ဘွဲ့ရအမှတ်စာရင်း တင်ပြနိုင်ရမည်။

(ဆ) **၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့**တွင် အသက် ၂၅ နှစ်ထက်မကျော်လွန်စေရ။ မဟာဘွဲ့ရရှိပြီး သူများအနေဖြင့် ၂၇ နှစ်အထိလည်းကောင်း၊ ပါရဂူဘွဲ့ရရှိပြီးသူများအနေဖြင့် ၃၀ နှစ်အထိလည်းကောင်း လျှောက်ထားနိုင်သည်။

( ဇ ) ဗိုလ်လောင်းသင်တန်းတက်ရောက်အောင်မြင်ပါက ဒုတိယဗိုလ်အဆင့် စတင်ခန့်အပ်ခြင်းခံရမည်။ မဟာဘွဲ့ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများသည် ဗိုလ်အဆင့် စတင်ခန့်အပ်ခြင်းခံရမည်။

(ဈ) တပ်မတော်မှ လေ့ကျင့်သင်ကြားမှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် **အခမဲ့** ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ**(မူရင်း)**၊ ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံ တို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်းထောက်ခံချက် ပူးတွဲတင်ပြရမည်။

၄။ အစိုးရဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ခွင့်ပြုချက်ပါရှိရမည်။

၅။ လျှောက်လွှာများကို **၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့**တွင် စတင်ထုတ်ပေးမည်ဖြစ်ပြီး **ဖေဖော်ဝါရီလ ၁၈ ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် အချိန်မီပေးပို့ကြရမည်။

၆။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသောလျှောက်လွှာရှင်များသာ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တစ်ဆင့် အချိန်မီပေးပို့သွားမည်။

၇။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်တွင် ရွေးချယ်ခြင်း ခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**





# DENTOMEC

Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။

ပင်ရင်းအရောင်းဌာန - ဖုန်း- ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale -၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။

The Best Quality Tyre

အရည်အသွေးမြင့်မား တာယာ မှာ

# TRISTAR

TBB,TBR,PCR တာယာအရွယ်အစားမျိုးစုံအပြင်
ဆိုင်ကယ်တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

ပင်ရင်းအရောင်းဌာန -ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇








## သဇင်အသံလွှင့်ဌာနတွင် တာဝန်ထမ်းဆောင်ရန် ဝန်ထမ်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ကျန်းမာရေးကောင်းမွန်သူများ ဖြစ်ရမည်။

(ခ) ၂၀၂၄ ခုနှစ် မတ် ၃၁ ရက်နေ့တွင် အသက် ၃၀ နှစ်ထက်မကျော်စေရ။

(ဂ) အသံကောင်းမွန်ပြီး အနုပညာစိတ်ဝင်စားသူဖြစ်ရမည်။

(ဃ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(င) တူရိယာပစ္စည်းတစ်မျိုးမျိုးတီးခတ်နိုင်သူ (သို့မဟုတ်) အသံကောင်းမွန်သူ (သို့မဟုတ်) တိုင်းရင်းသားဘာသာစကားများထဲမှ ဘာသာစကားတစ်မျိုးမျိုး တတ်ကျွမ်းသူဖြစ်ရမည်။

၂။ အလုပ်လျှောက်လွှာများကို မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ သဇင်အသံလွှင့်ဌာနသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းနံပါတ် ၀၃၃-၆၀၁၇၀ သို့ဆက်သွယ်၍ဖြစ်စေ အခမဲ့ထုတ်ယူနိုင်ပါသည်။

၃။ အလုပ်လျှောက်လွှာနှင့်အတူ လိုအပ်သောစာရွက်စာတမ်းများကို **၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့** နောက်ဆုံးထား၍ ပေးပို့ရမည်။

၄။ အချက်အလက်ပြည့်စုံသော အလုပ်လျှောက်ထားသူများ၏ လူတွေ့အင်တာဗျူးအား **၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်နှင့် ၃၀ ရက်နေ့**များတွင် ပြုလုပ်သွားမည်ဖြစ်ပါသည်။

၅။ အသေးစိတ်သိရှိလိုပါက အမှတ်(၁)တပ်မတော်အသံလွှင့်တပ်၊ သဇင်အသံလွှင့်ဌာန၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး။ ဖုန်းနံပါတ် ၀၃၃-၆၀၁၇၀ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## ဝန်ထမ်းအလိုရှိသည်

| | | | |
|---|---|---|---|
| 1. | မန်နေဂျာ | ကျား | (1) ဦး |
| 2. | စာရင်းကိုင် | ကျား/မ | (3) ဦး |
| 3. | ကြီးကြပ် | ကျား | (3) ဦး |
| 4. | စာရေးမ | မ | (3) ဦး |
| 5. | မြို့တွင်း Driver | ကျား | (3) ဦး |

- အမှတ်စဉ် (1),(2),(3),(4) အတွက် ဘွဲ့ရဖြစ်ရမည်။
- အမှတ်စဉ်(2) အတွက် စာရင်းနှင့်ပတ်သက်သော ဘွဲ့တစ်ခုခု ရရှိပြီးသူဖြစ်ရမည်။
- အမှတ်စဉ်(5) အတွက် ယာဉ်မောင်းလိုင်စင်သက်တမ်း(3)နှစ်နှင့်အထက်ရှိရမည်။ အသောက်အစားကင်းရှင်းသူဖြစ်ရမည်။
- အမှတ်စဉ်အားလုံးအတွက် စကားအပြောအဆိုပြေပြစ်၍ ဆက်ဆံရေးကောင်းမွန်သူဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရမည်။ အလုပ်ကိုအမှန်တကယ်စိတ်ပါဝင်စားသူဖြစ်ရမည်။ စာရိတ္တကောင်းမွန်ရမည်။

စိတ်ပါဝင်စားပါက CV Form၊ ဓါတ်ပုံ(2)ပုံ၊ အိမ်ထောင်စုဇယားမိတ္တူ၊ထောက်ခံစာ၊ယာဉ်မောင်းလိုင်စင်မိတ္တူတို့နှင့်တကွ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်။ အမှတ်(14)၊ 85 လမ်း၊ 28×29လမ်းကြား၊မန္တလေးမြို့။
09-5069199 , 02-4069291

***မှတ်ချက်*** အိမ်နေ/အိမ်စားများလည်းလျှောက်ထားနိုင်ပါသည်။

## ဝန်ထမ်းအလိုရှိသည်

(1) Sales (Female) → 2 Posts

(2) Accounting (Female) → 1 Posts

လစာ → 200,000 မှ 350,000

*** အလုပ်လျှောက်ရန် ဆက်သွယ်မေးမြန်းလိုပါက ***

ဆက်သွယ်ရန်- Viber 09-962815968

Address - လမ်း 60 × 110

### ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု ကာကွယ်နိုင်ရန်

လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရှိတံခါးများကိုဖွင့်ထားပါ။



### ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



**လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ**
**လိုအပ်သည်ဟု ခံစားနေရပါက**
**သတင်းအချက်အလက်မျှဝေရာစင်တာသို့**
**ဆက်သွယ်နိုင်ပါသည်။**

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

❖ ကမ္ဘာပေါ်တွင် **Food Security** အတွက် လိုအပ်ချက်များရှိ...

❖ အဆိုပါစားနပ်ရိက္ခာလိုအပ်ချက်ကို စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် နိုင်ငံများကသာ ဖြည့်ဆည်းပေးနိုင်သဖြင့် စွမ်းအားပြည့်စိုက်ပျိုးထုတ်လုပ်နိုင်ရန်လို...

❖ အချို့နိုင်ငံများ၏ သီးထပ်စွမ်းအားမှာ ရာခိုင်နှုန်း ၃၀၀ ကျော်ခန့်ရှိသော်လည်း မိမိတို့နိုင်ငံ၏ သီးထပ်စွမ်းအားမှာ ၁၅၀ ရာခိုင်နှုန်းကျော်ခန့်သာရှိ...

❖ ထို့ကြောင့် သီးထပ်စွမ်းအားများတိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရန်လို...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၉ ရက်တွင်ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ်(၅/၂၀၂၃)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ကရင်ပြည်နယ်အတွင်းရှိ ဘုရားစေတီများမှ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များ ဖူးမြော်ကြည်ညို



**နေပြည်တော် ဇန်နဝါရီ ၁၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ကရင်ပြည်နယ် မြို့နယ်များအတွင်းရှိ ဘုရားစေတီများမှ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင် ၄၃ ဦး၊အုပ်ချုပ်သူ ငါးဦး စုစုပေါင်း ၄၈ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် လာရောက်ဖူးမြော်ကြည်ညိုကြသည်။

ဦးစွာ ရှင်းလင်းဆောင်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဘုရားကြီးတည်ထားကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့်

စာမျက်နှာ ၁၉ ကော်လံ ၁☆

မန္တလေးတိုင်းဒေသကြီးအတွင်း အသေးစားစီးပွားရေးလုပ်ငန်း ၄၇၄ ခုကို တရားဝင်လုပ်ငန်းမှတ်ပုံတင်များ ခွင့်ပြုထုတ်ပေးထား စာမျက်နှာ - ၂

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၄၉ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၄ ဒသမ ၉ သိန်း ဖမ်းဆီးရမိ စာမျက်နှာ - ၂၂

ပညာရေးစုံညီပွဲတော်များနှင့် လူငယ်များ၏ အနာဂတ်

ဆောင်းပါး စာမျက်နှာ - ၁၀

